

ချစ်သူ့ခြေရင်း ဝပ်ဝင်းခွင့်ရတဲ့ကောင်မလေး
အချစ်စစ်တို့ရဲ့
ခရီးလမ်းဟာ
သာယာဖြောင့်ဖြူးခြင်းမရှိတဲ့
တောက်
ဘယ်သူများ
ဒီလမ်းကိုဖောက်ခဲ့တာလဲ...

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၈၄၆၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၆၄၄၁၂၀၉

၂၀၁၀ ခုနှစ်၊ FEB

ထုတ်ဝေသူ - ဦးကျော်သန်း (ရဲအောင်စာပေ)
အမှတ်(၂)၊ ချွန်း (၁) လမ်း။
မင်္ဂလာတောင်ညွန့်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
(၁၇၁)၊ ၃၃ လမ်း။ ကျောက်တံတား

မျက်နှာဖုံးဒီဇိုင်း - **VANDAR**

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၂၀၀

ဖြန့်ချိရေး - မြို့တော်စာပေ
အမှတ် (၁၉၀)၊ ၃၁ - လမ်း။
ရန်ကုန်မြို့။ ဖုန်း-၇၀၄၄၉၀

အထက်မြန်မာပြည်ဖြန့်ချိရေး - နဂါးစာပေ (မန္တလေး)
ထွန်းဦးစာပေ (မန္တလေး)

၈၉၅ . ၈၃
နေခ
ချစ်သူခြေရင်းဝပ်စင်းခွင့်ရတဲ့ကောင်မလေး/နေခ ။ – ရန်ကုန် ။
ရဲအောင်စာပေ ၊ ၂၀၀၉ ။
၁၇၅ – စာ ၊ ၁၃ . ၂၁ × ၂၀ . ၈၃ စင်တီ၊
(၁) ချစ်သူခြေရင်းဝပ်စင်းခွင့်ရတဲ့ကောင်မလေး

# နေခ

ချစ်သူခြေရင်းဝပ်စင်းခွင့်ရတဲ့ကောင်မလေး

(အချစ်လုံးချင်းဝတ္ထုညာစ်)

# နေခ

ချစ်

သူ

မြေ

ရင်း

ဝပ်စင်းခွင့်

ရတဲ့

ကောင်မလေး

- - - - - - - - - - - - - - - -

ဖြန့်ချိရေး
**မြိုက်စာပေ**
အမှတ်(၁၉၀)၊ ၃၁-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၄၄၉၀

တကယ်တော့
ဘဝဆိုတာ
အရုပ်တစ်ရုပ်ပါ
ဒါပေမယ့်
ပစ်လိုက်တိုင်းထောင်တဲ့
အရုပ်တော့မဟုတ်ပါဘူး
ဘာဖြစ်လို့လည်းဆိုတော့
ဘဝမှာ
လဲကျခွင့်ရှိနေလို့ပါပဲ

## အခန်း(၁)

"ဖုန်း. . . ဖုန်း. . . ဖုန်း"

သက်ဝေတစ်ယောက် ရဲမာန်ကိုစောင့်နေတဲ့အချိန် ကားရှေ့ဘောနက်ဖုံးကို ထုလိုက်တဲ့ အသံကြောင့်လန့်ဖျန့်သွားတယ်။

"ကားကို ဘယ်သူများ လာပြီး ရန်ရှာတာလဲ"

အတွေးနဲ့အတူ လှမ်းကြည့်မိတော့ မှုန်ကုတ်ကုတ်မျက်နှာလေးနဲ့ ကလေးတစ်ယောက်လိုချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။

"ဟေ့. . . ကား အားလား"

ဘယ်လိုကောင်မလေးပါလိမ့်၊ ကားကိုများ ဘလက်တက္ကစီထင်နေလို့လား၊ ကိုယ့်ကိုကိုယ် ပြန်ငုံ့ကြည့်တော့လည်း တက္ကစီသမားနဲ့မတူပါဘူး၊ ဒီကောင်မလေး လှသလောက် လူကဲခတ် တော်တော်ညံ့တာပဲ။

"ဟေ့. . . ကား အားလားလို့ မေးနေတယ်လေ"

"အားတယ်. . . ဘာလုပ်မလို့လဲ"

"ဒါဆို. . . လှည်းတန်းမောင်း"

"ဟိုက်"

သက်ဝေ မျက်လုံးပြူးသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေးက ကားနောက်တံခါးဆွဲဖွင့်ပြီး ခပ်ရဲရဲဝင်ထိုင် လိုက်လို့ပါ။ ဘယ်လိုလေးပါလိမ့်။ ဘာကြောင့် ပတ်ဝန်းကျင် လေ့လာမှု အားနည်းရတာလဲ၊ ဝတ်ထားတဲ့ သောင်းကျော်တန် အင်္ကျီကိုမှ အားမနာ. . . သူ့ကိုများ ဘလက်တက္ကစီသမားလို့ ထင်ရက်တယ်။

ဝမ်းနည်းဖို့ ကောင်းလိုက်တာနော်။

"မောင်းလေ. . . ဘာကြောင်နေတာလဲ"

"ဟို. . ."

"လှည်းတန်းပါဆို. . . ကဲ. . . မောင်းတော့"

သက်ဝေ အရမ်းပဲ စိတ်ပျက်သွားမိတယ်။ ဒီအခြေအနေရောက်မှ ဒီကောင်မလေးကို ကားပေါ်က ပြန်နှင်ချဖို့ ဘယ်သင့်တော်မလည်း၊ အားနာဖို့ ကောင်းတာပေါ့။ ဒါကြောင့် မထူးတော့ဘူးလို့ ဆုံးဖြတ်ပြီး ကားကို စက်နှိုးကာ မောင်းထွက်လိုက်တယ်။ ဒါပေမယ့် သူ့လို သူဌေးသားတစ်ယောက်ကို ဘလတ်တက္ကစီမောင်းတဲ့လူလို့ ထင်မိတဲ့ အတွက်တော့ ရင်နာမိပါရဲ့။ ဒီလိုကောင်မလေးမျိုးတွေ ရန်ကုန်မြို့မှာ ဘယ်လောက်များ ရှိနေမလဲ၊ ကိုယ်ပိုင်ကားစီးတဲ့ မိတ်ဆွေအပေါင်းတို့ရေ. . . ခင်ဗျားတို့လည်း သတိထားကြပါ၊ ကျွန်တော် ကတော့ အားနာလို့ ကားနဲ့လူပါ ပါသွားပြီ။

"တီ"

သက်ဝေ အတွေးတွေနဲ့ ကားမောင်းလာရင်း ဟန်းဖုန်းမြည်သံကြောင့် နားထောင်လိုက်တယ်။

"သက်ဝေ. . . ငါ. . . ရဲမာန်"

"အေး. . . ပြော. . . သူငယ်ချင်း"

"စောင့်လက်စနဲ့ ခဏလေးစောင့်ပါကွာ၊ ဒီမှာ အင်တာဗျူးတဲ့ ကိစ္စမပြီးသေးလို့ပါ မင်းပျင်းရင် အပေါ်ထပ် တက်လာပါလား"

"ရတယ်. . . ရဲမာန်၊ ညနေကျမှပဲ ဆုံတော့မယ်"

"ဟင်. . . အခု မင်းမစောင့်တော့ဘူးလား"

"သွားစရာရှိလို့ ရဲမာန်"

သက်ဝေ မချိပြုံးလေး ပြုံးကာ ကောင်မလေးကို လိုက်ပို့ရမယ့် လမ်းကြောင်းကို ရည်ရွယ်ပြီး ပြောလိုက်မိတယ်။ ချက်ချင်း

လက်ငင်း ဘလက်တက္ကစီသမားဘဝ ရောက်သွားတာသိရင် ဘယ်လိုပြောမလဲ. . .

"အိုကေ. . . ဒါဆို ညနေကျမှ ဆုံမယ်"

ရဲမာန် ဖုန်းချသွားတော့ သက်ဝေလည်း ဟန်းဖုန်းကို ဒက်စဘုတ်ပေါ် ပစ်တင်လိုက်တယ်။ စိတ်ထဲမှာတော့ ထွေပြားနေပါတယ်။ နောက်ကြည့်မှန်ကတဆင့် ငြိမ်သက်နေတဲ့ ကောင်မလေးကို ကြည့်မိတော့ နှုတ်ခမ်းလေးစူပြီး ထိုင်နေတာတွေ့ရတယ်။

"လှည်းတန်း. . . ဘယ်ကို မောင်းရမလဲ"

"စံရိပ်ငြိမ်ကို"

"ကုမ္ပဏီကို ဘာလာလုပ်တာလဲ"

"အင်တာဗျူး လာဖြေတာ"

"ဘယ်လိုလဲ အခြေအနေ"

"မရလို့ စိတ်တိုနေတာပေါ့"

သက်ဝေ စိတ်မကောင်းဖြစ်သွားတယ်။

အလုပ်မရလို့ စိတ်တိုနေတာတဲ့. . .

ဒီကောင်မလေးဟာ ကလေးတစ်ယောက်လိုပါပဲ. . .

အူကြောင်ကြားနဲ့ တကယ့်ကို ချစ်စရာလေး. . .

နှုတ်ခမ်းနှစ်လွှာက ကတ္တီပါတွေအလား စွဲမက်စရာအတိ

မျက်လုံးတွေကလည်း တလက်လက်နဲ့ အရည်ကြည်လေးတွေကြောင့် တောက်ပနေတယ်၊ ဒါဟာ မျက်နှာချင်းဆိုင်တုန်းက မြင်လိုက်ရတဲ့ ကောင်မလေးရဲ့ အလှအပတစ်ချို့ပါ၊ ဒီထက် လှတာတွေလဲရှိရင် ရှိဦးမှာ၊ တော်ရုံမိန်းမတွေမှာမရှိတဲ့ အလှတရားတွေ ကိန်းဝပ်နေမှာ သေချာပါတယ်။

"ဝန်ထမ်း. . . ဘယ်နှစ်ယောက် ခေါ်တာလဲ"

"ဆယ်ယောက်"

"ဟာ. . . အများကြီးပဲ၊ အဲဒီအထဲမှာတောင် မင်းက

ပါအောင် မဖြေနိုင်ဘူးလား"

"ဩော်. . . ဖြေတဲ့လူလည်း မေးကြည့်ပါဦးလေ၊ အယောက် တစ်ရာလောက်ရှိတယ်"

"ဟာ"

သက်ဝေ လန့်ဖျန့်သွားတယ်၊ ရဲမာန်ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဒီလောက်လူတွေအများကြီး လျှောက်ရအောင် ရဲမာန်ကုမ္ပဏီက ဘယ်လောက်များ နာမည်ကြီးနေလို့လဲ. . .

"အင်တာဗျူးတဲ့လူတွေကလည်း အရမ်းကို အမေးအမြန်း ထူတာ. . . ဘာတွေမေးမှန်း မသိဘူး"

"မင်းကိုက မှားတာကွ. . . ရဲမာန်က လူတစ်ယောက်ကို အလုပ်ခန့်တော့မယ်ဆိုရင် သူလိုချင်တဲ့ အရည်အချင်းတွေပြည့်မှခန့်တာ၊ သူကိုယ်တိုင်ကလည်း ထက်မြက်တဲ့လူတစ်ယောက်ဆိုတော့ တော်ရုံအရည်အချင်းမျိုးကို အထင်ကြီးတာမဟုတ်ဘူး"

"ရှင်. . . ဘာတွေပြောနေတာလဲ၊ ရဲမာန်ဆိုတာ ဘယ်သူလဲ"

"အင်း. . . ဒါကြောင့် မင်းအလုပ်မရတာ။ ရဲမာန်ဆိုတာ မင်းအလုပ်လျှောက်ခဲ့တဲ့ ကုမ္ပဏီပိုင်ရှင်လေ"

"ကျွန်မမှ မသိတာ"

"ဘာပဲဖြစ်ဖြစ် လေ့လာသင့်တာပေါ့"

ကောင်မလေးဟာ ဝန်ခံတဲ့သဘောနဲ့ ငြိမ်သက်သွားလို့ နောက်ကြည့်မှန်ကတဆင့် အလိုမကျတဲ့ မျက်နှာလေးကို ခိုးကြည့်လိုက်ပါတယ်။ ပြီးမှ. . .

"ဒီအလုပ်က မင်းအတွက် ဘယ်လောက်အရေးကြီးလဲ"

"ရှင်က. . . သတင်းထောက်လား"

ပြန်မေးပုံက ဖောင်းကားနေတဲ့ ပါးပြင်လေးကို လိမ်ဆွဲချင်

စရာ. . .။ ဒါကို စိတ်ထဲမှာ မြှုသိပ်ပြီး. . .

"မဟုတ်ပါဘူးကွာ. . . သိချင်လို့ မေးကြည့်တာပါ"

"မမေးနဲ့. . . သိသွားရင် ရှင်စိတ်ညစ်သွားလိမ့်မယ်"

"ဒါဆို တော်တော်အရေးကြီးတယ်ပေါ့"

"ဟုတ်တယ်"

သက်ဝေ ကောင်မလေးကို သနားသွားပြီး၊ အလုပ်ရှာပေးချင်တဲ့စိတ် ပေါ်လာတယ်၊ သူမှာက ပတ်သက်ရာတွေ အများကြီးပါ၊ ဥပမာ ရဲမာန်ပေါ့ သူပြောရင် ငြင်းမှာမဟုတ်ဘူး၊

"မင်းကိုဆက်သွယ်တဲ့ ဖုန်းနံပါတ်ရှိလား"

"ရှိတယ်"

"ဒါဆို ကိုယ့်ကိုပေးပါလား"

"အို. . . မပေးနိုင်ပါဘူး"

"ဟင်. . . ဘာဖြစ်လို့"

"အဟင်း. . . ရှင်တို့ယောက်ျားတွေက ဖုန်းနံပါတ်ရရင် အီစီကလီလုပ်ဖို့လောက်ပဲ စဉ်းစားနေလို့"

သက်ဝေရင်ထဲ စပ်ဖျင်းဖျင်း ဖြစ်သွားတယ်၊ ဘယ်လိုကောင်မလေးလဲ၊ သူ့ကို ဘယ်လိုထင်နေလဲ၊ စေတနာနဲ့ ကူညီဖို့ကြိုးစားတာကိုက အမှားပါ၊ ဒါပေမယ့် သူဟာ ကောင်မလေးကိုစိတ်မဆိုးရက်ပေ၊ သူကိုယ်၌က ဒုက္ခရောက်ရင် ကူညီချင်တဲ့ဗီဇကဖျောက်လို့မှ မရတာ။

"ကဲ. . . အမိ၊ ရွှေ့မှာ စံရိပ်ငြိမ်၊ ဘယ်အထဲကို ဝင်ရမှာလဲ"

"မောင်းဦး. . . ရွှေ့လမ်းကျရင် ညာဘက်ကွေ့လိုက်ပါ"

သက်ဝေက ကောင်မလေးပြောတဲ့အတိုင်း မောင်းလိုက်တယ်၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ဆိုတဲ့ မြန်မာစကားပုံရှိပါ

တယ်၊ ဒီလိုနဲ့ အဆောင်တစ်ခုရှေ့ရောက်တဲ့အခါမှာတော့ ကောင်မလေးက ရပ်ခိုင်း လိုက်တယ်။

"ရောက်ပြီ. . . ဒီအဆောင်ပဲ၊ ဘယ်လောက်ကျသလဲ"

"ကိုယ်က တက္ကစီသမား မဟုတ်ဘူးကွ၊ မင်းကို တမင် သက်သက် စေတနာနဲ့ လိုက်ပို့ပေးတာ"

"ရှင်"

"ဘာလဲ. . . မင်းက မယုံဘူးလား"

"အံ့ဩစရာပဲနော်. . . ရှင်ဘာဖြစ်လို့ ကျွန်မကို လိုက်ပို့တာလဲ"

"မင်းက အတင်းတက်ထိုင်တာလေ၊ ကိုယ်က ဆင်းခိုင်းရမှာ အားနာလို့ပါ"

"ကျွန်မ တောင်းပန်ပါတယ်"

ဒီတစ်ခါတော့ သက်ဝေ ကောင်မလေးကို ဖျက်ခနဲ လှည့်ကြည့်လိုက်မိတယ်၊ တလက်လက်စိုပြီး တောက်ပနေတဲ့ မျက်ဝန်းတစ်စုံကို မြင်မိတဲ့အချိန်မှာတော့ တစ်ကိုယ်လုံး နုံးချိသလို ခံစားလိုက်ရတယ်။

"ရော့. . . ဘာပဲဖြစ်ဖြစ် တန်ရာတန်ကြေးတော့ ရှင်ယူပါ"

"ကိုယ် မယူချင်ပါဘူး"

"ယူပါ. . . ကျွန်မကို မိတ်ဆွေတစ်ယောက်လို သဘောထားတယ်ဆိုရင် ရှင်ယူပါ"

ဒီတစ်ခါတော့ သက်ဝေမငြင်းနိုင်တော့ပေ၊ ထို့ကြောင့် ကောင်မလေးပေးတဲ့ ပိုက်ဆံကို လှမ်းယူလိုက်မိတယ်။

"ကျေးဇူးပဲနော်"

ကောင်မလေးက ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်ပြီး

ကားတံခါးကိုဖွင့်ကာ ဆင်းသွားတယ်။

လက်ထဲမှာတော့ ကောင်မလေးစကားကို မငြင်းပယ်နိုင်လို့ ယူထားမိတဲ့ တစ်ထောင်တန်အသစ် နှစ်ရွက်က လူးလွန့်လို့-



"ဟား. . . ဟား. . . ဟား"

ရယ်သံထွက်ပေါ်လာတဲ့နေရာက စားသောက်ဆိုင်ကြီး တစ်ဆိုင်ရဲ့ အသံလုံ သီးသန့်ခန်းထဲမှာပါ၊ သာယာနာပျော်ဖွယ် ကင်းမဲ့စွာနဲ့ ရယ်မောနေသူက မင်းခန့် ရယ်မောတိုင်းသာ အသက် ရှည်မယ်ဆိုရင် မင်းခန့်လိုလူမျိုးက အနည်းဆုံး အသက်တစ်ရာ အထက် နေရာမှ သေချာတယ်။

ရယ်မောခြင်းရဲ့အကြောင်းက ဒီလို။

သက်ဝေက သူ့ကို တက္ကစီသမားလို့ထင်ပြီး လိုက်ပို့ခိုင်းတဲ့ ကောင်မလေးအကြောင်းကို ပြန်ပြောမိတာပါ၊ ရဲမာန်က ပြုံးရုံသာ ပြုံးပေမယ့် မင်းခန့်က ခနဲ့တဲ့တဲ့ လှောင်သလို၊ ပြောင်သလို ရယ် မောနေတယ်။

"ဟား. . . ဟား. . . ဟား"

"ဟော. . . ရယ်ပြန်ပြီ"

သက်ဝေလည်း သည်းခံနိုင်တဲ့အတိုင်းအတာ ကုန်ဆုံးသွား လို့ မင်းခန့်ကို မကျေမနပ်နဲ့ ကြည့်လိုက်တယ်။ တော်တော်ဆိုးတဲ့ မင်းခန့်၊ လုံးဝ ကိုယ်ချင်းမစာဘဲ ရယ်မောနေတယ်။

"ဟား. . . ဟား. . . ဟား. . . "

"ကြည့်. . . ထပ်ရယ်ပြန်ပြီ"

ဒီပုံအတိုင်းဆို ရယ်သံက ဆုံးမှာ မဟုတ်တော့ဘူး။

"ဟား. . . ဟား. . . ဟား"

"လွန်ပြီထင်တယ်ကွာ"

"ခဏလေးပါ. . . ရယ်လက်စလေးမို့ ငါဝအောင် ရယ်ပါရစေ"

"ဟား. . . ဟား. . . ဟား"

မင်းခန့် ရယ်မောနေတဲ့အချိန်မှာပဲ ရဲမာန်က ပါးစပ်ကို တစ်ရှူးစနဲ့သုတ်ကာ သက်ဝေကို လှမ်းကြည့်လိုက်တယ်။ မင်းခန့် ကတော့ ရယ်လို့ကောင်းတုန်း. . .

"သက်ဝေ"

"ဘာလဲ. . . ရဲမာန်"

"မင်းခန့်ရယ်တာကို မတားပါနဲ့ကွာ၊ သူရယ်ချင်တာ ဝအောင် ရယ်ပါစေ"

ရဲမာန်စကားကြောင့် မင်းခန့် အားတတ်သွားပြီး ထပ်မံ ရယ်မောလိုက်ပြန်တယ်။

"သက်ဝေ. . . ငါတို့ ပြန်ကြမယ်"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ငါတို့ရှိရင် မင်းခန့်ရယ်ရတာ သိပ်လွတ်ယပ်မှာ မဟုတ်ဘူးကွ၊ ဒါကြောင့် သူငယ်ချင်းကောင်း ပီသတဲ့အနေနဲ့ ပြန် ကြရအောင်"

"အိ"

မင်းခန့်ပါးစပ် စိခနဲ ပိတ်သွားတယ်၊ ဒီအခွင့်အရေးကို သက်ဝေလည်း အလွတ်မခံပေ။

"အေးကွာ. . . ငါမှားသွားတယ်။ ဆောရီးပဲမင်းခန့်၊ မင်း လွတ်လွတ်လပ်လပ်ရယ်ရအောင် ငါတို့ရှောင်ပေးမယ်"

"ဟင့်အင်း. . . မရှောင်နဲ့၊ ငါမရယ်တော့ဘူး"

"ရယ်ပါကွာ. . . မင်းပဲ ရယ်လက်စလေးမို့ ဝအောင် ရယ်ပါရစေဆို"

"ဟုတ်ပါတယ်ကွာ. ငါတို့ရှိရင်အားနာနေရလိမ့်မယ်"

“မရယ်တော့ပါဘူးဆို”

“ရယ်ပါကွာ. . . ငါတို့ကို အားမနာပါနဲ့”

“မရယ်တော့ပါဘူးဆိုမှ”

“ဟား. . . ဟား. . . ဟား. . . ”

“ဟား. . . ဟား. . . ဟား. . . ”

သက်ဝေနဲ့ ရဲမာန် ပြိုင်တူရယ်မောလိုက်ကြတယ်၊ ဝင့်ဆိုတာ နောက်သဝမကူးဆိုတာ တကယ်မှန်ပါတယ်၊ အခုပဲကြည့်လေ၊ မင်းခန့်က ရယ်မောနေတဲ့ သက်ဝေနဲ့ရဲမာန်ကိုကြည့်ကာ ကြောင်စီစီ ဖြစ်သွားတယ်။

“မင်းတို့ ဘာဖြစ်လို့ ရယ်ကြတာလဲဟင်”

မေးပုံက တကယ့်သနားစရာပါ ရဲမာန်က ပြုံးစိစိနဲ့. . .

“ဘာမှ မဖြစ်ပါဘူးကွာ”

“ဟင်. . . ဘာမှမဖြစ်ရင် မရယ်နဲ့လေ”

ရဲမာန်က နှုတ်ခမ်းကို လျှာနဲ့သပ်ကာ

“ဟ. . . ဘာမှမဖြစ်လို့ ရယ်တာပေါ့ကွ”

“ဘာမှ မဖြစ်ရင် ရယ်ရတယ်လား. . . ”

“ဒါပေါ့. . . ”

မင်းခန့်ငြိမ်ပြီး စဉ်းစားလိုက်တယ်၊ ဘာမှမဖြစ်ရင် ရယ်ရတယ်တဲ့၊ ဒါဆို သူပထမ ရယ်တုန်းက ဘာဖြစ်လို့ ရယ်တာလည်း၊ ဟုတ်ပါတယ်၊ ဘာမှမဖြစ်လို့ ရယ်တာပါ။

“ဟား. . . ဟား. . . ဟား”

မင်းခန့် ပြုံးစားကြီး ရယ်ချလိုက်ပါတယ်။

တကယ့်ကို အားပါးတရနဲ့. . .

မျက်စိကို စုံမှိတ်. . . ပါးစပ်ကြီးပြဲလို့. . .

အဲဒီအချိန်မှာပဲ ရဲမာန်နဲ့ သက်ဝေတို့ နှစ်ယောက်အခန်းထဲမှ လစ်ခနဲ ထွက်လိုက်ကြတယ်။

"ဟား. . . ဟား. . . ဟား"

မင်းခန့်ရယ်ပြီးမျက်လုံးပြန်ဖွင့်လိုက်တော့အံ့ဩသွားတယ်။

"ဟင်"

ဒီကောင်တွေ ဘယ်ရောက်သွားပါလိမ့်၊ တွေးနေတဲ့ အချိန်မှာပဲ ဝိတ်တာလေးတစ်ယောက် ဝင်လာတယ်၊ လက်ထဲမှာ တော့ ဘေစာရွက် ကလေးနဲ့. . .

"အစ်ကို ရှင်းမယ်ဆို"

"မင်းကို ဘယ်သူပြောလဲ"

"ပြန်သွားတဲ့ အစ်ကိုသူငယ်ချင်းနှစ်ယောက် ပြောခဲ့တာပါ"

"ဟာ. . . ဒီကောင်တွေ"

မင်းခန့် ချက်ချင်းပဲ သဘောပေါက်သွားတယ်၊ စားပွဲပေါ်မှာတော့ စားပြီးသား ပန်းကန်ပြားတွေက ဖရိုဖရဲနဲ့ မွစာကျဲနေတယ်၊ ဒီဝိုင်းသာ ရှင်းလိုက်ရရင် အနည်းဆုံး သုံးသောင်းအထက်ကုန်မှာ သေချာပါတယ်။ ဒါကြောင့် နောက်ဆုံးမျှော်လင့်ချက်နဲ့ ဝိတ်တာလေးကို မေးလိုက်တယ်။


"ဒီကောင်တွေ ရှင်းမသွားဘူးလား ဟင်"

ဝိတ်တာလေးက မင်းခန့်မျှော်လင့်ချက်ကို လုံးဝရှင်သန်ခွင့်မပေးပါ"

"ဟင့်အင်း ဒီနေ့ အစ်ကိုမွေးနေ့လို့ ပြောသွားတယ်"

"သေပါပြီကွာ"

အတွေးထဲမှာ ပြုံးနေတဲ့လူနှစ်ယောက်ကို လှမ်းမြင်လိုက်ပါတယ်။



"အခုလောက်ဆို မင်းခန့် အတော့်ကို ဒေါကန်နေ လောက်ပြီ"

သက်ဝေက ကားစီးနေရင်း ပြောလိုက်တော့ ကားမောင်း နေတဲ့ ရဲမာန်မျက်နှာ ပြုံးသွားတယ်။

"ငါတို့ကို ဆဲမှာသေချာတယ် ရဲမာန်"

"ဆဲ. . . ဆဲကွာ၊ ဒီလောက် ကပ်စီးကျပြီး အိပ်ထဲက ပိုက်ဆံထုတ်ရမှာ သေလောက်အောင်ကြောက်နေတဲ့လူကို တစ် ခါတစ်လေ ကျွေးဖူးတယ်ရှိအောင် ပညာပေးခဲ့တာကောင်းတယ်"

"ဟုတ်တယ်. . . ရဲမာန်၊ မင်းခန့်က ငါ့ဆို လှောင်ပြောင် ချင်တယ်"

"မင်း အဖြစ်ကလည်း တော်တော်ဆိုးပါတယ်ကွာ"

သက်ဝေ ကျေနပ်စွာနဲ့ ပြုံးလိုက်မိတယ်။ ပြီးခဲ့တဲ့ အတိတ်ရဲ့ ခြေရာကို ပြန်ကောက်ကြည့်ရင် ကောင်မလေးကို ကူညီခဲ့တာဟာ မှတ်မှတ်ထင်ထင်လေး ဖြစ်သွားပါတယ်။

"ဒီတစ်ခါထဲနဲ့ကို မင်းခန့်တော့ မှတ်သွားလောက်ပြီ သက်ဝေ"

"ဒါနဲ့အဲဒီကောင်မလေးကို ဘာဖြစ်လို့မရွေးတာလဲ"

"ဘယ်ကောင်မလေးလဲ"

"ငါလိုက်ပို့တဲ့ ကောင်မလေးရယ်"

"အဲဒီလိုပြောလို့ ငါဘယ်လိုလုပ် သိမှာလဲ၊ အလုပ်လာ လျှောက်တဲ့လူတွေက အများကြီးပဲ၊ ငါတောင် အင်တာဗျူးရင်းနဲ့ ခေါင်းမူးလာတယ်"

"ဒီလိုဆို ခေါ်ပြရမလို ဖြစ်နေတယ်"

"မင်းက ပိုင်တယ်ပေါ့"

သက်ဝေ ခဏဆွံ့အသွားတယ်၊ ပိုက်ဆံပေးရင်း တလက်လက်ထနေတဲ့ မျက်ဝန်းတစ်စုံကို ခုချိန်ထိ မြင်ယောင်နေဆဲပါ၊ ဒီကောင်မလေးဟာ ပျော့ညံ့သူတစ်ယောက်တော့ မဟုတ်လောက်ပါဘူး၊ ဝတ်စားဆင်ယင်ပုံက နွမ်းပါးရိပ်တွေ သန်းနေပေမယ့် အချောင်မယူတတ်တဲ့ စိတ်ဓာတ်ကလေးကတော့ လေးစားဖို့ကောင်းပါတယ်၊ ဟင်. . . သူဟာ ကောင်မလေးကို ဘာကြောင့် သတိရသွားသလဲ၊ အမှန်ဆို သူ့အနေနဲ့ ဒီလို ကောင်မလေးမျိုးကို မေ့မေ့ပျောက်ပျောက် ရှိသင့်ပါတယ်။ ခုတော့ သည်လိုမဟုတ်တဲ့အတွက် ကိုယ့်ကိုကိုယ် နားမလည်နိုင်အောင် ဖြစ်မိတယ်။

"အဲဒီကောင်မလေးက ဘယ်မှာနေတာလဲ၊ မင်းပြောသလိုဆိုရင် သူ့အတွက် အလုပ်တစ်ခုက အရေးအရေးကြီးနေသလိုပဲ"

"နေတာက အဆောင်မှာ၊ ငါစိတ်ထင်တော့ နယ်ကလာတာ ဖြစ်မယ်"

"သူ့ကို မင်းစိတ်ဝင်စားနေသလား သက်ဝေ"

"ဘာဖြစ်လို့ မေးတာလဲ"

"ဩော်. . . မင်းအသံတွေက မြူးကြွနေလို့ပါ"

သက်ဝေ ကိုယ့်ကိုကိုယ်တောင် သတိမထားမိပေ၊ တခဏလေးဆုံလိုက်ရပေမယ့် ခဏခဏသတိရနေတာကတော့ အမှန်ပါပဲ. . . .

ဒါဟာ ချစ်ခြင်းရဲ့ အစလား. . .

ဘာကိုမှ ကွဲကွဲပြားပြား နားမလည်တော့ပေ. . .

"လူတွေဟာ အချစ်နဲ့ ဝတ်သက်လာရင် ရဲရင့်ကြတယ်ကွ၊ တကယ်လို့များ မင်းရင်ထဲမှာ မိန်းမတစ်ယောက်ကို ချစ်မိခဲ့ရင်ရဲ

ရင့်ဖို့တော့လိုတယ်၊ ငါထင်ပါတယ်၊ မင်းမှာ သတ္တိတွေရှိနေမှာပါ"

ရဲမာန်စကားဟာ ဘာကိုဆိုလိုမှန်း တိတိကျကျ မဖော်ပြပေမယ့် ပိတ်လှောင်နေတဲ့ သူရဲ့နှလုံးသားကို ဖွင့်ဟပေးလိုက်မှန်း နားလည်လိုက်ပါတယ်။

"မင်း အဖေနဲ့ အဆင်ပြေသွားပြီလား သက်ဝေ"

"ဒီအတိုင်းပါပဲကွာ၊ ခုရက်ပိုင်းမှာ ဒေါ်ခင်မေသော်နဲ့ ပတ်သက်ပြီး ဘာအသံမှတော့မကြားရဘူး၊ ငါ့ဘက်က နားလည်စွာနဲ့ အလျှော့ပေးရမယ့် အချိန်ကို စောင့်နေတာဖြစ်မယ်"

"မင်းကရော အလျှော့ပေးမှာလား"

"လုံးဝပဲ. . . ရဲမာန်"

"မင်းလည်း တော်တော်ခေါင်းမာသားပဲ"

"အမေကို ချစ်တဲ့စိတ်ကြောင့်ပါ"

"အန်တီသာသိရင် အရမ်းဝမ်းသာမှာနော်"

သက်ဝေ မိခင်ကိုလွမ်းဆွတ်မိလိုက်တယ်၊ မမမေသာရှိရင် ခုလို သူစိတ်ဆင်းရဲရမှာ မဟုတ်ပေ။ ခုတော့. . .

"ကဲ. . . ရောက်ပြီ"

ရဲမာန်က ကားရပ်ပြီးပြောတော့မှ မီးလင်းနေတဲ့ သူ့အိမ် ရောက်မှန်းသိလိုက်ရတယ်။

"ကျေးဇူးပဲ ရဲမာန်"

"ငါ သွားမယ်"

"ဂွတ်နိုက်"

ရဲမာန် ကားလေးမောင်းထွက်သွားတော့မှ **သက်ဝေလည်း** အိမ်ထဲဝင်လာခဲ့တယ်၊ စားသောက်ဆိုင် သွားတုန်းက ရဲမာန် ကားလေးနဲ့ သုံးယောက်သွားတာပါ။ ပြန်လာတော့ နှစ်ယောက်တည်း၊ မင်းခန့် တက္ကစီ စီးနေရင်း ဘယ်လိုခံစားရမလဲ စိတ်ထဲမှာတော့ စိတ်မကောင်း ဖြစ်မိပါရဲ့။

ကောင်မလေးရယ်
အချစ်ဆိုတဲ့ချိုမြမြအရသာဟာ
နှလုံးသားထဲမှာစီးမျောနေတာသိပါရဲ့လား
ကောင်မလေးရယ်
ငါဟာ
ကဗျာမဟုတ်တဲ့ကဗျာတစ်ပုဒ်ကို
အကြိမ်ကြိမ်ရေရွတ်နေသူပါ
အပြင်မှာတော့မိုးသားများမဲမှောင်နေပါရဲ့
လျှပ်စီးအချို့ရဲ့လင်းလက်ခြင်းက
တိုက်ပွဲတစ်ခုကိုစိန်ခေါ်နေသလိုပါပဲ၊
ဒါကို
မည်သူကတားဆီးနိုင်မလဲကွယ်၊
မကြာခင်မှာ
မိုးမင်းကြီးရဲ့မျက်ရည်စက်များ
မြေပြင်ပေါ်ကိုကျရောက်တော့မည်။
အို...အသင်လောက
အသင့်ရဲ့ကံကြမ္မာတွေ
ကမ္ဘာမြေပေါ်ပစ်ချလိုက်ပါ
ကျွန်ုပ်တို့အားလုံး
ပျော်ရွှင်ခြင်းသီးချင်းတစ်ပုဒ်
ပြိုင်တူဆိုကြပါစို့။...။

အခန်း(၄)

"သား"

ဦးသက်ပိုင်ခေါ်လိုက်သံကြောင့် အပြင်ထွက်မလို့ ဟန်ပြင်လာတဲ့ သက်ဝေရဲ့ ခြေလှမ်းတွေ တိခနဲ ရပ်တန့်သွားတယ်။

"သား. . . ဘယ်သွားမလို့လဲ"

"အပြင်သွားမလို့ပါ ဖေဖေ"

"ဖေဖေကို ကုမ္ပဏီလိုက်ပို့ပေးပါလား"

"ဟုတ်ကဲ့"

"ဒါဆို သွားကြမယ်"

သက်ဝေ ဖခင်နောက်က လိုက်လာမိတယ်။ သူဟာ ဖေဖေနဲ့ အဆင်မပြေကတည်းကအိမ်ဆိုတာကို အိပ်စရာနေရာတစ်ခုလို့ သဘောထားခဲ့သူပါ။ အဓိကတော့ ခုလို ဖေဖေနဲ့ မျက်နှာချင်းမဆိုင်ချင်လို့ပဲ၊ ကိုယ့်မှာအပြစ်မရှိပေမယ့် တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ စိတ်သဘောထားချင်း မတိုက်ဆိုင်တာလေးတွေရှိနေတယ် မဟုတ်လား။

ကားဆီရောက်တော့ ဖေဖေက နောက်ခန်းမှာ ဝင်ထိုင်တယ်။ အိမ်မှာ ကားနှစ်စီးရှိတာပါ၊ သူ့ကိုလိုက်ပို့ခိုင်းတယ်ဆိုတော့ ဖေဖေ့ရဲ့နောက်ဆုံးပေါ် ကားအကောင်းစားကြီးတစ်ခုခု ဖြစ်နေပြီဆိုတာ မေးရန်ပင်မလို။

"သားကို ဖေဖေက မချစ်ဘူးထင်လား"

ဖေဖေစကားကြောင့် ကားမောင်းထွက်လာခဲ့တဲ့ သက်ဝေရင်အစုံ တုန်သွားတယ်။ ဒီစကားကို ဘာဖြစ်လို့ မေးတာလဲ။

"မိဘဆိုတာ သားသမီးတိုင်းကို ချစ်ကြပါတယ်။ သား အနေနဲ့ဖေဖေကို အထင်မမှားစေချင်ဘူး"

ဦးသက်ပိုင် ပြောရင်းစိတ်မကောင်း ဖြစ်သွားတယ်၊ သူဟာ သားကို အရမ်းချစ်ခဲ့ပါတယ်၊ တစ်ဦးတည်းသောသားဖြစ်တော့ ချစ်စရာဆိုလို့ တစ်ယောက်ထဲပဲ ရှိတာမဟုတ်လား၊ သူ အိမ်ထောင်ပြုမယ်ဆိုတာကလည်း အသက်ကြီးလာတဲ့အချိန်မှာ သား ဒုက္ခမရောက်အောင်ပါ၊ ခင်မေသော်ကို ချစ်တာလည်းပါတာပေါ့။ ဒါကို သားကနားလည်မပေးတော့ ခက်တယ်။

"သား"

"ပြောပါ ဖေဖေ၊ သား နားထောင်နေပါတယ်"

"ဖေဖေ နားချင်ပြီ သား၊ ဒါကြောင့် လုပ်ငန်းတွေ အားလုံး သားကို လွှဲပေးချင်တယ် သားဘယ်လိုသဘောရလဲ"

"သားမှ လုပ်ငန်းနားမလည်တာ ဒီအတိုင်းပဲ ဖေဖေ ဆက်လုပ်တာ ကောင်းပါတယ်"

"မဟုတ်သေးဘူး သား၊ လုပ်ငန်းဆိုတာ အတွေ့အကြုံက သင်ပေးတာ၊ သားလုပ်ရင်း နားလည်သွားမှာပေါ့၊ သားသူငယ်ချင်း ရဲမာန်တောင် လုပ်ငန်းကိုလုပ်ရင်းနဲ့ ကျွမ်းကျင်သွားတယ်မဟုတ်လား၊ ပြီးတော့ ခုဟာက သားကို ဒီအတိုင်းလွှတ်ထားမှာမှ မဟုတ်တာ၊ ကျွမ်းကျင်တဲ့ မန်နေဂျာနဲ့ တွဲပြီးလုပ်ရမှာ၊ ဖေဖေကလိုအပ်တာ ညွှန်ကြားမှာပေါ့"

"အင်းလေ. . . ဒီလောက် ဖေဖေပြောနေမှတော့ သား စဉ်းစားပါ့မယ်"

"ဖေဖေကတော့ သားကို အစစအရာရာ မျက်နှာလွှဲရတဲ့ သားတစ်ယောက်အဖြစ် မြင်ချင်တယ်"

သက်ဝေ ဘာမှမပြောဘဲ ကားကို မီးပွိုင့်မှာ ရပ်လိုက်တယ်။ ထိုအချိန်မှာပဲ လက်ပွေ့ရောင်းတဲ့ ဂျာနယ်သမားလေးက ပြေးလာပြီး

ဂျာနယ်လာရောင်းတယ်။

"အန်ကယ်. . . ဂျာနယ်"

". . . ဂျာနယ် ရှိလား"

"ဟုတ်ကဲ့"

"တစ်စောင် ပေးကွာ"

သက်ဝေလည်း ဖခင်နဲ့ဂျာနယ်သမားလေးတို့ အပြန်အလှန် ပြောနေတာကို ကြားနေရလို့ ဘာရယ်မဟုတ် လှည့်ကြည့်လိုက်တယ်၊ ဦးထုပ် အနက်လေးဆောင်းထားတဲ့ ဂျာနယ်သမားလေးကို မြင်တော့ မျက်မှောင်ကျုံ့ကာ သေချာကြည့်လိုက်ပါတယ်၊ စိတ်ထဲမှာ မြင်ဖူးသလိုပဲ. . .

ဂျာနယ်သမားလေးကလဲ ဦးသက်ပိုင်ဆီက ပိုက်ဆံယူရင်း၊ သက်ဝေကို တွေ့သွားတယ်၊ ထို့ကြောင့် နှုတ်ခမ်းနှစ်လွှာ ခပ်ဟဟလေး ပွင့်သွားပြီး အာမေဋိတ်အသံ ပေါ်လာပါတယ်။

"ဩော်. . . ရှင်ကိုး"

"ဟင်. . . မင်း"

သက်ဝေလဲ ဂျာနယ်သမားလေးကို မှတ်မိသွားပါတယ်၊ ဦးထုပ်ဆောင်းထားပေမယ့် ကလေးတစ်ယောက်လို ချစ်စရာကောင်းတဲ့ ရုပ်သွင်လေးဟာ တကယ့်ကို စွဲမက်စရာအတိပါ၊ ဒီလိုပုံစံနဲ့ မြင်လိုက်ရတဲ့ အတွက်လည်း စိတ်မကောင်းဖြစ်မိတယ်။

"မင်းက ဒီမှာ ဂျာနယ်ရောင်းတာလား"

သက်ဝေအမေးကို ကောင်မလေးက ခေါင်းညိမ့်ပြပြီး အသာ အယာလှည့်ထွက်သွားတယ်။

သက်ဝေ လှမ်းကြည့်တော့ နောက်ကကားတွေဆီ ဂျာနယ်ရောင်းနေတာ တွေ့ရတယ်။

"ဟူး"

ဒီနေရာသာ မီးပွိုင့်တစ်ခုမဟုတ်ခဲ့ရင်. . .

ဖေဖေသာ သူ့ကားပေါ် ပါမလာခဲ့ရင်. . .

ယောကျ်ားလေးယောင်ဆောင်ပြီး ဂျာနယ်ရောင်းနေတဲ့ ကောင်မလေးနဲ့ အေးအေးဆေးဆေးတွေ့ဖို့ ကြိုးစားမိမှာပါ။

ခုတော့ မီးပွိုင့်က စိမ်းသွားပြီ။

ဥပေက္ခာ ပြုခဲ့ရုံမှအပ ဘာတတ်နိုင်မှာလဲ. . .

"ဘယ်သူလဲ သား"

"အသိတစ်ယောက်ပါ ဖေဖေ"

"မရင်းနှီးရင်လဲ ပြီးတာပါပဲကွာ၊ ဘာမှမဟုတ်တဲ့ လမ်းပေါ်က လူတွေကြောင့် သားပျက်စီးသွားမှာကို ဖေဖေ စိုးရိမ်တယ်"

"ဟုတ်ကဲ့. . . သား နားလည်ပါတယ် ဖေဖေ"

ဖေဖေ ဘာမှထပ်မပြောတော့လို့ သူအသက်ရှူချောင်သွားတယ်။ နောက်ကြည့်မှန်ကနေ ကြည့်လိုက်တော့ ခေါင်းငုံ့ပြီး ဂျာနယ်ဖတ်နေတာ တွေ့ရတယ်။

ကားတွေကြားထဲမှာ ယောကျ်ားလေး တစ်ယောက်လို ပြေးလွှားပြီး ဂျာနယ်ရောင်းနေသော ကောင်မလေးတစ်ယောက်. . .

သူ့ကိုတွေ့တော့ အံ့ဩသွားသော မျက်ဝန်းတစ်စုံ. . .

သူမဘဝမှာ ဘယ်လိုအခက်အခဲများရှိနေသလဲ. . .

မင်းအတွက် ငါ. . . ရင်မောလိုက်တာ ကောင်မလေးရယ်. . .

သူ သက်ပြင်းချကာ ကြီးမားခန့်ညားတဲ့ ကုမ္ပဏီခန်းထဲသို့ ကွေ့ဝင်လိုက်တော့ လုံခြုံရေးအရာရှိတစ်ယောက်က အပြေးအလွှားရောက်လာပြီး ဖေဖေ့ကို တံခါးဖွင့်ပေးတယ်။

"ဖေဖေ သွားမယ်သား"

"အပြန်လာကြိုရမလား"

"ရတယ်သား. . . နောက်တစ်နာရီလောက်ဆို ဖေဖေ

ကားပြင်ပြီးပြီ”

"ဒါဆို သား. . . သွားတော့မယ်”

“သတိထား မောင်းဦးနော်”

သူ ခေါင်းညိမ့်ပြကာ ကားကိုအမြန်ပြန်မောင်းလာခဲ့တယ်၊ ဦးတည်တဲ့နေရာက ကောင်မလေးနဲ့ ဆုံခဲ့တဲ့ မီးပွိုင့်ဆီကိုပါ. . .

ဘယ်လိုကောင်မလေးပါသိမ့်. . .

သူမရဲ့လောကဓံကို ရင်ဆိုင်ပုံက စွန့်စားသလို ဖြစ်နေတယ်။

စတွေ့ထဲက အခုချိန်ထိ ကလေးတစ်ယောက်လို ချစ်စရာကောင်းတဲ့ အပြောအဆို အမူအယာတွေကို စွဲလမ်းနေတုန်းပါပဲ။

သူဟာ ကောင်မလေးကို ချစ်မိနေပြီလား. . .

ဘယ်တုန်းအခါကမှ မိန်းမတစ်ယောက်ကို ချစ်ဖို့ စိတ်မကူးခဲ့ သူက ကောင်မလေးနဲ့ တွေ့ပြီးနောက် ဒီလိုအတွေးမျိုး အကြိမ်ကြိမ်ပေါ်လာနေတယ်။ ဒါဆို ရဲမာန်ပြောသလို သူမှာ ရဲရင့်ဖို့ လိုပြီထင်တယ်။

မီးပွိုင့်ရောက်တော့ ကောင်မလေးကို အသည်းအသန် ရှာမိတယ်။ ဒါပေမယ့် အရိပ်အရောင်တောင် မတွေ့ရပေ။

ဘယ်များ ရောက်သွားတာလဲ ကောင်မလေးရယ်။

ငါပြန်လာမှန်းသိလို့ ရှောင်ပုန်းနေတာတော့ မဟုတ်လောက်ပါဘူးနော်။



"မင်းပြောသလိုဆိုရင် ဒီကောင်မလေးရဲ့ဘဝက အရမ်းကိုစိတ်ဝင်စားဖို့ကောင်းနေပြီ၊ နောက်ပြီး ရန်ကုန်မြို့ရဲ့မီးပွိုင့်လိုနေရာမျိုးမှာ ဂျာနယ်ရောင်းတယ်ဆိုတော့ နယ်ကမဟုတ်လောက်ဘူး"

ဒါ သက်ဝေက ကောင်မလေးနဲ့ တွေ့ဆုံပုံကိုပြောပြီးတဲ့အချိန်မှာ ရဲမာန်ဆီက ထွက်ပေါ်လာတဲ့စကားပါ။ ဒီနေ့တော့ အေးအေးဆေးဆေး စကားပြောချင်လို့ မင်းခန့်ကို ခြေရာဖျောက်ပြီး ဒီဆိုင်မှာ လာထိုင်ကြတာ၊ ဟန်းဖုန်းကိုလည်း ဆက်လို့မရအောင် ပိတ်ထားတယ်။ မခင်လို့တော့ မဟုတ်ပါဘူး၊ မင်းခန့်ပါလာရင် သူတို့စကားဝိုင်းလေးက ပျက်စီးသွားနိုင်တယ်။

"အဲဒါတွေ မသိဘူးကွာ၊ ငါသိတာက သူ့ကိုသနားတယ်၊ ပြီးတော့ ကူညီချင်တယ်"

သက်ဝေကပြောပြီး ဘီယာကို မော့သောက်လိုက်တယ်။

"ငါ နားလည်ပါတယ် သက်ဝေ. . . ဒါပေမယ့် လူတစ်ယောက်ကိုသနားပြီး ကူညီဖို့ဆိုတာ တော်တော်မလွယ်တဲ့ကိစ္စကွ၊ အခန့်မသင့်ရင် အထင်လွဲတတ်တယ်"

"ဒါဆို ဘယ်လိုလုပ်မလဲရဲမာန်"

"တစ်ခုခုကိုတော့ စဉ်းစားကြတာပေါ့ကွာ၊ အဓိကတော့ သူ့အကြောင်းမင်းသိဖို့လိုတယ်"

"ဒါကလွယ်ပါတယ်၊ အဆောင်မှာနေတော့ စုံစမ်းရင်ရမှာပေါ့"

"မင်းပြောတာတော့ မှန်ပါတယ်၊ ဒါပေမယ့်လူတစ်ယောက်အကြောင်းကို ပတ်ဝန်းကျင်မှာ စုံစမ်းပြီဆိုကတည်းက အဲဒီလူကို ပတ်ဝန်းကျင်က ဂရုစိုက်နေပြီ၊ ဒီအဖြစ်အပျက်မျိုးကို မင်းလက်ခံနိုင်မလား"

သက်ဝေ တွေဝေသွားပါတယ်၊ အဲဒီအချိန်မှာပဲ ရဲမာန်က ဘီယာကို အရသာခံသောက်ပြီး သက်ဝေကိုကြည့်နေတယ်၊ သူငယ်ချင်း တွေထဲမှာတော့ သက်ဝေဟာ စိတ်သဘောထားဖြူစင်ပြီး အရိုးသားဆုံးပဲ၊ မိခင်အပေါ် လွန်လွန်ကျူးကျူးချစ်တတ်တဲ့စိတ်ကြောင့်သာ ဒေါ်ခင်မေသော်ဆိုတဲ့အမျိုးသမီးကို မုန်းတီးနေတာပါ။ ဒါလဲသက်ဝေကို အပြစ်ပြောလို့မရပေ၊ သက်ဝေလို မိခင်ကိုချစ်တတ်တဲ့လူတိုင်း သက်ဝေနေရာမှာဆိုရင် သက်ဝေလိုပဲ ဖခင်သဘောထားကို ဆန့်ကျင်မှာပါ။

"ငါဘာလုပ်ရမလဲ ရဲမာန်"

သက်ဝေစိတ်ထဲမှာ သူ့ကြောင့်ကောင်မလေးကို ပတ်ဝန်းကျင်က တစ်မျိုးမြင်သွားမှာ စိုးရိမ်မိတယ်"

"ငါထင်တာပြောရရင်တော့ အရင်ဆုံးကောင်မလေးနဲ့ ရင်းနှီးအောင်လုပ်သင့်တယ်၊ ပြီးမှ သူ့အကြောင်းကို စုံစမ်း. . .

အဓိကတော့ စရိုက်လက္ခဏာပဲ၊ လူဆိုတာ ဘဝအတွက် တနည်းနည်းနဲ့ ရုန်းကန်နေကြရတာ၊ သနားတိုင်းသာ ကူညီရမယ်ဆိုရင် ဘာမှလုပ်ကိုင်မစားသောက်နိုင်တဲ့ သူတောင်းစား တွေကို အရင်ဆုံးကူညီသင့်တယ်၊ ငါပြောတာသဘောပေါက်လား သက်ဝေ၊ ခုဟာကမင်းနှလုံးသားမှာ သနားတာထက်ပိုတဲ့ စေတနာ တွေရှိနေတာကိုငါမြင်နေရလို့ ဒီလောက်ပြောနေတာ၊ ပွင့်ပွင့်လင်းလင်းထပ်ပြောရမယ်ဆိုရင် မင်းဟာကောင်မလေးကို ချစ်မိ နေပြီ၊ အဲဒီချစ်ခြင်းက သနားတာကစပြီး ဝုန်းခနဲပေါ် ထွက်လာတဲ့ ချစ်ခြင်းပဲ၊ ဒါကြောင့်လဲ မင်းဒီလောက်အူလှိုက်၊ သည်းလှိုက်ဖြစ်နေတာ"

"ဟာ"

သက်ဝေနှလုံးသားတွေ သိသိသာသာတုန်ရီသွားပါတယ်၊ သူ့ရဲ့ နှလုံးသားတွေဟာ ဒီလောက်ပဲ အထိန်းအကွပ်မဲ့နေသလား၊ ဝေခွဲမရတဲ့ နှလုံးသားအဖြေကို ရဲမာန်က တိတိကျကျကြီးထုတ်ဖော်ပြောလိုက်တော့ ကောင်မလေးကို ချစ်မိပြီဆိုတာနားလည်လိုက်ပါတယ်။ ဒါဟာဘယ်လို မှ မဖြစ်သင့်ပေမယ့် တကယ်ဖြစ်ပေါ်လာခဲ့ပြီ။ နာမည်တောင်မသိသေးတဲ့ မိန်းကလေးတစ်ယောက်ကို သနားတာကစပြီး ချစ်မိသွားတယ်ဆိုတော့ သူ့ရဲ့နှလုံးသားတွေအရမ်းပျော့ညံ့နေပါပြီ။

"အရင်တစ်ခေါက် မင်းရဲ့စကားကို နားထောင်ပြီးထဲက တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ငါရိပ်မိခဲ့တယ်။ ဒါကြောင့်လည်း ရဲရင့်ဖို့ ငါပြောခဲ့တာပေါ့၊ ဒါပေမယ့် မင်းသေချာစဉ်းစားပါ၊ ငါပြောတဲ့ ရဲရင့်ဖို့ဆိုတဲ့ စကားထက် အဆပေါင်းများစွာသာတဲ့ သတ္တိတွေမင်းမှာရှိသလား၊ အဲဒီ ကောင်မလေးကရော ဘယ်လောက်အထိဖြူစင်ရိုးသားနိုင်မလဲ၊ ဆင်းရဲချမ်းသာဆိုတဲ့ အပေါ်ယံအလွှာကိုခဏဖယ်ပြီး အတိဒုက္ခရောက်နေတဲ့ လူတစ်ယောက်အဖြစ် သတ်မှတ်ပြီး၊ သူ့ရဲ့ အကျင့်စာရိတ္တနဲ့နောက်ကြောင်းကို မင်းသေချာသိဖို့လိုအပ်တယ်"

"ဟင်း"

သက်ဝေ သက်ပြင်းချလိုက်ပါတယ်။ ပြီးတော့ မင်းခန့်ပြောတဲ့ စကားများကို တစ်လုံးချင်း ပြန်ကြားယောင်မိတယ်။

"အချစ်ဆိုတဲ့အရာက ထူးဆန်းတယ်ကွ၊ ငါတို့ယောကျ်ားတွေက ကားကိုယ်ပိုင်စီးနိုင်ပေမယ့် လမ်းဘေးက မိန်းမကိုကြိုက်ချင်ကြိုက်မယ်၊ မကောင်းတဲ့ မိန်းမတစ်ယောက်ကို ယူချင်ယူမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတွေဟာ အချစ်ကို ဦးစားပေးကြတယ်၊ အချစ်ကြောင့် ဖြစ်ပေါ်လာတဲ့ သာယာပျော်ရွှင် မှုကို

မက်မောတောင့်တ ကြတယ်၊ အဲ. . . မိန်းမတွေကြတော့ အဲဒီလို မဟုတ်ဘူး၊ ကားစီးနိုင်တဲ့ မိန်းမတစ်ယောက်ဟာနှလုံးသား ဆန္ဒအရ အချစ်ကိုရှာဖွေရင်းနဲ့ ကိုယ့်ထက်နိမ့်ကျတဲ့သူကို ချစ်မိပေမယ့် ဘ၀အတွက် ရွေးချယ်တဲ့အခါမှာ ကိုယ့်ထက်အဆင့်အတန်းမြင့်တဲ့ လူကိုပဲ ရွေးချယ်ကြတယ်၊ ဒါဟာ အချစ်နဲ့ပတ်သက်ပြီး ယောက်ျားနဲ့ မိန်းမကွဲလွဲတဲ့ အချက်ပဲ"

"ဟင်း"

ဒုတိယအကြိမ် သက်ဝေ သက်ပြင်းချလိုက်မိပြန်တယ်၊ ခုဆိုရင် သူလည်းပဲ မင်းခန့်ပြောတဲ့စကားအတိုင်း ဖြစ်နေပြီ၊ လမ်းပေါ်က မိန်းမ တစ်ယောက်ကို ချစ်မိလိုက်တာဟာ ထူးဆန်းအံ့သြဖွယ်ကောင်းလှပါတယ်။ အတွေးနဲ့အတူ ရဲမာန်ကို ကြည့်မိတော့ ဘီယာသောက်ပြီး အမြည်း စားနေတာ တွေ့ရတယ်။

"မင်းအလုပ်ခေါ်တုန်းက သူ့ရဲ့ ကိုယ်ရေးရာဇဝင်ဖိုင်ကို ဖတ်မကြည့်ဘူးလား၊ ကုမ္ပဏီအလုပ်ကို လာလျှောက်တယ်ဆိုတည်းကအဆောင်မှာနေပေမယ့် ခပ်ညံ့ညံ့ထဲက မဖြစ်နိုင်လောက်ပါဘူး"

"ဘာတွေပြောနေတာလဲ သက်ဝေ၊ အလုပ်လာလျှောက်တဲ့လူတွေက အများကြီးပဲကွ၊ ငါကဖတ်တယ်ပဲထားဦး၊ ဘယ်လိုလုပ်မှတ်မိမလဲ၊ မင်းကို ငါပြောနေတာတွေဟာ အဆောင်နေလို့ အထင်သေးပြီး ပြောနေတာမဟုတ်ဘူး၊ အရင်ထဲက မင်းရင်ထဲမှာ အချစ်ဆိုတာဖြစ်ပေါ်လာခဲ့ရင် ရဲရင့်ဖို့တောင် ငါပြောခဲ့သေးတာပဲ၊ ဒါပေမယ့်ကွာ ခုခေတ်က ဘယ်သူ့ကိုမှ ယုံရတာမဟုတ်ဘူး၊ ဆင်းရဲရင်ချမ်းသာအောင် ကြိုးစားလို့ရတယ်၊ ရုပ်မလှရင် လှအောင် ပြုပြင်လို့ရတယ်၊ အဓိက ကိုယ်ကျင့်တရားပဲ၊ ဘယ်လောက်ပဲ ချမ်းသာပါစေ၊ ကိုယ်ကျင့်တရားဖောက်ပြန်တဲ့ မိန်းမမျိုးဟာ ရွှေဘုံပေါ်ကနေ မစင်တွင်းထဲခုန်ချဖို့ ဝန်မလေးကြဘူး၊ ဒါဟာ

ဘုရားဟောတဲ့ ဇာတ်တော်ထဲမှာ အတိအလင်းရှိတယ်။ တကယ်လို့ အဲဒီလို မိန်းကလေးမျိုးနဲ့ကြုံလာမယ်ဆိုရင် မင်းရဲ့နှလုံးသားကို စတေးပစ်လိုက်ပါ၊ အဲဒီအတွက်မင်းဟာ ရဲရင့်ပြတ်သားဖို့ လိုတယ်”

ခုမှ ရဲမာန်ပြောတဲ့စကားကို သဘောပေါက်လိုက်တယ်၊ ဟုတ်ပါတယ်. . . လောကမှာ ကိုယ်ကျင့်တရားသာလျှင်တန်ဖိုး အရှိဆုံးအရာပါ၊ အချို့ဟာ ပစ္စည်းဥစ္စာ၊ ချမ်းသာကြွယ်ဝပေမယ့် ကိုယ်ကျင့်တရားကင်းမဲ့ကြတယ်၊ ဂုဏ်ဓနေ၊ အဆောင်အယောင် တွေကိုအားကိုးပြီး အချစ်ဆိုတာကို ကစားစရာတစ်ခုလို သဘော ထားနေတဲ့ မိန်းကလေးတွေ အများကြီးပဲ၊ အချို့ကြတော့ ပစ္စည်း ဥစ္စာမဲ့လို့ ငွေနောက်လိုက်ရင်း ကိုယ်ကျင့်တရား ပျက်စီးကြတယ်၊ ကိုယ့်ရဲ့ခန္ဓာကိုယ် ကိုယ်ကျင့်တရားသာမက၊ ပတ်ဝန်းကျင် လူထု ကိုလဲ ဖျက်ဆီးဖို့ ဆွဲဆောင်ကြတယ်။ ဥပမာပဲကြည့်၊ လူကုန်ကူးခြင်း ပြဿနာက ကမ္ဘာနဲ့တဝှန်းပေါ် ပေါက်နေတယ်။ ပြီးတော့ ထောင် တွေကိုလည်း တိုးချဲ့ဆောက်လုပ်နေရတယ်။

သူကတော့ ကောင်မလေးကို ရိုးသားစွာ ချစ်မိပါတယ်။

သူ့ကြောင့် ကောင်မလေးဘဝ အရောင်လက်စေချင် ပါတယ်။

တန်ခိုးရှင်တစ်ယောက် မဟုတ်ပေမယ့် အတတ်နိုင်ဆုံး ဖေးမ ကူညီချင်ပါတယ်။

အဲဒီအတွက် ကောင်မလေးရဲ့ ကိုယ်ကျင့်တရားဟာ ဘယ် လောက် အထိ ဖြူစင်သန့်ရှင်းနေပါသလဲ. . .

ဒါဟာ အရေးကြီးဆုံးအချက်ပါ. . .

ကောင်မလေးရယ်
လောကမံကိုရင်ဆိုင်
ငွေနောက်ကိုလိုက်ရင်း
မင်လေးဘဝ
မပျက်စီးပါစေနဲ့ကွယ်
မင်းကိုချစ်တဲ့ချစ်ခြင်းတွေကြောင့်
ငါ့ရဲ့ဆုတောင်း
ပြည့်ပါစေသား။

"အဲဒီတော့ ငါပြောတဲ့အတိုင်း သူ့အကြောင်းကို အရင်စုံစမ်းပါ၊ သူ့အကြောင်းသိလာပြီဆိုရင် ဘာဆက်လုပ်ရမလဲ ဆိုတာ ထပ်စဉ်းစားကြမယ်၊ လောလောဆယ်တော့ မင်းရင်ထဲက အချစ်တွေကို ထုတ်ဖော်မပြနဲ့ဦး၊ ချစ်တယ်လို့ ပြောတာလွယ်တယ်ကွ၊ ပြောပြီးတဲ့ စကားကို ပြန်ရုတ်သိမ်းဖို့သာ ခက်တာ၊ စကားကျွံရင် နှုတ်မရဆိုတာ ကြားဖူးတယ် မဟုတ်လား"

သူ လေးလံစွာနဲ့ ခေါင်းညိမ့်ပြလိုက်တယ်။

ကောင်မလေးရယ်
ငါဟာ
စစ်မရောက်ခင်
မြှားကုန်နေတာ
မဟုတ်ပါဘူးကွယ်
ဒါကိုတော့
မင်းလေးတစ်ယောက်
နားလည်နိုင်ပါစေ။

"သွားကြမယ်. . . သက်ဝေ၊ အချိန်လင့်ပြီ"

သက်ဝေက ဝိတ်တာလေးကို လှမ်းခေါ်ပြီး စားသောက်ထားသမျှ ရှင်းလိုက်တယ်၊ သူတို့နှစ်ယောက် ဆိုင်အပြင်ကိုရောက်တော့ အမှောင်ထုက အစပျိုးနေပြီ။

သက်ဝေအတွက်တော့ ဒီညနေဟာ ရင်ခုန်စွာနဲ့ ကုန်ဆုံးသွားတဲ့ နေ့လေးပါ. . .



ကောင်မလေးရယ်၊
မင်းရဲ့ဘဝထာဝရ
လှပစေချင်တာ
ရင်ထဲမှာရှိတဲ့ချစ်ခြင်းကြောင့်ပါ
ကောင်မလေးရယ်၊
မင်းရဲ့အပြုံးချိုချိုလေးကို
အမြဲတမ်းမြင်တွေ့ချင်တာ
ရင်ထဲမှာရှိတဲ့ချစ်ခြင်းကြောင့်ပါ
ကောင်မလေးရယ်
မင်းရဲ့အပြုံးချိုချိုလေးကို
အမြဲတမ်းမြင်တွေ့ချင်တာ
ရင်ထဲမှာရှိတဲ့ချစ်ခြင်းကြောင့်ပါ
ကောင်မလေးရယ်
မင်းရဲ့ဖြူစင်တဲ့အကြည့်လေးကို
နှလုံးသားထဲမှာသိမ်းထားချင်တာ
ရင်ထဲမှာရှိတဲ့ချစ်ခြင်းကြောင့်ပါ
ကောင်မလေးရယ်
မင်းသိရဲ့လား
ငါဟာမင်းကိုသိပ်ချစ်နေပြီဆိုတာကိုလေ
ဖွင့်ဟခွင့်ရှိတဲ့တစ်နေ့
ခေါင်းမခါပါနဲ့ကွယ်
ရှူးသွပ်တဲ့ငါ့အချစ်ကို
ရဲ့ဝံ့စွာနဲ့ယုံကြည်လိုက်ပါ။

အခန်း(၅)

"မီးပွိုင့်က နီသွားပြီ"

သက်ဝေက သူ့ရဲ့အချိန်ကိုက် လှုပ်ရှားမှုတစ်ခုကို ကိုယ့်ဘာသာ ပြန်ပြီး သဘောကျသွားတယ်။

ဟော. . . ယောကျ်ားလေးယောင် ဆောင်ထားတဲ့ကောင်မလေး တစ်ယောက် ဂျာနယ်ရောင်းဖို့လာနေပြီ။

လက်ထဲမှာ ဂျာနယ်လေးတစ်စောင်ကို ကိုင်ထားလို့. . .

"ဂျာနယ်"

"ဟင်"

သက်ဝေကိုမြင်တော့ ကောင်မလေးဟာ စကားကိုတောင်ဆုံးအောင် မပြောနိုင်တော့ဘဲ၊ အံ့ဩသွားတယ်။ ပါးပြင်ပေါ်မှာ စီးကျနေတဲ့ ချွေးစက်ကလေးတွေတောင်မရှိရင် ကောင်မလေးရဲ့ လူကုံတန်ဆန်တဲ့ ရုပ်ကလေးဟာ ထင်ရှားပေါ်လွင်နေမှာပါ။

"ဘယ်လိုလဲ ရောင်းကောင်းလား"

ကောင်မလေးက အပြုံးနွမ်းနွမ်းလေးနဲ့

"အဟင်း. . . ဒီနေ့ နည်းနည်းပါးတယ်"

သက်ဝေက ကောင်မလေးရဲ့အပြုံးကို ငေးကြည့်ပြီး. . .

"ဘယ်နှစ်စောင် ကျန်သေးလဲ"

"အများကြီး ကျန်သေးတယ်၊ ဒီနေ့တော့ ညနေအထိ ရောင်းရမယ်ထင်တယ်"

"မပူပါနဲ့ကွာ. . . ကိုယ်က မင်းလက်ထဲက ဂျာနယ် အကုန်လုံးကို ဝယ်မှာပါ"

"ရှင်"

ကောင်မလေးရဲ့ ဖွင့်ဟလာတဲ့ နှုတ်ခမ်းနှစ်လွှာကိုကြည့်ပြီး သက်ဝေရင်တစ်ခုလုံး လှုပ်ခပ်သွားတယ်၊ ဒီလိုဝေဒနာမျိုးကို ကောင်မလေးနဲ့ကျမှ အကြိမ်ကြိမ် ခံစားရတာပါ၊ ဒါကြောင့်လည်း အရမ်းချစ်မိသွားတာ ဖြစ်မယ်။

"ကိုယ် တကယ်ဝယ်မှာပါ၊ ဘာလည်း မယုံဘူးလား"

"မဟုတ်ပါဘူး"

"ကဲ. . . ဒါဆို. . . မင်းလက်ထဲက ဂျာနယ်အကုန်လုံးဝယ်တဲ့ အတွက် ကိုယ့်ကို လက်ဖက်ရည်တိုက်ရမယ်"

"ဟုတ်. . . ဟုတ်ကဲ့"

"ဒီလိုဆို ကားပေါ်တက်. . . မီးပွိုင့်စိမ်းတော့မယ်"

သက်ဝေစကားအဆုံးမှာ ကောင်မလေးက ဂျာနယ်ကိုကားနောက်ထဲပစ်ထည့်ပြီး ဘေးတံခါးဆွဲဖွင့်ကာ ဝင်ထိုင်လိုက်တယ်။ ခဏကြာတော့ မီးပွိုင့်က စိမ်းသွားသဖြင့် သက်ဝေကားကို မောင်းထွက်လိုက်တယ်၊ စိတ်ထဲမှာတော့ ခုလို ကောင်မလေး လိုက်လာလို့ ကြည်နူးနေပါတယ်။

"ဒီအလုပ်ကို မင်းဘာရည်ရွယ်ချက်နဲ့ လုပ်တာလဲ"

သက်ဝေက ကောင်မလေးအကြောင်းကိုသိဖို့ စကားစလိုက်တာပါ၊ ဒါကို ကောင်မလေးက မသိဘဲ အရိုးခံနဲ့ ပြန်ဖြေတယ်။

"အလုပ်မှမရှိတာဘဲရှင်၊ ရှိတဲ့အလုပ်ပဲ လုပ်ရမှာပေါ့"

"ဟူး"

သက်ဝေ ရင်မောသွားပြီး. . .

"မင်းအိမ်က ဘာမှ မပြောဘူးလား"

"ကျွန်မမှာ မိဘတွေမရှိတော့ဘူး. . . ငယ်ငယ်လေးထဲက ကွယ်လွန်သွားတာ အဲဒီအချိန်တုန်းကဆို ကျွန်မတကယ်ကို

ရှူးမတတ် ခံစားခဲ့ရတယ်”

“ဟာ”

ကောင်မလေးရဲ့စကားကို နားထောင်ပြီး သက်ဝေ အရမ်းကို စိတ်မကောင်းဖြစ်သွားတယ်၊ မိဘမရှိတော့တဲ့ ဘဝမှာ စိတ်ပိုင်းဆိုင်ရာ အားငယ်မှုမျိုးကို ပြည့်စုံနေတဲ့သူလို လူမျိုးတောင် ခံစားနေရတယ် မဟုတ်လား၊ ဩော်. . . အဖြစ်ဆိုးလှချည်လား ကောင်မလေးရယ်၊ သက်ဝေ အတွေးနဲ့အတူ ကောင်မလေးကို ပိုလို့. . . ပိုလို့ သနားမိလာတယ်။

“အဲဒီထဲက မင်းအဆောင်မှာပဲ နေတာပေါ့”

“မဟုတ်ပါဘူး. . . ဘွဲ့ရတဲ့အထိ ဦးလေးတို့နဲ့ နေပါတယ်၊ နောက်ပိုင်း သိပ်အဆင်မပြေလို့ အဆောင်မှာပဲ ပြောင်းနေတာ”

“မိဘတွေက ဘာဖြစ်လို့ ကွယ်လွန်သွားတာလဲ”

“ကားချင်းတိုက်မိလို့ပါ. . . မိတ်ဆွေတစ်ယောက်ရဲ့ ပါတီပွဲကအပြန် ကားချင်းတိုက်မိတာ”

“စိတ်မကောင်းစရာပဲနော်. . . မင်းရဲ့အဖြစ်အပျက်မျိုး ကို တော်ရုံလူသာဆိုရင် လုံးဝခံနိုင်ရည်ရှိမှာ မဟုတ်ဘူး”

ကောင်မလေးက အံလေးကြိတ်ကာ ငြိမ်သက်သွားတယ်၊ သက်ဝေကတော့ ခုလို ကောင်မလေးအကြောင်းကို သိခဲ့ရတဲ့အတွက် ဝမ်းနည်းဝမ်းသာ ဖြစ်မိတယ်၊ ကံဆိုးသူ ကောင်မလေးရယ်၊ ချစ်တယ်ဆိုတာထက် ပိုမိုလေးနက်တဲ့ စကားတွေရှိရင် ပြောပြချင်ပါတယ်။

ဆိုင်ရောက်တော့ သက်ဝေ ကားကိုရပ်လိုက်တယ်၊ ကောင်မလေးမျက်နှာကတော့ ညှိုးငယ်နေပါရဲ့။

“ဆင်း. . . ကိုယ်တို့တစ်ခုခုစားရင်း အေးအေးဆေးဆေး စကားပြောကြရအောင်”

ကားပေါ်က ဆင်းလိုက်ချိန်မှာ ကောင်မလေးမျက်ဝန်းလေး တွေဟာ လှပစွာနဲ့ အရောင်လက်သွားတယ်၊ စောစောက နေပူထဲ မှာမို့ စီးကျနေတဲ့ ချွေးစက်ကလေးတွေကြောင့် လိမ်းထားတဲ့ သနပ် ခါး ပျက်သွားတာကလွဲပြီး ကောင်မလေးဟာ လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာပုံရပါတယ်။

ဆိုင်ထဲရောက်တော့ သက်ဝေကဦးဆောင်ပြီး စားစရာနဲ့ လက်ဖက်ရည်ကို မှာလိုက်တယ်၊ ခုအချိန်ထိ ကောင်မလေးဟာ အမိန့်နာခံတဲ့ ကလေးတစ်ယောက်လိုပါပဲ၊ တစ်ခါတစ်ရံ မာန ကြောင့် တောက်ပလာတဲ့ မျက်ဝန်းလေးမှအပ အချိန်တိုင်းနီးပါး အားငယ်နေတတ်မှန်း အမူအယာတွေကဖော်ပြနေတယ်။

"ကိုယ့်နာမည် သက်ဝေ၊ မှတ်ထားပေါ့"

"ဟုတ်ကဲ့. . . ကျွန်မနာမည် ယမင်းညို့ပါ"

"ယမင်းညို့. . . ဟုတ်လား. . . နာမည်လေးက လှ တယ်နော်"

"ကိုသက်ဝေက မြှောက်တတ်သားပဲ"

ယမင်းညို့မျက်နှာလေး လှလှပပ ကြည်နူးသွားတယ်။ ဒါကို သက်ဝေက ကြည့်ကောင်းကောင်းနဲ့ကြည့်ပြီး သူမ နာမည်လေး ခေါ်လိုက်တယ်။

"ယမင်းညို့"

"ရှင်"

"ကိုယ် တစ်ခုလောက် မေးချင်တယ်၊ သိချင်လို့ပါ"

"ဘာများပါလိမ့် ကိုသက်ဝေ"

"ဩော်. . . ဒီလိုပါ။ ရွှေ့လျှောက် မင်းဘဝကို ဘယ်လို ရပ်တည်ဖို့ စဉ်းစားထားလဲ၊ လမ်းပေါ်မှာ ဂျာနယ်ရောင်းယုံနဲ့ မင်း ဘဝ တိုးတက်လာမှာ မဟုတ်ဘူးလေ၊ ဒါကြောင့် ကိုယ်က စေတနာ နဲ့ မေးမိတာပါ"

"ကျေးဇူးတင်ပါတယ် ကိုသက်ဝေ ဒါပေမယ့် အဲဒီလောက်ထိ ကျွန်မ မစဉ်းစားရသေးဘူး"

"ဟင်. . . မင်းစကားက အရာရာကို ပေါ့ပေါ့လေးတွေးထား သလိုပါပဲလား"

"လေးနက်ခြင်းဆိုတာ ကျွန်မနဲ့ လုံးဝမထိုက်တန်တဲ့ သီးခြားဝေါဟာရ စကားလုံးပါ။ ဘာမှ မလုပ်နိုင်တဲ့ဘဝမှာ အတွေးတွေနဲ့ စိတ်ပင်ပန်းနေရမယ်ဆိုရင် ကျွန်မအမြန်ဆုံး သေသွားလိမ့်မယ်၊ ဒါကြောင့် ဘာကိုမှ ဦးနှောက်အရှုပ်ခံပြီး မတွေးတာ၊ စိတ်ထဲမှာ မကျေနပ်တာ တစ်ခုပေါ်လာရင်လည်း အမြန်ဆုံး မေ့ပျောက်ပစ်ဖို့ ကြိုးစားလိုက်တယ်၊ ဒါ ကျွန်မကျင့်သုံးနေတဲ့ မူဝါဒပဲ ကိုသက်ဝေ"

ယမင်းညိုက ရီဝေနေတဲ့ မျက်ဝန်းလေးနဲ့ စကားကို အဆုံးသတ်လိုက်ချိန်မှာ သက်ဝေရင်ထဲ တုန်ရီလှိုက်မောသွားတယ်။

ကောင်မလေးရယ်. . .

ဘယ်လိုကံကြမ္မာနတ်ဆိုးကများ မင်းလေးရဲ့ သာယာလှပတဲ့ ဘဝကို ဖျက်ဆီးခဲ့တာလည်း ချစ်ခြင်းတွေနဲ့အတူ ဖေးမကူညီပါရစေ။

"ကိုသက်ဝေ ဘာတွေစဉ်းစားနေတာလဲ"

"ဩော်. . . မင်းအကြောင်းပါ"

"ကျွန်မ အကြောင်း"

"ဟုတ်တယ်. . . ဒီအတိုင်းဆို မင်းကိုအလုပ်တစ်ခု အမြန်ဆုံး ပေးမှဖြစ်မယ် ထင်တယ်"

"ဟင်. . . တကယ်"

ယမင်းညိုဆီမှ ရွှင်လန်းတတ်ကြွတဲ့အသံလေး ကသက်ဝေရဲ့နှလုံးသားထဲကို တိုက်ရိုက်စီးမျောသွားတယ်။ ဒီကောင်မလေးဟာ ဝမ်းသာ၊ ဝမ်းနည်းခြင်းကို ထိန်းချုပ်မှုကင်းမဲ့စွာနဲ့ ပေါ်ပေါ်ထင်ထင်

ခံစားတတ်သူပါ။

"တကယ်လို့ အလုပ်ရရင် မင်းလုပ်မလား ယမင်းညို"

"ဘာအလုပ်လဲဟင်. . . အလုပ်တကယ်ရမှာလား"

"ကိုယ်ပြောတာ ယုံစမ်းပါ။ မင်းကို ကိုယ်ဘယ်တော့မှ မလိမ်ဘူး စိတ်ချ"

"ကျွန်မ ကိုသက်ဝေကို ယုံပါတယ်။ ဒါပေမယ့် ကံကြမ္မာကို မယုံရဲဘူး"

"အင်းလေ. . . မင်းက ကံကြမ္မာရဲ့ ရက်စက်ခြင်းကို ခံခဲ့ရတဲ့ လူဆိုတော့၊ မင်းပြောတဲ့စကားကို ကိုယ်မငြင်းပါဘူး"

"ဒါနဲ့ ဘာဖြစ်လို့ ကိုသက်ဝေ ကျွန်မကို ကူညီတာလဲဟင်"

သက်ဝေ တခဏတော့ အဖြေရခက်ခဲသွားတယ်၊ ရင်ထဲမှာတော့ ချစ်ခြင်းရဲ့ သီအိုရီကြောင့် ဖြစ်ပေါ်လာတဲ့ စကားလုံးတွေ အပြည့်ရှိ နေပါတယ်။ ဖွင့်ဟခွင့် မရှိသေးလို့သာ မျိုသိမ့်နေရတာ မဟုတ်လား၊ တစ်နေ့ဖွင့်ပြောဖို့ အချိန်ကျလာရင်တော့ ကောင်မလေး နားလည်လာမှာပါ၊ ခုတော့ ရင်ထဲက ချစ်စိတ်ကို မျိုသိမ့်ပြီး အခြား စကားလုံးကို ရွေးချယ် ပြောလိုက်တယ်။

"ကိုယ်က မင်းဂျာနယ်ရောင်းနေရတာ မကြည့်ရက်လို့ကွ၊ ဘဝအတွက်လဲ တိုးတက်မှု မရှိနိုင်ဘူးလေ"

"ကျွန်မလဲ ဂျာနယ်ရောင်းတဲ့အလုပ်ကို မလုပ်ချင်ပါဘူး၊ ဒါပေမယ့် အဆောင်လခနဲ့ ထမင်းစားဖို့ကရှိတော့ မလုပ်ချင်ပေမယ့် လုပ်နေရတယ်"

"ကိုယ်နားလည်ပါတယ်ကွာ. . . အခု မင်းမလုပ်ချင်တဲ့ အလုပ်ကို မလုပ်ရတော့ပါဘူး၊ ထမင်းစားဖို့နဲ့ အဆောင်လခ အတွက်လဲ အဆင်ပြေစေရမယ်"

"ဝမ်းသာပါတယ် ကိုသက်ဝေ၊ အလုပ်က ဘယ်မှာလဲ ဟင်"

"အရင်တစ်ခေါက်က မင်းသွားတဲ့ ကုမ္ပဏီလေ သိတယ် မတုတ်လား"

"ဟင်. . . အဲဒီကုမ္ပဏီက. . ."

"ဟုတ်တယ်လေ. . . ဘာဖြစ်လို့လဲ"

"ကျွန်မကို ပယ်လိုက်တာ"

"အဲဒါ. . . မင်းကို ကိုယ့်ရဲ့မိတ်ဆွေမှန်း မသိလို့ပါ"

"ဟုတ်တယ်နော်. . . ကျွန်မပေးတဲ့ ပိုက်ဆံကို ယူကတည်းက ကိုသက်ဝေနဲ့ မိတ်ဆွေဖြစ်သွားတာ မေ့နေတယ်"

"ကိုယ်လည်း မင်းလိုလှပတဲ့ မိန်းကလေးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်လိမ့်မယ်လို့ မထင်မိဘူး"

"အို"

ယမင်းညို မျက်လွှာလေးကို ဆတ်ခနဲချလိုက်တယ်၊ ပါးနှစ်ဖက်က ရှက်စိတ်ကြောင့် အနည်းငယ်နီရဲလာပါတယ်။ သက်ဝေအတွက်တော့ ကောင်မလေးဟာ ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် အလွန်ချစ်ဖို့ ကောင်းနေတယ်။

"ကဲ. . . စားကြရအောင်၊ ပြီးရင် မင်းကို အဆောင်လိုက်ပို့ပေးမယ်၊ အေးအေးဆေးဆေး နားတော့ပေါ့၊ အနာဂါတ်မှာ လှပဖို့အတွက် မင်းမှာ အားသစ်တွေလိုတယ်"

"ဟုတ်ကဲ့. . . ကျွန်မကြောင့် ကိုသက်ဝေ မျက်နှာမပျက်စေရပါဘူး"

"ကိုယ်ယုံပါတယ်ကွာ. . . စားပြီးရင် ဂျာနယ်ဖိုးတွက်ဦး"

"ကျွန်မ အရင်အတိုင်းပဲ ယူမှာပါ"

"အစ်မလေး သဘောပါပဲခင်ဗျာ"

"ဟင်း. . . ဟင်း. . . ဟင်း"

သက်ဝေတစ်ယောက် ယမင်းညို ခပ်ဖြည်းဖြည်းလေး ရယ်မောနေတာကို ငေးကြည့်လိုက်မိတယ်၊ သူ့အတွက် ကောင်မလေးဟာ ဘုရားသခင်က ဖန်ဆင်းပေးလိုက်တဲ့ နတ်သမီးလေးများဖြစ်နေမလား။

"ကိုသက်ဝေ ဘာတွေးနေတာလဲ. . . စားမယ် ဆို"

"ဪ. . . အင်း"

သက်ဝေလည်း ယမင်းညိုပြောမှ သတိပြန်ဝင်ပြီး ဇွန်းနဲ့ခရင်းကို ကောက်ကိုင်လိုက်ပါတယ်၊ ဒီလိုနဲ့ သူတို့နှစ်ယောက် ငြိမ်ငြိမ်သက်သက်လေး စားသောက်လိုက်ကြတယ်။ သက်ဝေအတွက်တော့ ကောင်မလေးနဲ့ မျက်နှာချင်းဆိုင်စားရတဲ့ အရသာဟာ ဘာနဲ့မှ မလဲနိုင်ပါ၊ (နတ်သုဒ္ဓါ ဟာ အလွန်ကောင်းဆိုတဲ့ နတ်မင်းကြီးရေ၊ ခင်ဗျားသာ ကျွန်တော့် နေရာမှာ ဒီလိုစားရရင် နတ်သုဒ္ဓါကို လွှတ်ပစ်မှာ သေချာပါတယ်)

စားသောက်ပြီးတဲ့အခါမှာတော့ သက်ဝေဟာ စားပွဲထိုးလေးကို လှမ်းခေါ်တယ်။

"ကိုသက်ဝေ ဘာလုပ်မလို့လဲ"

"ပိုက်ဆံရှင်းမလို့လေ"

"ကျွန်မ ရှင်းပါ့မယ်"

"ရပါတယ်ကွာ. . . မင်းက ဂျာနယ်ဖိုးကို အရင်အတိုင်းယူမှာပဲဟာ"

"ကိုသက်ဝေ"

"ပြောလေ"

"ကျွန်မ ပိုက်ဆံမချမ်းသာပေမယ့် ဒီဝိုင်းလေးကို ရှင်းပါရစေ၊ အဲဒီအတွက် နားလည်ပေးပါနော်"

"ကိုယ်. . . "

သက်ဝေတစ်ယောက် သေချာစိုက်ကြည့်ခဲ့တဲ့ ယမင်းညိုရဲ့ မျက်ဝန်းတွေကြောင့် ပြောမဲ့စကားလုံးတွေ လည်ချောင်းဝမှာ တစ်ဆို့သွားတယ်၊ နောက်ဆုံးတော့ ထုံးစံအတိုင်း ကောင်မလေး စိတ်ချမ်းသာအောင် လိုက်လျောခဲ့ရတယ်။

အဓိက သူ့ကြောင့်ကောင်မလေးဘဝ စိတ်ချမ်းသာစေချင်ပါတယ်။ တစ်ဘဝလုံးမှာ တစ်ယောက်ထဲသာ ချစ်မိသွားသူမို့ ကောင်မလေးဆန္ဒ အတိုင်းသာ ရှိပါစေတော့။



"အဖြစ်အပျက်ကတော့ အဲဒါပါပဲကွာ၊ ယမင်းညိုရဲ့ ဘဝ လေးဟာ အရမ်းကို သနားဖို့ကောင်းတယ်၊ ဖြစ်နိုင်မယ်ဆိုရင် သူ့ရဲ့ ဘဝလေးကို ကယ်တင်ချင်တယ် ရဲမာန်"

သက်ဝေက စကားကို အဆုံးသတ်ကာ ရဲမာန်မျက်နှာလေး ကို သေချာကြည့်လိုက်တယ်၊ ခုလို အိမ်ကိုရောက်လာပြီး ပြောတယ် ဆိုထဲက သူ့ဘဝမှာ ကောင်မလေးဟာ အရမ်းအရေးပါနေပြီဆိုတာ ရဲမာန်သိမှာပါ။ ပြီးတော့ ကောင်မလေးနဲ့ ပတ်သက်ပြီး အစ၊ အဆုံး နားထောင်ပေးတဲ့အတွက်လည်း ရဲမာန်ကို ကျေးဇူးတင်မိတယ်၊ သူ့မှာ တိုင်ပင်စရာဆိုလို့ ရဲမာန်ပဲရှိတာလေ။

"မင်းပြောသလိုဆိုရင် သူ့ဘဝလေးဟာ တကယ့်ကို ဂရုဏာသက်စရာပါပဲ၊ လူ့ဘဝဆိုတာကလည်း ခက်တယ်ကွ၊ အတိတ် ကုသိုလ်ကံက တစ်ဘဝထဲမှာ ရပ်တန့်နေတာ မဟုတ်ဘူး၊ ဖြစ်လေရာ ဘဝတိုင်းကို အရိပ်သဖွယ်လိုက်နေတာ၊ သူလဲ ဘဝတစ်ခုတုန်းက သူများရဲ့ အသိုက်အမြုံလေးကို ဖျက်ဆီးခဲ့လို့ ခုဘဝမှာ ပြန်ခံစားနေရတာ ဖြစ်မှာပေါ့၊ မင်းလို သူတော်ကောင်းနဲ့ တွေ့တဲ့အတွက်တော့ ကံကောင်း ပါတယ်"

"အချင်းချင်း မမြှောက်နဲ့ကွာ. . . ငါ ယမင်းညိုကို ချစ်မိတာ မှန်တယ်မဟုတ်လား၊ ပြီးတော့ သူ့ရဲ့အလုပ်ကိစ္စ"

"မင်းရဲ့စိတ်တွေ လောနေသလိုပဲ သက်ဝေ၊ ဘာဖြစ်နေ တာလဲ၊ သူ့ရဲ့ကိုယ်ကျင့်တရားကို ဒီထက်မက လေ့လာသင့် တယ်"

"ဟာ. . . ဒီလောက်မလုံလောက်သေးဘူးလား၊ ငါက သူ့အတွက် အလုပ်ရပြီလို့ ပြောခဲ့တာကွ"

သက်ဝေ မျှော်လင့်ချက်နဲ့ စောင့်မျှော်နေမယ့် ယမင်းညို မျက်နှာလေးကို ဖျတ်ခနဲ မြင်ယောင်လိုက်မိတယ်။ သူဟာ ကောင်မလေးရဲ့ ယုံကြည်အားကိုးရတဲ့ လူတစ်ယောက်ဖြစ်ချင်ပါတယ်။ သူ့ကြောင့် ကောင်မလေးရဲ့ မျှော်လင့်ချက်အိပ်မက်ကလေးတွေ ပျက်စီး သွားမှာကို စိုးရိမ်မိပါတယ်။ ဒါဟာ ယောကျ်ားတစ်ယောက်က သူသိပ်ချစ်တဲ့ မိန်းမတစ်ယောက်အပေါ်မှာထားတဲ့ စိတ်သဘောထားပါ။

"သက်ဝေ"

"ဘာလဲ"

"မင်း စိတ်ဆိုးသွားလား"

"မဆိုးပါဘူး. . . မင်းဆီမှာမှ အဆင်မပြေတာဘဲ၊ ဘာတတ် နိုင်မှာလဲ"

"သက်ဝေ. . . မင်းကလေ၊ တစ်ခါတစ်လေ အရမ်း ရိုးတာပဲ"

"ငါက အမှန်အတိုင်းပြောတာပဲဟာ"

"ငါပြောခဲ့တဲ့ အထဲမှာ အလုပ်ကိစ္စမပါဘူးကွ"

"ဟင်. . . ဒါဆို ဘာလဲ၊ ရှင်းရှင်းပြောကွာ"

ရဲမာန်က မခို့တရို့ပြုံးကာ နှလုံးသားရှိတဲ့နေရာကို လက်ညှိုး ထိုးပြလိုက်ပြီး. . .

"မင်းရင်ထဲမှာရှိတဲ့ အချစ်တွေကို အချိန်မကျသေးဘဲ ဖွင့်ထုတ်မိမှာ ဆိုးလို့ပြောနေတာ၊ အလုပ်အတွက် ဘာပူစရာလို လို့လဲကွာ၊ ငါ့ ကုမ္ပဏီမှာ အချိန်မရွေး ခန့်လို့ရနေတာပဲ"

"ဒါများကွာ"

ခုမှ သက်ဝေရင်ထဲက အပူလုံးကြီး ဝုန်းခနဲ ပြုတ်ကျသွား

တယ်။ စောစောစီးစီးထဲက ရှင်းရှင်းပြောရင် ပြီးတဲ့ဟာကို ပဟေဠိလို ဖွက်တော့ အထက်လွဲမိတာပေါ့. . .

"သူ့ကို မင်းခေါ်လာမှာလား"

"အေး. . . ဒါပေမယ့် ကုမ္ပဏီထဲတော့ ငါမဝင်ဘူး"

"ဘာဖြစ်လို့လဲ"

"မင်း. . . ဝန်ထမ်းမမတွေကြောင့်လေ"

"ဟား. . . ဟား. . . ဟား. . ."

ရဲမာန်သဘောကျစွာနဲ့ ရယ်မောလိုက်တယ်။ တကယ်လည်း ဟုတ်ပါတယ်။ သက်ဝေပြောလည်းပြောချင်စရာပဲ သူ့ရဲ့ အမျိုးသမီး ဝန်ထမ်းအချို့ဟာ သက်ဝေလာရင် မျောက်ပွဲပြသလို (သူတော့မမြင်ဖူးပါဘူး) ဝိုင်းအုံနေရော၊ အဲဒီအချိန်ဆိုရင် ကုမ္ပဏီ ပိုင်ရှင်ဖြစ်တဲ့ သူ့ရဲ့ ဩဇာအာဏာတွေကလည်း ဘယ်ရောက်ကုန် မှန်းမသိတော့၊ အင်းလေ လောကမှာ ပြီးပြည့်စုံတဲ့လူမှ မရှိတာ၊ သူ့ရဲ့ ဝန်ထမ်းတွေ ဟာ အလုပ်လုပ်တဲ့နေရာမှာ တော်ပေမယ့် ဒီလိုအချိန်ဆို နည်းနည်း လွဲတတ်တယ်၊ နောက်ပိုင်း သူတစ် ယောက်တည်းမဟုတ်တော့ဘဲ သက်ဝေကိုယ်တိုင် စိတ်ခတ်ကျပြီး လာရင်အောက်ကပဲ စောင့်နေ တော့တယ်။ အဲဒီလို အစောင့် ကောင်းလို့လဲ ယမင်းညိုရဲ့မှားယွင်းတဲ့ ခေါ်ဆောင်မှုနောက်ကို ပါသွားရတာ၊ သူတို့နှစ်ယောက်ရဲ့ တွေ့ဆုံမှု ကတော့ တကယ့်ဂန္တဝင် တွင်လောက်ပါပေတယ်။

"ဘာတွေ စဉ်းစားနေတာလဲ ရဲမာန်"

"ဩော်. . . ကမ္ဘာမြေကြီးလည်နေတဲ့ အကြောင်း ဟ"

"အဲဒါ မင်းနဲ့ဘာဆိုင်လို့လဲ"

"ဟာ. . . ဆိုင်တာပေါ့"

"ဒါဆို ပြောစမ်းပါဦး"

"ဟိုနိုင်ငံနဲ့ ဟိုနိုင်ငံ စစ်ဖြစ်နေကြတယ်လေ"

"အင်း"

"ကမ္ဘာကြီးက လည်နေတာဆိုတော့ ငါတို့ တစ်ချိန်ချိန်မှာ ခေါင်းမူးလာလိမ့်မယ်"

"အမ်"

"အဲဒီတော့ အနားမှာ ရှုဆေးဗူးလေး အဆင်သင့်ဖြစ်အောင် ခုထဲက ဝယ်ထားရမယ်"

"ခွေးကောင်. . . ငါကတော့ အဟုတ်မှတ်လို့"

"ဟား. . . ဟား. . . ဟား"

ရဲမာန် ဒုတိယအကြိမ်ရယ်မောလိုက်ပါတယ်။

"မင်းလည်း မထူးပါဘူး. . . မင်းခန့်လို တော်တော်အရယ်သန်တဲ့ကောင်"

"ပျော်စေချင်လို့ပါ သက်ဝေရာ"

"ဒါဆိုလည်း တစ်ယောက်ထဲ ပျော်တော့ကွာ၊ ငါပြန်မယ်"

"ဟင်. . . ဘီယာဆိုင် မသွားတော့ဘူးလား"

"အချစ်ဟာ ဘီယာနဲ့မတည့်ဘူးကွ၊ တောက် တတ်တယ်"

"ဗုဒ္ဓေါ"

ရဲမာန် ဘုရားတကာ သက်ဝေကို မျက်လုံးကြီးပြူးကြည့်လိုက်တယ်။ ချစ်သူတောင် မဖြစ်သေးဘူး၊ ပြောင်းလဲလိုက်တာလွန်ပါရော၊ မိဘစကားကိုသာ အဲဒီလိုနားထောင်ရင် ဘယ်လောက်ကောင်းမလဲ၊ အင်း နတ်ပြည်ရောက်မှာ စိုးလို့ထင်တယ်၊

"သွားပြီ ရဲမာန်"

ရဲမာန် မတားမြစ်တော့ပါ။ ဘာတဲ့ မိဘပြောတော့ တစ်သက်၊ မယားပြောတော့ တစ်ရက်၊ နောက်တစ်ခုက မိဘပြောတော့ တစ်လ၊ မယားပြောတော့ တစ်ည၊ အဲဒါ ဒင်းလိုလူမျိုးကို ပြောတာဖြစ်လိမ့်မယ်။

အချစ်

ရင်ထဲမှာရှိနေပါတယ်
အဖြူရောင်မြစ်တစ်စင်းရဲ့
သောင်ထွန်းတဲ့နေရာဟာ
ငါ့ရဲ့နှလုံးသားမှာပါ
ချစ်သူငတ်တဲ့အချိန်တိုင်း
ချစ်သူကိုတမ်းတမိကာ
သဘာဝပါကွယ်
ဆုံမှတ်တစ်ခုကိုရောက်ဖို့
နှလုံးသားနှစ်ခု
ပြိုင်နေစရာမလိုဘူးထင်ပါရဲ့
ချစ်သူရယ်
ဖွင့်ပြောခွင့်ရှိတဲ့အချိန်မှာ
ရဲဝံ့စွာနဲ့ပြောချင်ပါတယ်
ငါဟာ
မင်းရဲ့အချစ်ကို
ငတ်မွတ်စွာနဲ့တောင်းတနေသူပါ။



## အခန်း(၆)

သက်ဝေ ကားလေး အဆောင်ရှေ့ ရပ်လိုက်ချိန်မှာ ယမင်းညိုက အပြုံးနဲ့ဆီးကြိုတယ်။

ဒီနေ့ကျမှ ကောင်မလေးဟာ အရမ်းလှနေပါတယ်။ ဒီထက်မက ပိုပြီးတောက်တောက် ပြောင်ပြောင် ဝတ်ဆင်လိုက်ရင် ကောင်မလေးရဲ့အလှဟာ မြင်သူတကာငေးသွားမှာ သေချာတယ်။

"စောင့်နေတာ ကြာပြီလား"

"စောစောလေးကပါ"

"ကိုယ်က စောသေးတယ်ထင်နေတာ၊ မင်းက ကိုယ့်ထက်ပိုပြီး ဝီရိယကောင်းပါလား. . . လာ. . . တက်"

ယမင်းညိုက ကားတံခါးဖွင့်ပြီး ဝင်ထိုင်လိုက်လို့ ချက်ချင်းပဲ သက်ဝေ စိတ်ထဲမှာ နွေးထွေးသွားသလို ခံစားလိုက်တယ်။ သူဟာ တစ်ညလုံး အိပ်မပျော်ခဲ့သူပါ။ ရင်ထဲမှာ ကြည်နူးခြင်းတွေနဲ့ အတူ လူးလှိမ့်ရင်း မိုးလင်းခဲ့ရတာပဲလေ၊ အမှန်ပြောရရင် သူဟာ မိုးမလင်းထဲက ကောင်မလေးဆီကို လာချင်နေတာ. . .

"ကျွန်မနဲ့တွေ့တာ ကိုသက်ဝေ ကံဆိုးတယ်နော်"

"အဲဒီလိုစိတ်မျိုး ကိုယ့်မှာမရှိဘူး"

"ဒါဆို ကျွန်မ မှားသွားတယ်ပေါ့"

"ရပါတယ်ကွာ. . . မသိလို့ ပြောမိတာပဲ"

"ကိုသက်ဝေလို လူမျိုးကရှားတယ်"

"ဘာဖြစ်လို့လဲ"

"တစ်ပါးသူကို နားလည်ပေးတတ်လို့ပါ"

"မင်းပြောတဲ့စကားက အချို့နေရာတွေမှာ မှန်ပြီး၊ အချို့ နေရာတွေမှာ မှားတယ်"

"ဟင်. . . ဘယ်လိုကိစ္စမျိုးမှာလဲ"

"မသိချင်ပါနဲ့ကွာ"

"အင်းလေ. . . ကိုသက်ဝေမှ မပြောချင်တာဘဲ"

သူမလည်း တစ်ပါးသူကို နားလည်ပေးတတ်သူပါ။

"ယမင်းညို"

"ပြောလေ. . . ကိုသက်ဝေ"

"ဒီနေ့. . . မင်းအရမ်းလှတယ်"

"ရှင်"

"မင်းအံ့သြသွားသလား၊ တကယ်ပြောတာပါ၊ မင်းရဲ့အလှက ဘာနဲ့တူသလဲဆိုရင် ကြည်လင်နေတဲ့ ရေပြင် [illegible] မြင်သူတိုင်းရဲ့ ရင်ကို အေးမြစေတဲ့ အလှမျိုးပေါ့"

"အို"

ယမင်းညိုတစ်ယောက် ရှက်သွေးဖြာသွားတယ်။

"ယမင်းညို"

ဒီတစ်ခါတော့ ယမင်းညိုက မထူးတော့ဘဲ သက်ဝေကိုလှည့်ကြည့်တယ်။

"ကိုယ့်ကို ဘယ်လိုမြင်လဲ"

"ကျွန်မ ဘယ်လိုမြင်ရမလဲဟင်"

သက်ဝေ ကားမောင်းနေရင်း မျက်နှာကို ရှုံ့မဲ့လိုက်တယ်၊ ဒုက္ခပါပဲ၊ သိချင်လို့မေးနေတာကို ပြန်ပြီး အမေးခံရတယ်လို့၊ တစ်ခါတစ်ခါ သူချစ်တဲ့ကောင်မလေးဟာ လည်မလိုနဲ့ တကယ့်ရိုးတာပဲ၊ သူ့ စွဲလမ်းမြတ်နိုးမိတာလေးတွေကလဲ အဲဒီလိုမျိုးပုံစံလေးတွေ ပါမယ်ထင်တယ်။

"မင်းမြင်ချင်သလိုမြင်ပါ၊ ပြီးရင် မင်းရဲ့အမြင်ကို ပြောပြပေါ့"

"ဟင့်အင်း. . . မပြောချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ရှက်လို့"

"ဘာရှက်စရာ လိုလို့လဲကွာ၊ ကိုယ်တို့က မိတ်ဆွေတွေပဲဟာ"

"ဒါဆို ကိုသက်ဝေ မလှောင်နဲ့နော်"

"အင်းပါ. . . မင်းသာ အမှန်အတိုင်းပြော"

သူမ စဉ်းစားသလိုနဲ့ ငြိမ်သွားပါတယ်၊ ပြီးမှ မပွင့်တပွင့်လေး ပြောတော့တယ်။

"ကိုသက်ဝေက ချောတယ်၊ စိတ်သဘောထားလဲ ရိုးသားဖြူစင်တယ်၊ မျက်လုံးတွေက ပကတိစင်ကြယ်ခြင်းကို ဖော်ပြနေတယ်။ အသံကလည်း လောဘ၊ မောဟ၊ ဒေါသတွေမပါဘဲ သာယာတည်ငြိမ်နေတယ်"

"ပြီးတော့ရော. . ."

"ဟင့်အင်း"

"ဟင့်အင်းဆိုတာ ဘာလဲ"

"ကျွန်မ မြင်တာတွေ ကုန်ပြီလို့ ပြောတာပါ"

"အဟင်း. . . ကိုယ့်ကို အခုလို မြှောက်ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျွန်မ တကယ်ပြောတာပါ"

"ထားပါတော့ကွာ. . . အခု ကုမ္ပဏီရောက်ရောက်ခြင်း အလုပ်ဝင်ရမှာနော်၊ အဲဒီအတွက် အဆင်သင့်ဖြစ်နေပြီလား"

"ဟုတ်ကဲ့"

"ကိုယ်ကတော့ အထဲအထိ မလိုက်တော့ဘူး၊ မင်းကို

ကုမ္ပဏီရှေ့မှာထားခဲ့ပြီး ပြန်မှာ”

“ဒါဆို ကျွန်မတစ်ယောက်ထဲ ကုမ္ပဏီပိုင်ရှင်နဲ့ တွေ့ရမှာပေါ့နော်”

“ဘာဖြစ်လို့လဲ”

“စိုးရိမ်လို့ပါ”

“ကိုယ့်နာမည်ကို ပြောပြလိုက်ပါ၊ အားလုံးအဆင်ပြေသွားပါလိမ့်မယ်”

“ကိုသက်ဝေက ဘာဖြစ်လို့ မလိုက်တာလဲ”

“ကိုယ်ကို တစ်မျိုးမြင်သွားသလား”

“မဟုတ်ပါဘူး. . . သိချင်လို့ မေးကြည့်တာပါ”

“ဒါဆို မှတ်ထား၊ ကိုယ့်ကိုမြင်ရင် ပြုံးစိစိဖြစ်သွားကြတဲ့ ကုမ္ပဏီဝန်ထမ်းမမတွေနဲ့ မတွေ့ချင်လို့ပါ”

“သြော်”

“သိပြီလား”

“ဟုတ်”

ယမင်းညိုဖြေပုံကို သက်ဝေ သဘောကျသွားပြီး ကားကို ကုမ္ပဏီရှေ့မှာ ရပ်လိုက်တယ်။ ဒီနေရာလေးဟာ သူနဲ့ ယမင်းညို စတင် ဆုံတွေ့ခဲ့တဲ့နေရာပါ၊ သူမကတော့ ဘယ်လိုနေလဲ မသိဘူး၊ သူကတော့ ရင်ခုန်သွားတယ်။

“ကျွန်မ သွားတော့မယ်”

“ခဏရော့. . . ဒါယူထား၊ မင်းမှာ ပိုက်ဆံနည်းနေတယ် မဟုတ်လား”

သက်ဝေက ဒက်စ်ဘုတ်ပေါ် တင်ထားတဲ့ တစ်ထောင်တန် တစ်အုပ်ကို ယူကာ ယမင်းညိုကိုပေးလိုက်တယ်။

“ဟင့်အင်း. . . ကျွန်မ မယူချင်ဘူး”

“ဘာလဲ. . . ကုမ္ပဏီအလုပ်ဆိုတာ တစ်နေ့တစ်ခါ

ပိုက်ဆံ ရှင်းတယ် ထင်နေသလား၊ အခု ကိုယ်ပေးတဲ့ ပိုက်ဆံက ခဏပေးထား တာပါ၊ အဆင်ပြေတဲ့အခါ ပြန်ပေးပေါ့”

“ဟင်း”

ယမင်းညို မယူသေးဘဲ သက်ပြင်းချကာ ငြိမ်သက်နေတယ်။

“ရော့ . . . ယူလေ၊ ကုမ္ပဏီဝန်ထမ်းဆိုတာ လမ်းပေါ်မှာ ဂျာနယ်ရောင်းသလို နေလို့မရဘူး၊ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ အသုံးအဆောင်တွေလည်း ဝယ်သင့်တာဝယ်ပေါ့”

သက်ဝေစကားအဆုံးမှာ ယမင်းညိုက တုန်ရီနေတဲ့ လက်ကလေးနဲ့ ပိုက်ဆံအုပ်ကို ယူလိုက်တယ်။ မျက်နှာလေးကတော့ အားငယ်စိတ် ကြောင့် ပန်းနုရောင်သန်းနေတယ်၊ ဒီလောက်လှတဲ့ သမီးလေးကို တစ်ယောက်ထဲ လူ့လောကမှာထားခဲ့ရတဲ့ မိဘတွေအဖို့ တမလွန်ကနေ ရင်နာနေမှာ သေချာပါတယ်”

“ကိုယ် သွားတော့မယ်”

ယမင်းညိုက အသာအယာ ခေါင်းညိမ့်ပြတယ်၊ သက်ဝေလည်း ကားသာ မောင်းထွက်လာရတာ စိတ်တော့ မကောင်းလှပေ။ အနည်းငယ် ဝေးတဲ့နေရာရောက်တော့၊ ဘက်ကြည့်မှန်ကဆင့် ကြည့်လိုက်တယ်၊ အဲဒီအချိန်ထိ သူမဟာ ကုမ္ပဏီထဲ မဝင်သေးဘဲ သူ့ရဲ့ကားကို ငေးကြည့်နေတာ တွေ့ရတယ်။ ဒါကြောင့် တိုးတိုးလေး ပြောလိုက်ပါတယ်။

‘သိပ်ချစ်တယ် ကောင်မလေးရယ်’

ငါ့ကြောင့် မင်းလေးရဲ့ အိပ်မက်တွေ လှပနေမှ ... ... ခင်ဗျားဂ



လောက် လူတစ်ယောက်လျှောက်လာတယ်။ အနားရောက်တော့ အကဲခတ်သလို တစ်ချက်ကြည့်ပြီး မေးတယ်။

"ဘာဖြစ်နေတာလဲ ဒါလီ"

"ဘာမှမဖြစ်ပါဘူး ကိုကျော်မိုး၊ ဘော့စ်နဲ့တွေ့ချင်တယ် ဆိုလို့ ဒါလီမေးနေတာပါ၊ ကိုသက်ဝေလွှတ်လိုက်တာလေ"

"ဪ ကိုသက်ဝေ လွှတ်လိုက်တာလား၊ လာ. . . ကိုယ့် နောက်လိုက်ခဲ့၊ ဘော့စ် အခန်းထဲမှာ ရှိပါတယ်"

"ဟုတ်ကဲ့"

ကိုကျော်မိုး ရှေ့ကထွက်သွားတော့ ယမင်းညိုနောက်က တည်တည်ငြိမ်ငြိမ်နဲ့ လိုက်လာခဲ့တယ်၊ အခန်းတစ်ခုရှေ့ရောက်တော့ ကိုကျော်မိုးက တံခါးလက်ကိုင်လေးကို အသာလှည့်ပြီး အခန်းထဲမှာ စာရင်းစစ်နေတဲ့ ရဲမာန်ကို ခေါ်လိုက်တယ်။

"ဘော့စ်"

ကိုကျော်မိုးခေါ်သံကြောင့် ရဲမာန်ဆတ်ခနဲမော့ကြည့်တယ်။

"ဘာကိစ္စလဲ ကိုကျော်မိုး"

"ဘော့စ်ကိုဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ"

"ကိုသက်ဝေလွှတ်လိုက်တဲ့ မိန်းကလေးပါ"

"ဪ. . ."

ရဲမာန် သဘောပေါက်သွားပြီး. . .

"သူ့ကို ဝင်ခွင့်ပြုလိုက်ပါ ကိုကျော်မိုး၊ ခင်ဗျားက စားစရာတစ်ခုခု စီစဉ်ပေး"

"ဟုတ်ကဲ့ဘော့စ်"

"ကဲ. . . သွားတော့"

ကိုကျော်မိုးက ယမင်းညိုကိုထားခဲ့ပြီး လှည့်ထွက်သွားတယ်၊ ဒီတော့မှယမင်းညိုလည်း အခန်းထဲကိုဝင်ကာ ရဲမာန်ရှေ့မှာထိုင်

ယမင်းညိုတစ်ယောက် သက်ဝေကားလေး မြင်ကွင်းက ပျောက်သွားတော့မှ ကုမ္ပဏီအပေါ်ထပ်ကို တက်လာခဲ့ပါတယ်။ ခုအချိန်မှာတော့ သူမခြေလှမ်းတွေ တွန့်ဆုတ်နေသလား၊ သွက်လက်နေသလားဆိုတာ ဝေခွဲမရပါ။ ကုမ္ပဏီအပေါ်ထပ်ရောက်တော့ အသက်နည်းနည်းကြီးတဲ့ အမျိုးသမီးတစ်ယောက်ကလာမေးတယ်

"ညီမလေး ဘာကိစ္စလဲ"

ယမင်းညိုလည်း တွန့်ဆုတ်ခြင်းမရှိဘဲ ပြန်ဖြေတယ်။

"ကိုရဲမာန်နဲ့ တွေ့ချင်လို့ပါ"

"ဪ. . . ဘော့စ်ရဲ့ ဧည့်သည်ကိုး၊ ခဏနော်၊ တို့ ဘော့စ်ဆီ ဝင်ပြီး အကြောင်းကြားပေးမယ်"

"ကျေးဇူးပဲ မ၊ ကိုသက်ဝေ လွှတ်လိုက်တဲ့ လူလို့ပြောရင် ကိုရဲမာန် သိပါတယ်"

"ဟင်. . . သက်ဝေ ဟုတ်လား"

"ဟုတ်ပါတယ်"

ထိုအမျိုးသမီးက အလောတကြီးလေသံနဲ့ . . .

"သူ. . . သူဘယ်မှာလဲဟင်"

"ကျွန်မကို လိုက်ပို့ပြီး ပြန်သွားတယ်"

"ဟင်"

"သက်ဝေကလည်း ဘာဖြစ်လို့ အပေါ်တတ်မလာတာ ဂါမသာ့တ်ဇ်ထ တွေ့ချင်လို့ မျှော်နေတာ"

ဪ ဒီလိုကြောင့်ကိုသက်ဝေအပေါ်လိုက်မလာတာကိုး ယမင်းညိုတစ်ယောက် လက်တွေ့ကြုံမှ သေချာသဘော ပေါက်သွားတယ်။

ထိုအချိန်မှာပဲ ဥပတိရုပ်ခန့်ညားတဲ့ အသက်လေးဆယ်

"ဘာမေးခွန်းမလို့လဲ"

"ကုမ္ပဏီရဲ့အဓိကလုပ်ငန်းက ဘာလဲ၊ ကုမ္ပဏီပိုင်ရှင် နာမည်က ဘယ်သူလဲဆိုတဲ့ မေးခွန်းပါ"

"ခုသိပြီလား"

"ဟုတ်ကဲ့"

"ဒါဆိုပြောစမ်းကွာ"

ယမင်းညို ဖြေမလို့ ပါးစပ်လေးဟချိန်မှာ ဖုန်းမြည်သံ ပေါ် လာသဖြင့် ရဲမာန်ကိုင်ပြီး ထူးလိုက်တယ်။

"ဟဲလို. . 'မာန်' ကုမ္ပဏီကပါ"

"ရဲမာန်. . . ငါ သက်ဝေ"

"ဩော်. . . အေး၊ ပြော. . . သူငယ်ချင်း"

"အခြေအနေ ဘယ်လိုလဲ"

"အင်တာဗျူးတုန်းကွ"

"မင်းဟာကလည်း အပိုအလုပ်တွေ၊ ရောက်တာနဲ့ တမ်းခန့်လိုက်ပေါ့"

"ခဏလေးပါကွာ. . . ငါ့အနေနဲ့ လေ့လာခွင့် မရှိတော့ ဘူးလား"

"သဘောပဲ"

သက်ဝေရဲ့ မကျေမနပ်အသံကြောင့် ရဲမာန်ပြုံးလိုက်တယ်၊ ဩော်. . . လူတွေဟာ အချစ်နဲ့ပတ်သက်လာရင် နေရာတကာ စိုးရိမ်ပူပန်တတ်ကြပါလား၊ အဲဒီအထဲမှာ သက်ဝေက အဆိုးဆုံး ဖြစ်မယ် ထင်တယ်။

"မင်းစကားပြောဦးမလား. . . သက်ဝေ၊ အခု ငါ့အခန်း ထဲမှာ"

"အေး. . . ခဏပေးလိုက်ကွာ"

ရဲမာန်လည်း သက်ဝေသဘောအတိုင်း ယမင်းညိုကို ဖုန်း

လိုက်တယ်။ ခုမှ ရဲမာန်လည်း သူ့ရှေ့ရောက်လာတဲ့ ယမင်းညို့ကို သေချာအကဲခတ်ခွင့်ရတော့တယ်။ အနီးကပ်ကြည့်မှ ဒီကောင်မလေး ဟာ ထူးခြားတဲ့ အလှပိုင်ရှင်လေးမှန်း သိလိုက်ရတယ်။ ဒါကြောင့် လည်း သက်ဝေ စွဲလမ်းသွားတာဖြစ်မယ်။

"သက်ဝေ ဘာပြောလိုက်သေးလဲ ယမင်းညို"

"ကျွန်မ အလုပ်ကိစ္စ ကိုရဲမာန်ကို ပြောပြီးပြီတဲ့"

"ငါ့ကို ဝန်ထမ်းအားလုံးက ဘော့စ်လို့ ခေါ်ကြတယ် ကွ"

"ဟုတ်ကဲ့. . . ကျွန်မစကားပြော မှားသွားတာ ခွင့် လွှတ်ပါ"

ရဲမာန်ရယ်ချင်ပေမယ့် ခပ်တည်တည်ပဲ နေလိုက်တယ်၊ အမှန်ဆို သူဟာ ဘော့စ်လို့ အခေါ်ခံချင်တာ မဟုတ်ပါဘူး၊ ဒီ ကောင်မလေးရဲ့ စိတ်ဓာတ်ကိုသိချင်လို့ စမ်းသတ်လိုက်တာပါ။

"ငါနဲ့သက်ဝေက အချစ်ဆုံးသူငယ်ချင်းကွ၊ မင်းကို ငါ ကုမ္ပဏီမှာ အလုပ်ခန့်ဖို့ပြောထားတာမှန်တယ်၊ တကယ်လည်း မင်းမှာ အလုပ်လုပ်ချင်စိတ်ရှိလား"

"ဟုတ်ကဲ့. . . ရှိပါတယ် ဘော့စ်"

ရဲမာန်ပြုံးပြီး. . .

"အရင်တစ်ခေါက် ငါကုမ္ပဏီမှာ အလုပ်လာလျှောက် သေးတယ်ဆို"

"ဟုတ်ကဲ့ ဘော့စ်"

"ဘာဖြစ်လို့ အလုပ်မရတာလဲ"

"မေးတဲ့မေးခွန်း မဖြေနိုင်လို့ပါ"

"ဟုတ်လား. . . ငါ မမှတ်မိလို့ ပြန်ပြောစမ်းပါဦး၊ အရင်တစ်ခေါက်က မင်းကို ဘာမေးလိုက်တာလဲ"

"ကျွန်မ ညံ့တာပါ"

ထိုးပေးလိုက်တယ်။

"ရော့. . . သက်ဝေက မင်းနဲ့ စကားပြောမလို့တဲ့"

ယမင်းညိုလည်း ဖုန်းကိုလှမ်းယူပြီး ထူးလိုက်တယ်. . .

"ဟဲလို"

"ယမင်းညို. . . ကိုယ်စိတ်ပူလို့ လှမ်းဆက်တာ"

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွာ. . . ဘာမှ အားမငယ်နဲ့သိလား၊ ကိုယ်နဲ့ ရဲမာန်က အချစ်ဆုံးသူငယ်ချင်းတွေ"

"ဟုတ်ကဲ့ ဘော့စ် ပြောနေပါတယ်"

'ဘော့စ်. . . ဘယ်ကဘော့စ်လဲ"

"ဟို. . . ကိုရဲမာန်ကို ပြောတာပါ"

"အင်းလေ. . . ရဲမာန်က ရဲမာန်ပေါ့၊ ဘယ်ကဘော့စ်လဲ"

"သူ့ကို အားလုံးက ဘော့စ်လို့ ခေါ်လို့ပါ"

"ဟုတ်လား. . . ဒါဆို ရဲမာန်ကို ဖုန်းပြန်ပေးလိုက်"

"ဟုတ်ကဲ့"

ယမင်းညိုလည်း ရဲမာန်ကိုဖုန်းပြန်ပေးပြီး ပြောလိုက်တယ်။

"ကိုသက်ဝေက စကားပြောဦးမယ်တဲ့"

ရဲမာန်လည်း ယမင်းညိုနဲ့ ပတ်သက်ပြီး အကဲပိုနေတဲ့သက်ဝေကို စချင်သဖြင့် ဖုန်းကိုင်ပြီး ထူးလိုက်တယ်။

"ဟဲလို"

"ဘော"

"ဟင်"

"ဒါပဲ"

"ဟာ"

ရဲမာန်ကြောင်သွားတယ်၊ ပြီးမှ သဘောပေါက်ပြီး ဟက်

ဟက် ပက်ပက်လေး ရယ်မောလိုက်ပါတယ်။

တော်တော်ဆိုးတဲ့ သက်ဝေ၊ သူကိုများ ဘောဒါပဲတဲ့. . .

ယင်းအခိုက်စားစရာဗန်းလေးကို ကိုင်ထားတဲ့မိန်းကလေး တစ်ယောက်နဲ့အတူကိုကျော်မိုး အခန်းထဲပြန်ဝင်လာတယ်။

"ဘော့စ်. . . စားစရာတွေ ရပါပြီ"

"ထားခဲ့ ကိုကျော်မိုး၊ ပြီးတော့ ခင်ဗျားရဲ့ စီမံဌာနမှာ ယမင်းညိုအတွက် တစ်နေရာ လုပ်ပေးလိုက်ပါ။ လစာ စာရင်း ထဲမျာလည်း ဒီလထဲက သူ့နာမည်ကိုထည့်လိုက်၊ လခကိုတော့ ခင်ဗျားနဲ့တန်းတူပေါ့"

"ဟုတ်ကဲ့. . . ဘော့စ်"

ရဲမာန်က ပြောစရာရှိတာပြောပြီး ယမင်းညိုဘက်လှည့်ကာ ကိုကျော်မိုးနဲ့ မိတ်ဆက်ပေးလိုက်တယ်။

"ယမင်းညို. . . ဒါ ကုမ္ပဏီရဲ့ မန်နေဂျာ ကိုကျော်မိုးပဲ၊ သူနဲ့တွဲပြီး မင်းလုပ်ငန်းကို သင်ပါ"

"စိတ်ချပါ ဘော့စ်"

ယမင်းညိုက ရိုရိုသေသေပြောပေမယ့် ရဲမာန်နည်းနည်း တွန့် သွားတယ်။

"ငါ့ကို ကိုရဲမာန်လို့ပဲခေါ်ပါကွာ၊ သက်ဝေကို ကြောက် လွန်းလို့"

ယမင်းညို ကြိတ်ပြုံးလိုက်တယ်။ ကိုသက်ဝေ ဘာများပြော လိုက်ပါလိမ့်၊ သူတို့နှစ်ယောက် အရမ်းခင်မှန်း အပြုအမူတွေက ဖော်ပြနေတယ်။

"ကဲ. . . မင်း စားလိုက်ပါဦး"

"ကျွန်မ မစားတော့ဘူး ကိုရဲမာန်"

"အင်းလေ. . . ဒါဆိုလည်း ကိုကျော်မိုးနဲ့ တစ်ခါထဲ လိုက်သွားတော့"

"ဟုတ်ကဲ့"

ယမင်းညိုလည်း ကိုကျော်မိုးနဲ့အတူတူ အခန်းထဲက ထွက်လာခဲ့တယ်၊ အပြင်ရောက်တော့ ခုနက စားစရာဗန်းလေး ယူလာတဲ့ မိန်းကလေးက ယမင်းညိုနားကပ်ပြီး စပ်စုတော့တယ်။

"ဟိတ်. . . မင်းနာမည်က ယမင်းညိုနော်၊ တို့နာမည်က ခင်ခင်မျိုး၊ စီမံဌာနကပဲ"

"ဟုတ်ကဲ့ ကျွန်မ မှတ်ထားပါတယ်၊ မခင်ခင်မျိုး"

"ယမင်းညို အရမ်းကံကောင်းတယ်သိလား"

"ဘာဖြစ်လို့လဲ"

"မန်နေဂျာနဲ့ လစာအတူတူဆိုတော့ တစ်သိန်းငါး သောင်းရှော၊ ဒါတောင် ဘောနပ်မပါသေးဘူး"

"ဟင်. . . အဲဒီလောက်ထိ ရသလား"


"ဟုတ်တယ်. . . မယုံရင် မန်နေဂျာကိုကျော်မိုးကို မေးကြည့်ပါလား"

"မမေးတော့ပါဘူး"

ယမင်းညို ပြန်ပြောရင်းနဲ့ သက်ဝေမျက်နှာကို ဖျက်ကနဲမြင် ယောင်လိုက်မိတယ်။

ဒီအချိန်ဆို သူဘာတွေလုပ်နေသလဲ. . .

သူမကိုရော သတိရသေးသလား။



"မကျေနပ်ဘူး. . . လုံးဝမကျေနပ်ဘူး"

"ဟား. . . ဟား. . . ဟား"

"မင်းခန့်ကို ဒါမျိုး လာချိုးလို့ရမလား"

"မကျေနပ်ဘူးကွာ. . . တကယ်မကျေနပ်ဘူး"

မင်းခန့်တစ်ယောက် အိမ်ထဲဝင်လာပြီး လက်သီးလက်မောင်းတန်းကာ အော်ဟစ်နေသဖြင့် သက်ဝေ မျက်လုံးပြူးသွားတယ်။

မင်းခန့် ဘာဖြစ်လာတာလဲ။

မဟုတ်တာလုပ်လို့ နာနာဘာဝ ဝင်ပူးတာလား. . .

ဒါမှမဟုတ် မာဆတ်က ချိန္တွယ်ဟာ သူမကို မယူလို့ အောက်လမ်းနဲ့ ပြုစားလိုက်တာလား. . .

တစ်ခုခုတော့ တစ်ခုခုပဲ. . .

သက်ဝေ တွေးနေတဲ့အချိန်မှာပဲ မင်းခန့်က ခုံမှာထိုင်ပြီး အင်္ကျီ ကော်လံကို ပင့်တင်လိုက်တယ်။

အင်း. . . ဒီပုံအတိုင်းဆို နာနာဘာဝတော့ မဖြစ်နိုင်လောက်ဘူး။

မင်းခန့်က သက်ဝေအတွေးကို မရိပ်မိဘဲ. . .

"ငါတကယ်မကျေနပ်ဘူး. . . သက်ဝေ၊ ဒီအကြောင်းကို ပြောချင်နေတာ ကြာပြီ၊ မန္တလေးကို ခဏခရီးထွက်နေလို့ပေါ့ကွာ၊ ဟင်း. . . ဟင်း"

သက်ဝေ ဆက်တွေးလိုက်မိတယ်။

ဒီအသံက ပယောဂအသံ။

"လူတွေ. . . အရှုးမဟုတ်ဘူး၊ မှတ်ထား သက်ဝေ"

ဟော နည်းနည်းကြမ်းလာပြီ၊ ဒါ ပယောဂနဲ့ နာနာဘာဝ ရောထွေးနေတဲ့ အသံ။

"တောက်. . . ဟင်း"

ဘုရား. . . ဘုရား. . . .။

မင်းခန့် မျက်လုံးကြီးပြူးကာ တောက်ခေါက်လိုက်တော့ သက်ဝေ ကျောထဲစိမ့်သွားတယ်။

ဘာလုပ်ရမလဲ. . . .။

ဟုတ်ပြီ

ဒီရောဂါမျိုးကိုတွေ့ရင် သေးနဲ့ပန်းရမယ်လို့ ရဲမာန်တစ်ခါက ပြောဖူးတယ်။ ဒါပေမယ့် အခုအချိန်မှာ သေးနဲ့ပန်းရင် ထထိုးခံရမှာ သေချာတယ်။ ဒီတော့ သေးနဲ့ပက်ရမယ်။ ဟုတ်တယ် သေးနဲ့ပက်ရမယ်။

"ဟိတ်ကောင်သက်ဝေ ငါ့ကိုကြည့်ပြီး ဘာတွေစိတ်ကူးနေတာလဲ၊ မဟုတ်မဟပ်နော် ကြောင်တောင်ဟောင်တော့ မလုပ်နဲ့ ဆွဲဆုတ်ပစ်လိုက်မှာ၊ နဂိုတည်းက တင်းလာတာ ဘာမှတ်လဲ"

ပြဿနာပဲ တော်တော်ကြမ်းလာပါလား။

"ဟဲ ဟဲ ဟဲ"

"ဘာရယ်တာလဲ"

'အမ်'

"မအမ်နဲ့ မေးတာဖြေ"

သက်ဝေ ကိုယ့်အကြံနဲ့ကိုယ်မို့လို့ မျက်နှာရှုံ့မဲ့ပြပြီး

"ငါ အပေါ့သွားချင်လို့"

"သွား. . . မကြာစေနဲ့"

"ကျေး. . . ကျေးဇူး"

သက်ဝေ နေရာမှထကာ ရေချိုးခန်းဘက်ကို အမြန်ထွက်သွားတယ်။

ဒီတော့မှ မင်းခန့်လည်း သဘောကျစွာနဲ့ ရယ်မောလိုက်တယ်။ ကြည့်စမ်း. . . သူစိတ်ဆိုးချင်ယောင်ဆောင်ပြီး ဟိန်းဟောက်လိုက်တာနဲ့ သက်ဝေ ကြောက်သေးပါသွားတာ ရယ်ချင်စရာကြီး. . . ဟင်း. . . တွေ့မယ်၊ ပြန်ထွက်လာမှ ဒီထက်ပိုပြီး ကြောက်သွားအောင် ထပ်ခြောက်လိုက်ဦးမယ်၊ ဒါမှ မှတ်မှာ၊ စားသောက်ဆိုင်မှာ မလိမ့်တပတ်လုပ်ပြီးထားခဲ့ထဲက ကျေနပ်တာမဟုတ်ဘူး၊ ရဲမာန်လည်း ကျန်သေးတယ်၊ အဲဒီပွဲမှာ အဲဒီကောင် ခေါင်းဆောင်ဆိုတာ သူသိတယ်။ တွေ့ကြသေးတာပေါ့ ရဲမာန်ရယ်၊ မင်းခန့်ကို ဘာထင်နေသလဲ. . .

"ဗွမ်း"

"ဟာ. . . ရေ. . . ရေတွေ နံလိုက်တာ"

သက်ဝေ ရေချိုးခန်းထဲက ပြန်ထွက်လာပြီး အိုးထဲက သေးနဲ့ ပတ်လိုက်တာပါ၊ အတွေးတွေနဲ့ မျောနေတဲ့ မင်းခန့်လန့်ဖျန့်သွားတယ်။ ပြီးတော့ နီရဲတဲ့မျက်နှာနဲ့ သက်ဝေကို လှည့်ဟောက်လိုက်တယ်။

"မင်း. . . ဘယ်လိုလုပ်လိုက်တာလဲ သက်ဝေ"

"ပတ်လိုက်တာလေ"

"ဒါ သက်သက်စော်ကားတာ၊ ကိုယ့်အိမ်လာတဲ့သူကို ရေနဲ့ပတ်တာဟာ ခွေးနဲ့ နှိုင်းသလိုပဲကွ"

"ဟာ. . . မဟုတ်ပါဘူးကွာ၊ ငါ မင်းကို ရေနဲ့ပတ်တာ မဟုတ်ပါဘူး"

"ဟင်. . . ဒါဆို ဘာနဲ့ ပတ်တာလဲ"

"သေးနဲ့"

"ဘာ"

မင်းခန့် အော်ပြီးနေရာမှ ဝုန်းခနဲထကာ ရေချိုးခန်းထဲ ပြေးဝင်သွားတယ်။ ခဏကြာတော့ တဗွမ်းဗွမ်းနဲ့ ရေချိုးသံကို သက်ဝေ ကြား လိုက်ရတယ်။

"မဖြစ်ဘူး. . . ပြေးမှ"

သက်ဝေလည်း မင်းခန့်ပြန်ထွက်လာရင် အခြေအနေ ပိုဆိုးလာမှာ သိနေသဖြင့် ရှောင်ရန်ဆုံးဖြတ်လိုက်ပြီး အိမ်ထဲမှ အမြန်ထွက်လာခဲ့ပါတယ်။

မင်းခန့် ဘယ်လိုကျန်ခဲ့တယ်ဆိုတာ သူမသိပါ။ သိလည်း မသိချင်ပါ၊ သူသိချင်တာတစ်ခုကတော့ ကောင်မလေး အလုပ်လုပ်ရတာ အဆင်ပြေလားဆိုတာပါပဲ။

ကောင်မလေးရယ်

မတွေ့ရတဲ့ရက်ကလေးတွေမှာလည်း ငါမင်းကို လွမ်းနေဆဲပါကွယ်။



"အေး. . . အဲဒါကောင်းတယ်ကွ၊ ဒီတစ်ခါတော့ မင်းအရမ်း တော်သွားပြီ သက်ဝေ"

ထုံးစံအတိုင်း သူတို့နှစ်ယောက် မင်းခန့် မသိနိုင်လောက်တဲ့ ဘီယာဆိုင်မှာ ထိုင်ပြီး စကားပြောကြတာပါ။ သက်ဝေက မင်းခန့်ကို သေးနဲ့ပက်ခဲ့တဲ့အကြောင်းပြောပြတော့ ရဲမာန်က အားရဝမ်းသာ ထောက်ခံလိုက်တယ်။

"ငါကလည်း တကယ်ပယောဂဝင်လာတာလို့ ထင်မိတာလေ၊ အဲဒီတော့ မင်းတစ်ခါပြောဖူးတဲ့အတိုင်း သေးနဲ့ ပက်လိုက်တာပေါ့"

ရဲမာန် သဘောကျစွာနဲ့ ရယ်မောလိုက်တယ်။ သက်ဝေဆိုတာ အဲဒီလိုပါ ရိုးတယ်ဆိုတာထက် ပိုရိုးတယ်။ ဒါပေမယ့် သက်ဝေမှာ ချစ်စရာကောင်းတဲ့ စိတ်ဓာတ်ကလေးကတော့ အားငယ်သူကို ဖေးမကူညီတတ်တယ်။ ပြီးတော့ ဘယ်သူ့ကိုမှ မနာလိုစိတ်မရှိဘူး၊ သူတောင်မှ သက်ဝေလိုစိတ်ဓာတ်မျိုး ထားနိုင်ဖို့ တော်တော်ကြိုးစားရမယ်။

"အဲဒီနေ့က မင်းကို ငါနောက်လိုက်တာကွ၊ ပယောဂကို သေးနဲ့ပက်လို့ရရင် ပယောဂကုစားတဲ့ဆရာတွေက ကြိမ်လုံးနဲ့ မရိုက်ဘဲ သေးနဲ့ပက်မှာပေါ့"

"ဟာ. . . ဒါဆိုရင် ငါမှားသွားပြီပေါ့"

"မှားပေမယ့်. . . အမှားကောင်းကွ၊ အဲဒီအတွက် ငါဝမ်းသာတယ်"

သက်ဝေ စိတ်မကောင်းစွာနဲ့ မင်းခန့်မျက်နှာကို ပြန်မြင် ယောင်လိုက်တယ်။

"ဒါဆို ငါပြန်တောင်းပန်မှ ဖြစ်မယ်ရဲမာန်"

"ထားလိုက်စမ်းပါကွာ"

"ဖြစ်ပါ့မလား ဒီကောင် တကယ်စိတ်ဆိုးနေဦးမယ်"

"ဩော် သူငယ်ချင်းတွေပဲကွာ၊ စိတ်ဆိုးလည်းခဏ ပေါ့"

"အေးလေဒါဆိုရင်လည်း မတောင်းပန်တော့ပါဘူး"

သက်ဝေ ဘီယာကို မော့သောက်လိုက်တယ်။ ဒီနေ့ မသောက်တာ ကြာပြီဖြစ်တဲ့ ဘီယာဗူးကိုမှာသောက်တာပါ၊ ခါး သက်သက်အရသာဟာ လည်ချောင်းဝမှတဆင့် အစာအိမ်လမ်း ကြောင်း အတိုင်း စီးဆင်းသွားတယ်။

"မင်းကောင်မလေးက မဆိုးဘူးကွ၊ အနေအထိုင် အပြောအဆို သိမ့်မွေ့တယ်"

"ဒါဆို. . . ငါဖွင့်ပြောရတော့မလား"

"တွေ့တာမှ မကြာသေးတာ"

"အချိန်က အဓိကမှ မဟုတ်တာ၊ အချို့ဆိုရင် ခုတွေ့ တော်ကြာကြိုက်သွားတာတွေ အများကြီးပဲ၊ လောကမှ နောက်ကျ တာဆိုရင် အိပ်တာတစ်ခုပဲ ကောင်းတယ် ရဲမာန်"

"ဟင် မင်းကို ဘယ်သူပြောလဲ"

"ငါ့သူငယ်ချင်း ကိုမိုးပြောတာ၊ သူတို့လင်မယား စညားတုန်းကဆို ညဘက် အိပ်တောင်မအိပ်ဘူးတဲ့"

"ဟင်. . . ဘာလုပ်နေတာလဲ"

"ငါ့ကိုပြောတော့ တီဗွီဂိမ်းထိုင်ဆော့နေတာတဲ့"

"ဟုတ်လို့လားကွာ"

"မယုံရင် မေးကြည့်လေ၊ ကိုမိုးက မိန်းမ မရခင်ထဲက

တီဗွီဂိမ်းဝါသနာအိုး၊ သူယူတဲ့ ကောင်မလေးကလည်း တီဗွီဂိမ်းဆိုင် ပိုင်ရှင်သမီး၊ ဝါသနာတူဆိုတော့ မအီပ်ဘဲ ဆော့မှာပေါ့"

"ဖြစ်နိုင်လောက်ပါပေတယ်"

ရဲမာန် ဝန်သာခံရတာ စိတ်ထဲမှာတော့ မဟုတ်တော့ မဟုတ် လောက်ဖူးလို့ ထင်မိပါတယ်။

"မနက်ဖြန် ငါ. . . ဖွင့်ပြောတော့မယ် ရဲမာန်"

"အေးလေ. . . မင်းဆန္ဒတွေ ပြင်းထန်နေရင်လည်း ငါ မတားတော့ပါဘူး"

"ကျေးဇူးပဲ ရဲမာန်၊ ဒါဆို. . . ယမင်းညိုအတွက် ခွင့်ပေး"

"ဘာ"

"သြော်. . . ယမင်းညို ခွင့်ယူမှာကို ပြောတာပါ"

"ဟာကွာ. . ."

"ဘာဖြစ်လို့လဲ"

"မကြာခင်ကမှ အလုပ်စဝင်တဲ့ဝန်ထမ်းကို ငါက ဘယ် လိုလုပ် ခွင့်ပေးလို့ရမလဲ၊ ကျန်တဲ့ဝန်ထမ်းတွေက ဝိုင်းပြီး လက်ညှိုး ထိုးမှာပေါ့"

"မင်းကလည်းကွာ. . . တစ်ရက်ထဲကို"

'အေး. . . အဲဒီတစ်ရက်ကိုပဲ ပြောနေတာ၊ ကုမ္ပဏီ စည်းကမ်းက အလုပ်ဝင်ပြီး သုံးလကြာမှ ခွင့်ယူပိုင်ခွင့်ရှိတယ်"

"ဒါများကွာ. . . လွယ်လွယ်လေးရယ်"

"အင်း. . . ပြောစမ်းပါဦး၊ ခဟုတ်တာ"

"မင်းက ဘောမဟုတ်လား"

"ဘော့စ် ပါကွာ"

"ဆောရီးကွာ မင်းကဘော့စ်. . . ကုမ္ပဏီက မင်း ကုမ္ပဏီ၊ စည်းကမ်းက မင်းထုတ်တာ၊ ငါက မင်းရဲ့အချစ်ဆုံး

သူငယ်ချင်း၊ ယမင်းညိုဆိုတာ မင်းကုမ္ပဏီရဲ့ဝန်ထမ်း၊ မင်းရဲ့ သူငယ်ချင်း ချစ်နေတဲ့သူ၊ အဲဒီတော့ မင်းထုတ်ထားတဲ့ စည်းကမ်း အောက်မှာ စာတစ်ကြောင်း ထပ်ဖြည့်လိုက်ပါ၊ (မှတ်ချက်။ ။ ကုမ္ပဏီပိုင်ရှင်နှင့် ပတ်သက်တဲ့လူများမပါ). . ."

"ကောင်းရော"

ခုမှ ရဲမာန်တကယ် စိတ်ပျက်သွားတယ်။ ကုမ္ပဏီ စတည် ထောင်တည်းက ထုတ်ပြန်ထားတဲ့ စည်းကမ်းဟာ သက်ဝေနဲ့ကျမှပဲ (မှတ်ချက်။ ကုမ္ပဏီ ပိုင်ရှင်နှင့် ပတ်သက်တဲ့လူများ မပါ) ကို ထပ် ထည့်ရမလို ဖြစ်သွားတယ်။ အများနဲ့လုပ်တဲ့ ကုမ္ပဏီဆိုရင် ဘုတ် အဖွဲ့လူတွေ ဝိုင်းဆဲတာနဲ့ပဲ သူလည်း နေစရာရှိတော့မှာ မဟုတ်ပေ၊ တော်သေးတာပေါ့ ကိုယ်တတ်နိုင်တဲ့ ပိုက်ဆံလေးနဲ့လုပ်တဲ့ လုပ်ငန်းဖြစ်နေလို့. . .

"ဘယ်လိုလဲ ဖြစ်တယ် မဟုတ်လား. . . ရဲမာန်"

"မှတ်ချက်တော့ ထပ်မထည့်ပါရစေနဲ့ကွာ. . . မင်းလို ချင်ရင် မသိမသာ ငါပေးပါ့မယ်"

"ဒါဆိုလည်း. . . မှတ်ချက်။ ။ မသိမသာပေးလို့ရတယ် လို့ ထပ်ထည့်လိုက်ပေါ့"

ရဲမာန်ပြောလိုက်ချင်တဲ့စကားလုံးများကို ဘီယာနဲ့အတင်း မျိုချလိုက်တယ်၊ သက်ဝေသာ ကုမ္ပဏီပိုင်ရှင်ဖြစ်ရင်တော့ အဲဒီ ကုမ္ပဏီဟာ တစ်နေ့တစ်မျိုး မူတွေပြောင်းမှာ သေချာပါတယ်။

"ဘုရား. . . ဘုရား"

သက်ဝေ ကုမ္ပဏီပိုင်ရှင် မဖြစ်ပါစေနဲ့. . .



## အခန်း(၇)

မတွေ့ရတဲ့ ရက်ကလေးတွေမှာ ကောင်မလေး ဘယ်လောက်အထိ လှလာမလဲ။

သက်ဝေတစ်ယောက် ကားလေးနဲ့အတူ အဆောင်ရှေ့ရောက်သွားချိန်မှာ ယမင်းညိုကို တန်းတွေ့လိုက်ရလို့ကြည်နူးပြီး သတိလက်လွတ်နဲ့ ငေးကြည့်မိလိုက်တယ်။ တကယ်ဆို သူမဟာသူ့ရဲ့ နှလုံးသား တစ်ခုလုံးကို ဆွဲကိုင်လှုပ်နိုင်စွမ်း ရှိသူတစ်ယောက်ပါ။

"ဘာကြည့်နေတာလဲ"

ယမင်းညိုက သက်ဝေအကြည့်ကို သတိပြုမိသွားသဖြင့် ရှက်ရွံ့ သလိုနဲ့ ပြုံးပြီးမေးတယ်။ အဲဒီအပြုံးကိုလည်း သက်ဝေ စွဲလန်းသွားပါတယ်။

"ဒီနေ့. . . မင်း ပိုပြီး လှနေသလိုပဲ"

"အို. . ."

ယမင်းညို ခေါင်းလေးငုံ့သွားတယ်။

"တက်လေ. . . သွားကြမယ်"

သက်ဝေပြောတော့ ယမင်းညို ခေါင်းလေးပြန်မော့လာပြီး။

"ကိုသက်ဝေ. . . ကုမ္ပဏီအထိ လိုက်ပို့မှာလားဟင်"

"ဘာဖြစ်လို့လဲ"

"ဟို. . ."

သက်ဝေတစ်ယောက် ယမင်းညိုရဲ့ အမူအယာကိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်သွားတယ်။ သူမပုံစံက တစ်ခုခုကို စိုးရွံ့

နေသလိုပါပဲ၊ ဘာကို ကြောက်ရွံ့စိုးရွံ့နေတာလဲ. . .

"မင်းဘာဖြစ်နေတာလဲ ယမင်းညို ဘာအခက်အခဲရှိလဲ၊ ကိုယ့်ကိုပြောပါ"

ယမင်းညိုမျက်နှာ ကွက်ခနဲပျက်သွားတယ်။ ထို့နောက် ဘာစကားမှ မပြောတော့ဘဲ ကားတံခါးဆွဲဖွင့်ပြီး သက်ဝေဘေးနား မှာဝင်ထိုင်တယ်။ ဒီအပြုအမူမျိုးကို သက်ဝေမကြိုက်ပါ။ သူမ ဘာ ဖြစ်နေတာလဲ၊ သူ့မှာတော့ ချစ်လိုက်ရတာ ရင်နဲ့မဆန့်အောင်ဘဲ၊ လူဆိုတာစိတ်ညစ်စရာ စိတ်ရှုပ်ထွေးစရာဆိုတာ အချိန်မရွေး ပေါ် ပေါက်လာတတ်ကြပါတယ်။ ဒါပေမယ့် ကိုယ်ချစ်တဲ့ချစ်သူကိုတော့ မကြုံစေချင်ပါ၊ ဒါဟာအတ္တလွန်ကဲတဲ့ အချစ်လို့ဆိုမလား. . .

"မင်းအလုပ် လုပ်ရတာ အဆင်ပြေလား ယမင်းညို"

"ဟုတ်ကဲ့. . . ပြေပါတယ်"

"ဒါနဲ့ ပိုက်ဆံကုန်ပြီလား"

"ရှိသေးတယ်"

"နေ့လည်စာ ဘယ်မှာစားလဲ"

"ကျွန်မ မနက်ထဲက အဝစားလာတာ"

သက်ဝေ စိတ်မကောင်းစွာနဲ့ ကားကိုဆက်မောင်းလာခဲ့တယ်၊ ဝမ်းအပြင် ပုပ်မှ မပါတာ၊ မနက်ထဲက အဝစားလာတယ်ဆိုပေမယ့် အချိန်တန်ရင်တော့ ဆာမှာပေါ့"

"နေ့လည်ရောက်တော့ မင်းမဆာဘူးလား"

"ကျွန်မက အကျင့်ဖြစ်နေပြီ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွာ၊ လူခန္ဓာကိုယ်ဆိုတာ သွေးသားတွေနဲ့ ဖွဲ့စည်းထားတာ၊ ရုပ်ကို အဟာရစောင့်ဆိုတဲ့စကား မင်းကြားဖူးမှာပေါ့၊ ဘယ်လောက်ကြီးပဲ အလေ့အကျင့်ဖြစ်ဖြစ် စားချိန်တန်ရင် စားရမှာပဲ၊ အိပ်ချိန်တန်ရင် အိပ်ရမှာပဲ၊ ဒါမှ ကျန်းမာ အသက်ရှည်မှာ မဟုတ်လား"

"ဟုတ်ပါတယ် ကိုသက်ဝေ၊ ဒါပေမယ့် တစ်ခါတစ်လေ ဘဝဆိုတာ ကံစီမံတဲ့အတိုင်း နေရတာလေ။ အရင်လို လမ်းပေါ်က ကောင်မလေးတစ်ယောက် မဟုတ်တော့ပေမယ့် လမ်းပေါ်မှာ နေခဲ့တဲ့ အကျင့်လေးကတော့ ကျန်သေးတယ်"

"ကိုယ်က မင်းအတွက် စိုးရိမ်လို့ပါ"

"ကျွန်မ ယုံပါတယ်"

"ဒါနဲ့ ကိုယ့်ကို ဘာဖြစ်လို့ ကုမ္ပဏီအထိ လိုက်ပို့မှာလားလို့ မေးတာလဲ"

"ကျွန်မကြောင့် ကိုသက်ဝေ သိက္ခာကျသွားမှာ စိုးလို့ပါ"

"ဘယ်လို"

သက်ဝေလုံးဝ နားမလည်နိုင်အောင် ဖြစ်သွားပြီး. . .

"မင်းပြောတာ ကိုယ်မရှင်းဘူး. . . ယမင်းညို၊ ဒါကြောင့် ဒီကိစ္စကို ဆိုင်တစ်ဆိုင်မှာထိုင်ပြီး စကားပြောကြမယ်"

သက်ဝေပြောပြီး လမ်းဘေးက ဆိုင်တစ်ဆိုင်မှာ ကားကို ထိုးရပ်လိုက်တယ်။

"ကဲ. . . ဆင်း၊ ကိုယ်တို့ တစ်ခုခုစားပြီး ဆွေးနွေးကြရအောင်"

ယမင်းညို ဘာမှမပြောဘဲ ကားပေါ်ကဆင်းလိုက်တယ်၊ ဆိုင်ထဲရောက်တော့ သက်ဝေက စားစရာကို ဦးဆောင်ပြီး မှာလိုက်တယ်၊ ထို့နောက် ပကတိ ဖြူစင်သန့်ရှင်းနေတဲ့ ယမင်းညိုရဲ့ မျက်နှာလေးကိုကြည့်ကာ ချစ်အားပိုလာတယ်။ ခုအချိန်မှာ ကောင်မလေးဟာ အမိန့်နာခံတဲ့ တပည့်တစ်ယောက်လိုပါပဲ၊ ငြိမ်နေပုံက အရမ်းကို ချစ်စရာကောင်းနေတယ်။

"ကဲ. . . ကိုယ်တို့ စကားဆက်ကြရအောင် ယမင်းညို၊ မင်းက ဘာတွေလုပ်နေလို့ ကိုယ်က သိက္ခာကျရမှာလဲ"

ယမင်းညိုက ပြန်မဖြေဘဲ မျက်လွှာလေးချကာ ဆက်လက်ငြိမ်သက်နေတယ် ဒါကိုကြည့်ပြီး သက်ဝေ အားမလို၊ အားမရဖြစ်လာပါတယ်။

"မင်းကို ကိုယ်ယုံတယ် ယမင်းညို၊ မင်းဟာ ဘယ်တော့မှ ကိုယ့်ကို သိက္ခာကျအောင် မလုပ်ဘူးဆိုတာ သိနေတယ်"

သက်ဝေက ရဲဝံ့လာအောင် အားပေးလိုက်တာပါ။ သူ့ရှေ့မှာရှိတဲ့ သူမပုံစံလေးက ကြောင်ရှေ့ရောက်တဲ့ ကြွက်ပေါက်စလေးလိုပဲ၊ မဝံ့မရဲ ချစ်စရာ အမူအယာလေးက ဘယ်အရာနဲ့မှ ဖုံးကွယ်မထားနိုင်ပေ။ ဒီအချိန်မှာ ရင်ထဲကို ရဲရင့်ခြင်းတွေ ထည့်ပေးလိုက်ချင်ရဲ့. . .

"ကိုယ့်ဘက်ကတော့ စကားကုန်သွားပြီ ယမင်းညို၊ ဘာပဲဖြစ်ဖြစ် မင်းအနေနဲ့ ကိုယ့်ကိုယုံကြည်သင့်တယ်"

သက်ဝေစကားအဆုံး ယမင်းညိုမျက်လုံးတွေ အရောင်တောက်လာပြီး အားယူထားတဲ့ လေသံလေးနဲ့. . .

"ကုမ္ပဏီက ကျွန်မကို လခကောင်းကောင်းပေးတယ်၊ ကိုရဲမာန်ကိုယ်တိုင်ကလည်း ပုဂ္ဂိုလ်ရေးအရ အခွင့်အရေး ပေးထားတဲ့အတွက် ဘယ်သူမှလဲ မခိုင်းရဲဘူး၊ ပြီးတော့ ကျွန်မကို ဝန်ထမ်းတွေက ပြန်ပြီးကြောက်လန့်နေသလိုပဲ၊ ကျွန်မရှေ့မှာ အမှားအယွင်းလုပ်မိသွားမှာကို ဝန်ထမ်းတွေအကုန်လုံး စိုးရိမ်နေကြတယ်"

"အဲဒါ မင်းစိတ်ထင်လို့ ဖြစ်မှာပါ"

"ထားပါတော့. . . ဒါဆို ကိုသက်ဝေက ဘယ်လိုလူမျိုးလဲ၊ ကုမ္ပဏီမှာ ကိုသက်ဝေရဲ့ ဩဇာလွှမ်းမိုးမှုက ဘယ်လောက်ရှိသလဲ"

သက်ဝေ သဘောကျစွာနဲ့ ပြုံးလိုက်တယ်။ သူမဟာ

အနည်းငယ် ရဲဝံ့လာသလိုပဲ၊ သူ့ကိုပြန်ပြီး မေးခွန်းထုတ်ပုံက လွှမ်းမိုးမှု တစ်ခုအောက်က ရုန်းထွက်လိုဟန်ရှိတယ်။

"ကိုယ်က လူထဲက လူတစ်ယောက်ပါကွာ၊ လောလောဆယ် ဘာအလုပ်မှမလုပ်တဲ့လူတစ်ယောက်ဆိုရင် ပိုမှန်ပါတယ်၊ ကုမ္ပဏီအပေါ်မှာ ကိုယ့်ရဲ့ ဩဇာလွှမ်းမိုးမှု ဘာမှမရှိဘူး၊ ရဲမာန်လို ထက်မြက်တဲ့လူတစ်ယောက်က ကိုယ့်ရဲ့ ဩဇာကို ခံမယ်တဲ့လား၊ မင်းသေချာစဉ်းစားပါ"

ယမင်းညိုက စူးရဲစွာနဲ့ သက်ဝေကို ကြည့်လိုက်တယ်၊ ထိုအကြည့်ကို သက်ဝေ ရင်ဆိုင်မိတဲ့အချိန်မှာတော့ ရင်အစုံက ဝုန်းဒိုင်းကြသွားတယ်။ သူမဟာ သူ့ရဲ့စိတ်အလျှင်ကို အစဉ်စိုးမိုးနိုင်စွမ်းရှိသူပါ။

"ကျွန်မကို ဝန်ထမ်းတွေက ပြောကြတယ်။ ကိုသက်ဝေက သူဌေးကြီးဦးသက်ပိုင်ရဲ့ တစ်ဦးတည်းသော သားတဲ့၊ ပြီးတော့ ကျွန်မနဲ့ ကိုသက်ဝေကို ဘာတော်ကြသလဲလို့ မေးကြတယ်။ ကျွန်မဟာ မိဘ မရှိတော့တဲ့ တစ်ကောင်ကြွက်ပါ၊ တတ်နိုင်ရင် ဒီအလုပ်ကို မလုပ်ချင်တော့ဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန် ကျွန်မအကြောင်း သိသွားရင် ကိုသက်ဝေသိက္ခာကျမှာ. . . ကျွန်မကြောင့် အဲဒီလိုဖြစ်သွားမှာ စိုးရိမ်တယ်"

ဩော်. . . လတ်စသတ်တော့ သူမဟာ သူ သိက္ခာကျမှာစိုးလို့ ဘဝနဲ့လဲပြီး အနစ်နာခံဖို့ ကြိုးစားနေတာပါလား။

"ယမင်းညို"

"ရှင်"

"ဒီနေ့ မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်၊ ပြီးတော့ စိတ်ကူးယဉ်ခဲ့တဲ့ ကိုယ့်ရဲ့ ဗိမ္မာန်လေးကိုလည်း ပြချင်တယ်၊ အဲဒီအတွက် ကိုယ်နဲ့ လိုက်ခဲ့ပေးပါနော်၊ ကိုယ့်အတွက် စိုးရိမ်ပေးတဲ့ မင်းကိုလည်း အရမ်းကျေးဇူးတင်ပါတယ်။

"ကိုသက်ဝေ ဘယ်သွားမှာလဲ၊ ကျွန်မအလုပ်က. . ."

ကိုယ့်ကို ခဏလောက် နားလည်ပေးပါကွာ၊ ရဲမာန်ကိုလည်း ကိုယ်ပြောပြီးပါပြီ၊ ကိုယ့်ဘဝရဲ့ အရေးကြီးဆုံးဟာ ဘာလဲဆိုတာ မင်းကို သိစေချင်လို့ပါ"

"အင်းလေ. . . ဒါဆိုလည်း ကိုသက်ဝေ သဘောပါပဲ"

"ဝမ်းသာပါတယ်. . . ယမင်းညို၊ မင်းမျက်နှာလေး ညိုမှိုင်းနေရင် ကိုယ်မနေတတ်ဘူး"

ကျွန်မလည်း ကိုသက်ဝေကို ပျော်စေချင်ပါတယ်"

"ဟာ"

ယမင်းညိုဆီက ထွက်ပေါ်လာတဲ့ စကားတစ်ခွန်းကြောင့် သက်ဝေရင်ထဲ အရမ်းကြည်နူးသွားမိတယ်။ လှပတဲ့ မျက်နှာလေးကို ငေးကြည့်မိတော့ အရမ်းကို ကဗျာဆန်လွန်းနေပါတယ်။ သူမဟာ အရိုးခံအတိုင်း ရင်ထဲရှိတဲ့ ခံစားချက်ကို ထုတ်ဖော်ပြသလိုက်ပါပြီ၊ သူရော ဘာလုပ်မလဲ. . .

စားပွဲပေါ် တင်ထားတဲ့ သူမရဲ့လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး ရဲဝံ့ယုံကြည်တဲ့ အားအင်တွေ ထည့်ပေးလိုက်ချိန်မှာတော့ သက်ရှိ အားလုံးနားလည်စွာနဲ့ ငြိမ်သက်ပေးကြတယ်။



ဆိတ်ငြိမ်ရပ်ကွက်လေးတစ်ခုမှာ သီးသန့်ဆန်တဲ့ တစ်ထပ်တိုက်လုံးချင်းအိမ်လေးတစ်လုံးရှိပါတယ်။

ထိုအိမ်ရှေ့ရောက်တဲ့အခါမှာ သက်ဝေက ကားရပ်ပြီး ဟွန်းတီးလိုက်လို့ ခြံစောင့်တစ်ယောက် အပြေးအလွှား ထွက်လာပြီး တံခါးဖွင့်ပေးတယ်။

အိမ်လေးက သပ်သပ်ရပ်ရပ်နဲ့နေချင်စဖွယ်လေးပါ။ မကြာသေးခင်ကမှ ဆေးသုတ်ထားတဲ့အတွက် သစ်လွင်တောက်ပနေတယ်။

ယမင်းညို အိမ်လေးကိုကြည့်ကာ သဘောကျသွားတယ်။ ဒါပေမယ့် ဘာကြောင့် ဒီကိုခေါ်လာရတာလဲ ဆိုတဲ့ အဖြေကိုတော့ စဉ်းစားလို့မရပေ၊ သက်ဝေကို လှည့်ကြည့်တော့ အံ့သြစရာကောင်းတဲ့ မြင်ကွင်းကို မြင်လိုက်ရတယ်။

"ဟင်"

သူ့ရဲ့ မျက်လုံးတွေက ရီဝေနေပါလား၊ နှုတ်ခမ်းနှစ်လွှာကလည်း မအေးဘဲနဲ့ တဆတ်ဆတ်တုန်နေတယ်။ မျက်နှာအမူအယာတွေက တစ်စုံတစ်ယောက်ကို လွမ်းဆွတ်နေသလိုပဲ. . .

"ဆရာလေး. . . ဧည့်သည်ပါလာတာလား"

"ဪ. . . အင်း"

သက်ဝေလည်း ခြံစောင့်ဦးလေးကြီးအသံကြားမှ သတိပြန်ဝင်လာတယ်။ ဒီအိမ်လေးဟာ သူ့ဘဝရဲ့ အမှတ်တရဆိုရင်လည်း မမှားပါဘူး၊ ဒီအိမ်လေးကိုလာတိုင်း သူကြေကွဲမိတတ်တယ်။

"ကျုပ်ဘာလုပ်ပေးရမလဲ ဆရာလေး"

"ရတယ်. . . ဦးလေး၊ အိမ်တံခါးသာ ဖွင့်ထားပါ"

"ကောင်းပါပြီ"

ခြံစောင့်ဦးလေးကြီးက အိမ်တံခါးတွေဖွင့်ဖို့ ထွက်သွားတယ်၊ ဒီတော့မှ သက်ဝေလည်း ယမင်းညိုဘက်လှည့်ကာ တောင်းပန် လိုက်တယ်။

"ဆောရီးနော်. . . ကိုယ့်ကြောင့် မင်းစိတ်အနှောင့် အယှက် ဖြစ်သွားသလား"

"ရပါတယ်. . . ကျွန်မက ကိုသက်ဝေနဲ့ ပတ်သတ်ပြီး ဘာမဆို အလိုက်တသိနဲ့ နားလည်ပေးရမှာပေါ့"

သက်ဝေ အတိုင်းမသိ ဝမ်းသာသွားတယ်၊ သူချစ်မိတဲ့ ကောင်မလေးဟာ အရမ်းကို စိတ်သဘောထား ဖြူစင်မြင့်မြတ် လွန်းပါလား။ ဒီနေရာကို ခေါ်လာရကျိုးနပ်ပါပြီ. . .

"လာ. . . ဆင်း. . . ဒီနေ့တော့ ကိုယ်နဲ့ပတ်သက်တဲ့ အကြောင်းအရာ တွေကို ပြောပြမယ်"

ယမင်းညိုက သက်ဝေနဲ့အတူတူ ကားပေါ်က ဆင်းကာ အိမ်ထဲ ဝင်လိုက်တယ်။ အိမ်လေးဟာ တကယ့်ကို ဗလာသက်သက်ပါ။ ဘာ ပရိဘောဂမှ မရှိဘဲ ရှင်းလင်းနေတာကိုက ကြည့်ရတာ မျက်စိအလွန်အေး နေတယ်။

သက်ဝေက အခန်းတစ်ခုရှေ့ရောက်တော့ သော့တစ်ချောင်း နဲ့ ဖွင့်လိုက်ပြီး ယမင်းညိုဘက်လှည့်ကာ ပြောလိုက်တယ်။

"အခန်းထဲမှာ ကိုယ့် မေမေရှိတယ်။ ခုလို မင်းလိုက်လာ တဲ့အတွက် မေမေ ဝမ်းသာမှာပါ"

"ရှင်"

ယမင်းညို အံ့သြသွားတဲ့အချိန်မှာပဲ သက်ဝေက လက်က လေးကို ညင်သာစွာကိုင်ပြီး အခန်းထဲကို ဆွဲခေါ်လိုက်ပါတယ်။

အထဲရောက်တော့ ယမင်းညိုရဲ့မျက်လုံးတွေ ဝိုင်းစက်ပြူး ကျယ် သွားပါရဲ့။

အခန်းတစ်ခုလုံး အေးစက်တဲ့ အငွေ့အသက်များ ဖုံးလွှမ်းနေသလို။

သက်ရှိလားလို့ ထင်မှတ်လောက်အောင် အလွန် လက်ရာမြောက်တဲ့ ရုပ်ထုကြီးကလဲ သူတို့နှစ်ယောက်ကို ပြုံးကြည့်နေတယ်။

"ဒါ ဘယ်သူ့ပုံလည်းဟင်"

ယမင်းညိုက စိတ်ကိုပြန်လည်စုစည်းပြီး တည်တည်ငြိမ်ငြိမ်နဲ့ မေးလိုက်တော့ သက်ဝေရဲ့ ရီဝေနေတဲ့ မျက်လုံးတွေက ပိုပြီး ရီဝေသလာသလိုပဲ၊ သူမတောင် ထိုပုံစံကိုမြင်တော့ ဝမ်းနည်းသလို ခံစားရတယ်။

"မေမေ"

"ဒါ. . . ကိုသက်ဝေ မေမေလား"

"ဟုတ်တယ်. . . ဒါ ကိုယ့်ရဲ့ အချစ်ဆုံးမေမေပဲ၊ မင်းလည်း မိဘနဲ့ ငယ်ငယ်လေးထဲက ကွဲကွာခဲ့ရသလို၊ ကိုယ်လည်း မေမေနဲ့ ငယ်ငယ်လေးထဲက ကွဲကွာခဲ့ရတယ်"

"ကိုသက်ဝေမှာ ဖေဖေရှိသေးတယ်လေ"

"ဟင့်အင်း. . . ကိုယ့်မှာ ဖေဖေမရှိချင်ဘူး၊ ဖေဖေက ကိုယ့်ကို မချစ်ဘူး။ မေမေပဲ ရှိချင်တယ်။ မေမေသာ အိပ်မက်တွေ အများကြီး မက်ပေးတာ၊ ဒီအိမ်လေးဟာလည်း မေမေ မသေခင်က မက်ပေးတဲ့ ကိုယ့်ရဲ့အိမ်မက် အစိတ်အပိုင်းတစ်ခုပဲ"

"ကျွန်မ စိတ်မကောင်းပါဘူး"

"ရပါတယ်ကွာ. . . မင်းအဖြစ်က ကိုယ့်ထက်ဆိုးခဲ့တယ် မဟုတ်လား၊ မင်းတောင်မှ ကြံ့ကြံ့ခိုင် နိုင်သေးတာပဲ၊ ကိုယ်က ဘာကို ဂရုစိုက်ရမှာလဲ၊ ပြီးတော့ မေမေမသေခင်မှာ ကိုယ့်ကို အိမ်မက်တစ်ခု မက်ပေးခဲ့တယ်။ အဲဒါက သားချစ်တဲ့ ချစ်သူနဲ့ လက်ထပ်ပြီးရင် ဒီအိမ်လေးမှာ လာနေပါတဲ့၊ ဒါမှ ပျော်စရာကောင်းတဲ့ သားတို့မိသားစုကို တမလွန်ကနေ မေမေမြင်ရမှာတဲ့၊ ရယ်စရာလည်း ပြောသေးတယ် သိလား၊ မေမေရဲ့ မြေးလေးတွေကို သားကရိုက်လို့ရှိရင် မေမေကလည်း တမလွန်ကလာပြီး သားကိုရိုက်မယ်တဲ့၊ အဲဒီလို မေမေပြောတဲ့အချိန်မှာ အစာအိမ်ကင်ဆာက ရင့်နေပြီ၊ ကိုယ်လေ မေမေသေတော့မှန်း သိနေတဲ့အတွက် အနားက မခွာဘဲ အမြဲတမ်းငိုခဲ့တယ်။

မေမေက ငိုတာမကြိုက်ဘူး၊ ဝေဒနာကိုခံစားနေရတာတောင် ကိုယ့်ကို ပျော်ရွှင်အောင် အိမ်မက်တွေ အများကြီး မက်ပေးတယ်၊ ဒါပေမယ့် မေမေရဲ့ အိမ်မက်ဆိုရင် ဖေဖေက ရိုက်ချိုးဖို့ ဝန်မလေးဘူး၊ အခုလည်း ကိုယ်လုံးဝလက်မခံနိုင်တဲ့ အရာကို ဖေဖေကလုပ်ဖို့ ကြိုး စားနေတယ်။ ကိုယ်သာ သဘောတူရင် ဖေဖေက ဒေါ်ခင်မေသော်ကို လက်ထပ်ချင်တယ်တဲ့၊ ဒီကိစ္စကို ကိုယ်လုံးဝ သဘောမတူဘူး၊ မေမေ အရိပ်ငွေ့တွေ ကိုယ့်ရင်ထဲက မပျောက်ဆုံးသ၍ မိထွေးကို အမေ မတော်နိုင်ဘူး၊ ကိုယ့်ဘဝမှာ အမေဆိုတာ တစ်ယောက်တည်းပါ၊ မေမေ ဘဝမှာလည်း သားဆိုတာ ကိုယ်တစ်ယောက်ထဲရယ်။ ဒါကြောင့် ဖေဖေ့ လုပ်ရပ်ကို ကိုယ်ကတော့ အတတ်နိုင်ဆုံး ဆန့်ကျင်ရမှာပဲ။ အဲဒီလို ဆန့်ကျင်နေတာကိုလည်း တမလွန်က မေမေသိမှာပါ"

သက်ဝေ စကားကိုရပ်ပြီး ယမင်းညိုကို ကြည့်လိုက်တယ်။ ဟင် သူ့လိုပဲ သူမလည်း ကြေကွဲနေပါလား. . .

"ယမင်းညို"

သက်ဝေခေါ်တော့ ယမင်းညိုက သက်ဝေမျက်နှာလေးကို ပြန်ပြီးကြည့်လိုက်တယ်။ သူ ဘာပြောချင်လို့လည်း၊ ရင်ဖိုလှိုက်မောသံများနဲ့အတူ စိတ်ကိုတင်းပြီး အသံကို တည်ငြိမ်အောင်ကြိုးစားနေပေမယ့် ခံစားမှုတွေ ပရမ်းပတာ ဖြစ်နေတာ သူမသိနေတယ်။ သူမဟာ သူပြောနေတဲ့စကားများကို တည်ငြိမ်မှုကင်းမဲ့စွာနဲ့ နားထောင်နေသူပါ၊ သူက ရီဝေတဲ့အဆွေးတွေနဲ့ ကြည့်နေတော့ သူမနှလုံးသားတွေ တုန်ရီလှိုက်မောနေတာပေါ့။

"ကိုသက်ဝေ ဘာပြောချင်လို့လဲဟင်"

"ဟင်း. . ."

သက်ဝေ သက်ပြင်းချလိုက်တယ်။ ပြီးတော့ သူမသိအောင် စကားတစ်ခွန်းကို တိုးတိုးလေး ပြောလိုက်တယ်။

"ကိုယ်. . . မင်းကို အရမ်းချစ်မိပြီ ယမင်းညို"

"ရှင်. . ."

ယမင်းညို တခဏအငိုက်မိသွားတယ်၊ ဒီအချိန်မှာ သူ့ဆီက ချစ်ခြင်းတစ်ခုရဲ့ ဖွင့်ဟဝန်ခံခြင်းကို ကြားရမယ်လို့ မထင်ခဲ့ပါ၊ နှလုံးသားကို သေသေချာချာ ပြန်စမ်းစစ်ကြည့်မိတော့ တွယ်တာမှုတစ်ခုကို အလွယ်တကူဖြတ်တောက်လို့မရမှန်း နားလည်လိုက်တယ်။

"ကိုယ့်အချစ်ကို ယုံပါ ယမင်းညို၊ မလွန်ဆန်နိုင်တဲ့ နှောင်ဖွဲ့မှုတစ်ခုကစပြီး မင်းကို အရမ်းချစ်မိခဲ့တာပါ၊ ဒီအိမ်ကို ခေါ်လာ ရတာ ဟာလည်း မေမေ့ရှေ့မှာ ကိုယ်ချစ်တဲ့ချစ်သူဟာ မင်းပဲဆိုတာ ပြောပြချင်လို့ပါ၊ မေမေပေးခဲ့တဲ့ မိသားစုဘဝလေးကိုလည်း မင်းနဲ့ပဲ တည်ဆောက်ချင်တယ်"

သက်ဝေ ခံစားချက်အားလုံးကို ရင်ဖွင့်ပြီး သူမမျက်နှာကို မြတ်မြတ်နိုးနိုးနဲ့ စိုက်ကြည့်လိုက်တယ်။ စတွေ့ထဲက မှုန်ကုတ်ကုတ်မျက်နှာလေးနဲ့ ကလေးတစ်ယောက်လို ချစ်စရာကောင်းတဲ့

ကောင်မလေးကို ပိုင်ဆိုင်ဖို့ ကြိုးစားရတော့မယ်။

ရှူးသွပ်စွာ. . .

စွဲလမ်းစွာ. . .

မြတ်နိုးစွာ. . .

တန်ဖိုးထားမိသူအတွက် ပေးဆပ်နိုင်စွမ်းရှိတဲ့ အရာအားလုံးကို ပေးဆပ်ဖို့ အသင့်ပါပဲ။ ထို့ကြောင့် သူမရဲ့လက်ကလေးကို ညင်သာစွာ ကိုင်ပြီး လက်ခုံလေးကို နမ်းရှိုက်လိုက်တယ်။

"အို. . ."

သူမရင်ထဲ နွေးထွေးလှိုက်ခါသွားပါတယ်။ သူ့မျက်နှာလေးကို ယောင်ယမ်းပြီး ကြည့်မိတော့ အချစ်ရည်တွေနဲ့ ရွှန်းလဲ့နေတာ တွေ့ရတယ်။

"ကိုယ့်ကို ချစ်လားဟင်"

သူမနှုတ်က ဖွင့်ပြောဖို့ မဝံ့မရဲဖြစ်နေတဲ့အတွက် ခေါင်းညိမ့်ပြလိုက်တယ်။ ဒါကြောင့် သက်ဝေလည်း ချစ်သူရဲ့ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး၊ ပါးပြင်အနှံ့ မြတ်နိုးစွာ နမ်းရှိုက်လိုက်ပါတယ်။

"သိပ်ချစ်တယ်. . . ချစ်လေးရယ်"

"ကျွန်မလည်း မောင့်လိုပါပဲ ရှင်"

သူမဟာ အထိန်းအကွပ်မဲ့နေတဲ့ ရင်ခုန်သံတွေနဲ့အတူ မောင့် ရင်ခွင်ထဲမှာ ငြိမ်သက်စွာနေပြီး အနမ်းတွေကို နှစ်သက်စွာ ခံယူလိုက်ပါတယ်။

ခုတော့ ဆွဲအားပြင်းတဲ့ အချစ်ရဲ့ ညို့ယူဖမ်းစားခြင်းကို သူတို့နှစ်ဦး ခံစားလိုက်ရတယ်ဆိုရင် မှားမယ်မထင်ပေ။



အခန်း(၈)

"ဒါဆို မင်းတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြပြီ ပေါ့"

"ဟုတ်တယ် ရဲမာန်၊ မေမေ့ရှေ့မှာပဲ ငါတို့နှစ်ယောက် ချစ်သူတွေ ဖြစ်ခဲ့ကြတာ"

"အင်း. . . ဒါဆို မင်းဘာဆက်လုပ်မလဲ သက်ဝေ၊ ယမင်းညို အနေအထားကို မင်းအဖေက သဘောတူပါ့မလား"

"ဘာတတ်နိုင်မှာလည်းကွာ. . . ဖြစ်လာမှတော့ ရင်ဆိုင်မှာပေါ့"

"မလွယ်ဘူးထင်တယ်နော်"

"ငါလည်း သဘောပေါက်ပါတယ် ရဲမာန်၊ ဒါပေမယ့် သူ့ကို စွန့်လွှတ်ဖို့အင်အား ငါ့မှာ မရှိဘူး။ သူ့ကိုပဲ ငါချစ်တယ်၊ သူနဲ့ပဲ ဘဝ တစ်ခုကို တည်ဆောက်မယ်"

"လေးစားသွားပြီ သက်ဝေ၊ အချစ်ဆိုတာ တွေဝေ တတ်သူအတွက် ရှုံးနိမ့်ခြင်းဆိုပေမယ့် စွန့်စားရဲသူတို့အတွက် အောင်ပွဲပါ။ ပြီးတော့ ပိုက်ဆံချမ်းသာပြီး အကျင့်စာရိတ္တပျက်ပြား နေတဲ့ မိန်းမတစ်ယောက်ထက်၊ ရိုးသားဖြူစင်ပြီး ကိုယ်ကျင့်တရား ကို မပျက်စီးအောင်ထိန်းသိမ်းနိုင်တဲ့ ယမင်းညိုဟာ ပိုပြီး အဖိုးထိုက် တန်ပါတယ်။ ဒါပေမယ့် မင်းအဖေကိုတော့ လျှော့မတွက်နဲ့ သက်ဝေ၊ ဦးသက်ပိုင်ဟာ ငါတို့ထင်တာထက်ပိုပြီး ပါးနပ်တယ်၊"

ရဲမာန်စကားကို နားထောင်ပြီး သက်ဝေခန္ဓာကိုယ်လေး မသိမသာ တုန်ရီသွားတယ်။

ချစ်သူ

သူ့ရဲ့အချစ်တွေကို ယုံကြည်လက်ခံခဲ့သော ချစ်သူ

သူ့ရဲ့အနမ်းတွေကို နှစ်သက်စွာ ခံယူပြီးသူ့အချစ်တွေနဲ့ပဲ ကျေနပ်တတ်သူ

ဘယ်လိုလုပ်ရမလဲ

ဖေဖေကြောင့် ချစ်သူထိခိုက်နစ်နာသွားမှာ စိုးရိမ်ပါတယ်။

"သက်ဝေ"

"အင်"

"မင်း. . . ဘာဖြစ်သွားတာလဲ"

"တွေးနေတာပါ"

"ငါတစ်ခု အကြံပေးချင်တယ်"

သက်ဝေ ငြိမ်ပြီး နားထောင်လိုက်တယ်။

"လောကမှာ လူနှစ်မျိုးရှိတယ်ကွ၊ တစ်မျိုးက ပတ်ဝန်းကျင်ကို ဂရုစိုက်လွန်းအားကြီးပြီး၊ ကိုယ်လုပ်ချင်တာကို မလုပ်ရဲတဲ့လူ၊ နောက်တစ်မျိုးက ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်ဘဲ ဖြစ်ချင်တာကို လုပ်ဝံ့တဲ့လူ၊ အဲဒီလူနှစ်မျိုးထဲမှာ မင်းက ဘယ်လိုလူမျိုးလဲ၊ လူတိုင်းဟာ နဂိုထဲက မှားယွင်းစွာနဲ့ ဖြစ်တည်လာခဲ့တဲ့အတွက် ကိုယ်မှန်တယ် ထင်ရင် လုပ်ခွင့်ရှိတယ်။ လုပ်လည်း လုပ်သင့်တယ်၊ မင်းလည်း ဖြစ်ချင်တာကို ဆက်လုပ်ပါ၊ ဒါပေမယ့် ရဲရင့်ခြင်းတော့ ရှိပါစေ. . . ဒါပဲ"

ရဲမာန် ဖုန်းချသွားတယ်၊ သူ့ရင်အစုံဟာ နောက်ဆုံးပြောသွားတယ့် ရဲမာန် စကားတွေကြောင့် တခဏအမောတွေ ပြေပျောက်သွားပါတယ်။

အရာအားလုံးထက် ကြီးကျယ်မြင့်မြတ်သော အချစ်. . .

တစ်ဘဝမှာ တစ်ယောက်တည်းသာ ချစ်မိခဲ့တဲ့ချစ်သူ. .

မေမေ မသေခင်ကမက်ပေးခဲ့သော အိမ်မက်. . .

အားလုံးအတွက် သူမှာရဲရင့်ပြတ်သားဖို့ လိုနေပါပြီ။

ထို့နောက် ဖုန်းထဲထည့်ထားတဲ့ ချစ်သူ့ပုံလေးကို ကြည့်ပြီး တိုးတိုးလေး ပြောလိုက်မိတယ်။

"သိပ်ချစ်တယ် ချစ်သူ၊ ကိုယ့်ချစ်ခြင်းကြောင့် ချစ်သူရဲ့ အိမ်မက်လေးတွေ ညတိုင်းလှပပါစေ"



ချစ်သူမျက်နှာသည် အေးချမ်းမှုကို သယ်ဆောင်လာသော လေပြေလေညှင်းနဲ့ တူနေပါတယ်။

"မောင်"

ချစ်သူက ပခုံးလေးမှီပြီး တိုးတိုးလေးခေါ်လိုက်သံဟာ သာယာတဲ့ ဂီတသံလေး စီးမျောနေသလိုပဲ. . .

သူက ချစ်သူကို ချစ်တယ်။

ထို့အတူ

ချစ်သူကလည်း သူ့ကို အဆုံးစွန်ထိ ချစ်မှာပဲလို့ ယုံကြည်ထားတယ်။

"မောင်. . . ဘာဖြစ်နေတာလဲဟင်၊ မောင့်ကို ကြည့်ရတာ ခါတိုင်းလို မလန်းဘူး"

သူ့ကို ချစ်သူဟာ ဂရုတစိုက်နဲ့ ချစ်တတ်ပါလား. . .

"ချစ်လေး"

"ဘာလဲမောင်"

ချစ်သူက ခေါင်းလေးမော့ကာ ထူးလိုက်ချိန်မှာ သူက နဖူးလေးကို ညင်သာစွာ နမ်းရှိုက်လိုက်တယ်။ ထို့ကြောင့် ချက်ချင်းဆိုသလိုပါပဲ၊ ချစ်သူရဲ့ မျက်လုံးလေးတွေ မှေးဆင်းသွားပါတယ်။

"ချစ်လေးကို မောင်အရမ်းချစ်တယ်ဆိုတာ ယုံလားဟင်"

"ယုံပါတယ် မောင်၊ ကျွန်မဟာ မောင်နဲ့ပတ်သက်ပြီး အရာအားလုံးကို ယုံကြည်ပြီး ချစ်ခဲ့ရသူပါ"

"ဝမ်းသာလိုက်တာ ချစ်လေးရယ်၊ မောင်လေ. . . ချစ်လေးကို အမြန်ဆုံး လက်ထပ်ချင်ပြီ"

သူမ မောင့်ရင်ခွင်ထဲကနေ မောင့်မျက်နှာလေးကို ကြည့်လိုက်မိတယ်။ မောင် ပြောနေတာတွေဟာ တကယ်ဟုတ်မှန်း မျက်လုံးတွေက သက်သေခံနေတာတွေ့ရလို့ ကြိတ်ပြီး သက်ပြင်းချလိုက်မိတယ်။

"မောင်"

"ပြောလေ ချစ်လေး"

"မောင့်ကို ကျွန်မချစ်ခဲ့တာဟာ ပိုင်ဆိုင်ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ချစ်ခဲ့တာ မဟုတ်ပါဘူး၊ မောင့်အပေါ်မှာ ကျွန်မချစ်တဲ့ အချစ်က ဖြူစင်တယ်။ ဘာမှ လိုချင်တပ်မက်ခဲ့ခြင်း မရှိဘူး၊ ဒါကို မောင်ယုံပါနော်"

"ယုံပါတယ် ချစ်လေးရယ်"

"ဒါဆို မောင့်ကို ကျွန်မ တစ်ခုမေးချင်တယ်"

"ဘာမေးမှာလဲ ချစ်လေး"

"မောင် စိတ်မဆိုးနဲ့နော်"

"စိတ်ချပါ"

"မောင်. . . အချစ်ကို တကယ်ခံစားတတ်လားဟင်"

"ဘယ်လို မေးလိုက်တာလည်း ချစ်လေးရယ်၊ မောင့်အချစ်ကို ခံစားတတ်လို့ ချစ်လေးကို အရမ်းချစ်မိတာပေါ့"

"အဲဒါဆို မောင့်ဖေဖေနဲ့ ဒေါ်ခင်မေသော်ကို သဘောတူ လိုက်ပါလား မောင်ရယ်၊ သူတို့လည်း မောင်နဲ့ ကျွန်မလို အချစ်ကို ခံစားချင်ကြမှာပေါ့"

"ဟာ"

သူ ချစ်သူဆီက မထင်မှတ်တဲ့စကားကို ကြားလိုက်ရတဲ့

အတွက် အံ့ဩသွားတယ်။ ချစ်သူမျက်နှာလေးကို ကြည့်မိတော့ လှပစွာနဲ့ ကဗျာဆန်နေဆဲ. . .

"ဒီစကားကို ချစ်လေး ဘာအဓိပ္ပါယ်နဲ့ ပြောတာလဲဟင်"

"ကျွန်မကို တစ်မျိုးမမြင်ပါနဲ့ မောင်၊ မပြေလည်တဲ့ မောင်တို့ သားအဖနှစ်ယောက်ကို ပြေလည်စေချင်လို့ပါ"

"ချစ်လေးပြောတာ မောင်နားလည်ပါတယ်၊ ဒါပေမယ့် ဒေါ်ခင်မေသော်နဲ့ သဘောတူဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး ချစ်လေး၊ တကယ်တော့ မောင်တို့သားအဖနှစ်ယောက် အဆင်မပြေတာ ဒေါ်ခင်မေသော်ကြောင့် အဲဒီမိန်းမကြီးသာ ဝင်မရှုပ်ရင် ခုလို စိတ်ဝမ်းကွဲစရာ အကြောင်းမရှိဘူး၊ ဒါကို ချစ်လေးသိရဲ့လား"

"မဟုတ်ပါဘူး မောင်ရယ်၊ ဒီကိစ္စကို မောင်လက်ခံလိုက်လို့ ဘာဖြစ်သွားမှာလဲ၊ သူများချစ်ခြင်းကို ခွဲတဲ့လူဟာ ကိုယ့်ချစ်ခြင်းလည်း အခွဲခံရတတ်တယ်၊ ကျွန်မ မောင်နဲ့ ဝေးမှာကြောက်လို့ပါ"

"ချစ်လေး. . . တော်ပြီကွာ၊ နောက်နောင် ချစ်လေးနဲ့ မောင် ဝေးရမယ်ဆိုတဲ့စကား ဘယ်တော့မှ မပြောနဲ့၊ ဘယ်သူတွေ ဘယ်လို ကားတား မောင်ချစ်လေးကို ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားမယ်၊ အသိုင်းအဝိုင်းပါမှ ချစ်လေးကို ပိုင်ဆိုင်ရမယ်ဆိုရင်တောင် အဲဒီအသိုင်းအဝိုင်းကို စွန့်လွှတ်ရဲတယ် ချစ်လေး၊ အဲဒါကို ယုံ"

သူ ချစ်လေးကို ယုယုယယ ထွေးပိုက်ပြီး မျက်နှာအနှံ့ အနမ်း ပွင့်တွေ ပတ်ဖြန်းလိုက်တယ်။ မကြာခင်မှာ ချစ်လေးကို ပိုင်ဆိုင်ဖို့ ကြိုးစားရတော့မယ်။

"မောင်"

"ချစ်လေး"

"မောင် အတတ်နိုင်ဆုံး နားလည်ပေးလိုက်ပါလား ဟင်"

"မဖြစ်နိုင်လို့ပါ ချစ်လေးရယ်"

"ဟင်း. . ."

သူမ သက်ပြင်းချမိသွားတယ်၊ မောင်ဟာ တဇွတ်ထိုးစိတ်နဲ့ အလွန်ပဲ ခေါင်းမာပါလား။

"ချစ်လေး. . . ဒေါ်ခင်မေသော်နဲ့ ပတ်သက်ပြီး ဘာမှ မတွေးနဲ့ကွာ၊ အရေးကြီးတာ ချစ်လေးနဲ့အတူတူ မေမေ မက်ပေးခဲ့တဲ့ အိမ်မက်လေးကို ဆက်မက်ချင်တယ်။ ချစ်လေးနဲ့မောင် လက်ထပ်ပြီးရင် မေမေဆောက်ပေးတဲ့ အိမ်လေးမှာ နေကြမယ်၊ ချစ်လေးက မောင့်အတွက် သားသား၊ မီးမီးလေးတွေ အများကြီး မွေးပေးပေါ့"

"အို"

သူမ ရှက်ရွံ့စွာနဲ့ မောင့်ရင်ခွင်ထဲမှာ ခေါင်းလေး ဝှက်နေလိုက်တယ်။

တော်တော် ဆိုးတဲ့မောင်။

သူမကို အရမ်းချစ်သလောက် ရင်ခုန်အောင်လည်း စွမ်းဆောင် နိုင်တယ်။

"အရမ်းချစ်တယ်. . . ချစ်လေးရယ်"

မောင့်ရဲ့စကားကြောင့် တခဏအတွင်း သူမဟာ ပြီးပြည့်စုံတဲ့ ဘဝလေးကို ပိုင်ဆိုင်ခဲ့ရပါပြီ၊ မောင့်အနမ်းလေးတွေဟာ နှင်းစက် ကလေးတွေလို မျက်နှာပေါ် တရစပ်ကျရောက်နေတာကို မက်မောစွာ ခံယူရင်း မောင့်ကိုမခွဲနိုင်အောင် ချစ်မိသွားရပါတယ်။

သိပ်ချစ်တယ် မောင်. . .

## အခန်း(၉)

နံနက်ခင်းရဲ့ အလင်းရောင်က တလောကလုံးကို ဖြန့်ကျက်ထားပါတယ်။

သက်ဝေ အိပ်ယာထလိုက်တာနဲ့ ပထမဆုံး သတိရမိသူက ချစ်သူ။ ညက တစ်ညလုံး အတွေးနဲ့အတူ အိပ်မရတာ ဘယ်သူသိမှာလဲ၊ ဒီအချိန် ဆိုရင် ချစ်သူတုမ္ဗဏီသွားလောက်ပြီ၊ ဒီမနက် သူမလာနိုင်တဲ့အကြောင်းကို မနေ့ထဲက ချစ်သူကို ပြောပြထားတယ်။ ချစ်သူပျော့ဖြစ်သွားလို့ ဂရုမစိုက်တာ မဟုတ်ပါဘူး၊ ဒီနေ့ ရင်ဆိုင်သင့်တဲ့ လူ ဘွကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသောကြောင့် ချစ်သူဆီ မသွားနိုင်တာပါ၊ ဘယ်လို အကြောင်းမျိုးနဲ့ပဲဖြစ်ဖြစ် ချစ်သူကလွဲပြီး ဘယ်သူ့ကိုမှ မပိုင်ဆိုင် ချင်ပေ။

လောကမှ စည်းစိမ်ချမ်းသာမှုထက် စိတ်ချမ်းသာမှုက ပိုပြီး အရေးကြီးပါတယ်။ ဒါကို ပိုက်ဆံမချမ်းသာတဲ့ သာမန်လူတန်းစားနဲ့ ဆင်းရဲတဲ့ လူအချို့က လက်မခံချင်ပေမယ့် သူကတော့ လုံးဝလက်ခံထားတယ်။

ချမ်းသာတဲ့ လူပဲဖြစ်ဖြစ်၊ ဆင်းရဲတဲ့လူပဲဖြစ်ဖြစ် လူ့ဘဝ တခဏတာလေးရဲ့ မျက်တောင်မွေးတစ်ဆုံးကို မကြည့်သင့်ပေ၊ တကယ်တော့ လူဆိုတာ သတ္တဝါအားလုံးထက် ရွေးချယ်ခွင့် အရှိဆုံးပါ။ လူတစ်ယောက်ဖြစ်လာပြီးနောက်ပိုင်း လူကျင့်ဝတ်၊ လူသိက္ခာကို မစောင့်စည်း မလိုက်နာပါက ထိုလူသည် စည်းစိမ်ဥစ္စာ မည်မျှပဲ ချမ်းသာပါစေ။ လောဘ၊ ဒေါသ၊ မောဟတွေနဲ့အတူ သံသရာလမ်းကြောင်းမှာ အောက်ကို တဖြည်းဖြည်း ဆင်းသက်ရ

ပါလိမ့်မယ်။

သက်ဝေအတွေးတွေနဲ့အတူ ကိုယ်လက်သန့်စင်ပြီး အပြင်ထွက်လာတဲ့အချိန်မှာ ဖခင်ဖြစ်သူကို သတင်းစာ ဖတ်နေတာ တွေ့လိုက်ရတယ်။

"ဖေဖေ"

သက်ဝေခေါ်သံကြောင့် ဦးသက်ပိုင်က သတင်းစာဖတ်နေရင်း ကြည့်လိုက်တယ်။ သူ့ရှေ့မှာ ထိုင်နေတဲ့ သားဖြစ်သူမျက်နှာမှာ ပျော်မြူးရိပ်တွေ ရှိနေတာကိုတွေ့ရတော့ ဘာရယ်မဟုတ် ကြည်နူးသွားမိတယ်။

"ခုမှ သားအိပ်ယာက ထတာလား"

"ဟုတ်ကဲ့ ဖေဖေ"

"သား. . . ဘာပြောချင်လို့လဲ"

သက်ဝေ ဖခင်ဖြစ်သူကို ကြည့်ကာ နည်းနည်းရင်ခုန်သွားတယ်။ ဒါပေမယ့် ဆုံးဖြတ်ချက်နဲ့အတူ ရဲဝင့်စွာနဲ့ ပြောလိုက်တယ်။

"သားမှာ ချစ်သူရှိတယ် ဖေဖေ၊ အဲဒါ သားချစ်သူနဲ့ လက်ထပ်ခွင့်ကို ဖေဖေဆီက တောင်းချင်လို့"

"ဟေ"

ဦးသက်ပိုင် မျက်လုံးအစုံ မြင့်တတ်သွားတယ်။ အံ့ဩသွားတဲ့ ပုံစံမျိုးပါ၊ ပြီးတော့မှ နဂိုအတိုင်းပြန်ဖြစ်ကာ. . .

"အင်းလေ. . . သားဘက်က ပွင့်ပွင့်လင်းလင်း ပြောတော့လည်း ဖေဖေက စဉ်းစားပေးရမှာပေါ့၊ ဒါနဲ့ သားချစ်သူက ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ သူ့မိဘတွေနဲ့ ချမ်းသာကြွယ်ဝမှုက ဘယ်လောက်ရှိလဲ၊ အဲဒါ ဖေဖေသိချင်တယ်"

"ဟင်း"

သက်ဝေ ဖြည်းညင်းစွာ သက်ပြင်းချလိုက်မိတယ်။ ဖေဖေရဲ့

ချောင်ပိတ်မေးခွန်းဟာ သူ့အတွက် ခက်ခဲတဲ့ ပုစ္ဆာတစ်ပုဒ်လို ဖြစ်နေပါတယ်။ ဘဝမှာ ဘာမှ မရှိတဲ့မိန်းမတစ်ယောက်ကို ချစ်မိတာ အပြစ်တစ်ခုတော့ မဟုတ်လောက်ပါဘူး၊ လောကမှာ ချစ်ခြင်းမေတ္တာကို ငွေတစ်ခုထဲနဲ့ တန်ဖိုးဖြတ်ကြတဲ့ လူအချို့ရှိခဲ့ရင်တောင် သူမပါချင်ပေ။

"သား မဖြေနိုင်တော့ဘူး မဟုတ်လား၊ ပတ်ဝန်းကျင်မှာ ကိုယ်လက်ထပ်မယ့် မိန်းကလေးဟာ ဘယ်လိုဆိုတဲ့စကားမျိုးကို ပြောနိုင်ဖို့ အရမ်းအရေးကြီးတယ် သားရဲ့"

ဖေဖေ့စကားကို နားထောင်ပြီး သူ့စိတ်တွေ ရှုန်းကြွလာပါတယ်။ ဘယ်လိုအနေအထားမျိုးပဲဖြစ်ဖြစ် ကိုယ်ချစ်တဲ့ချစ်သူရှေ့က မားမား မတ်မတ်ရပ်ပေးချင်တဲ့ သတ္တိတွေ ရှိနေပါတယ်။

"တစ်ခုတော့ သားပြောချင်တယ် ဖေဖေ၊ သားချစ်တဲ့ ချစ်သူက ပစ္စည်းဥစ္စာနဲ့ ပတ်သက်လာရင် ဘာမှမရှိတဲ့ မိန်းကလေး တစ်ယောက်ပါ၊ ပြီးတော့ သူ့ရဲ့မိဘတွေကလည်း ကွယ်လွန်သွားပါပြီ၊ ဒါပေမယ့် သားချစ်သူက ရိုးသားတယ်၊ စိတ်သဘောထား ဖြူစင်မြင့်မြတ် တယ်၊ ပြီးတော့ သားသိပ်ချစ်တယ်"

"ဟုတ်ပြီ. . . ဖေဖေ သဘောပေါက်ပြီ၊ သားချစ်သူက ဆင်းရဲပေမယ့် အရမ်းရိုးသားတဲ့ လူတစ်ယောက်လို့ ဆိုလိုတာ လား"

"ဟုတ်ပါတယ် ဖေဖေ"

"ဒါဆို သားလက်ထပ်ဖို့ တကယ်ဆုံးဖြတ်ပြီးပြီပေါ့"

"ဆုံးဖြတ်ပြီးပါပြီ"

"ဖေဖေ သဘောမတူဘူးဆိုရင် သားဘာလုပ်မလဲ"

ဖေဖေ့ မေးခွန်းက သူ့ကို စိန်ခေါ်လိုက်သလိုပဲ၊ နဂိုထဲက ဒီအထိ တွေးထားတဲ့အတွက် သိပ်ပြီးမတုန်လှုပ်ပါ၊ ဒါပေမယ့် ခုအချိန်မှာ အတိုက်အခံမပြောချင်သဖြင့် ငြိမ်နေလိုက်တယ်။

"သား"

"ပြောပါ ဖေဖေ"

"ဖေဖေ့ကို လေ့လာခွင့်တော့ သားပေးရလိမ့်မယ်၊ ဒီတော့ သားချစ်သူနဲ့ ဖေဖေတွေ့ချင်တယ်။ ဘယ်လိုလဲ. . ."

"ဟုတ်ကဲ့ ဖေဖေ၊ သားခေါ်လာခဲ့ပါ့မယ်"

ဖေဖေက သတင်းစာကို ပြန်ဖတ်လိုက်သဖြင့် သူ အလိုက်တသိနဲ့ ထွက်လာခဲ့တယ်။ ဖေဖေ့မျက်နှာက တစ်ခုခုကို လျှို့ဝှက်ထားသလိုပဲ ဘာလဲဆိုတာ တိတိကျကျ မပြောနိုင်ပေမယ့် စိတ်ထဲမှာ စိုးရိမ်နေပါတယ်။

အခန်းထဲရောက်တော့ ကုတင်ပေါ်လှဲကာ စဉ်းစားလိုက်တယ်။

ချစ်သူကို ဖေဖေနဲ့ တွေ့ပေးရတော့မယ်။

ဒါ စွန့်စားလိုက်တာပါ. . .

ချစ်သူကရော. . .

သူ့ဘဝထဲ ဝင်လာဖို့ အဆင်သင့် ဖြစ်နေပြီလား. . .

ဘာပဲဖြစ်ဖြစ် သူကတော့ ဘဝခရီးလမ်းကို ချစ်သူနဲ့သာ အတူ လက်တွဲပြီး လျှောက်ချင်ပါတယ်။ ဒီအကြောင်းအရာကိုလည်း ရဲမာန်အား ပြောပြချင်လို့ ဟန်ဖုန်းနံပါတ်လေးကို နှိပ်လိုက်တယ်။

"ဟဲလို"

"ရဲမာန်. . . ငါ. . . သက်ဝေ"

"ဟာ. . . အတော်ပဲ သက်ဝေ၊ အခုပဲ ငါလည်းမင်းကို ဖုန်းဆက်မလို့"

"ဘာကိစ္စရှိလို့လဲ"

"အခု မင်း. . . ဘယ်ကဆက်နေတာလဲ"

"အိမ်ကလေ"

"ဟုတ်လို့လားကွာ"

"ငါ အတည်ပြောတာ အခုပဲ ဖဖေနဲ့စကားပြောပြီး မင်းဆီဖုန်းဆက်လိုက်တာ"

"မင်း တကယ်ပြောတာနော်"

ကြည့်. . . မေးပုံက မယုံသလိုနဲ့. . .

"မင်း. . . ဘာဖြစ်နေတာလဲ ရဲမာန်"

"မဟုတ်ဘူးကွ. . . ခုအချိန်ထိ ယမင်းညို ကုမ္ပဏီ မလာသေးဘူး"

"ဘာ"

"ငါက မင်းနဲ့ လျှောက်လည်နေတယ်ပဲ ထင်တာ"

"မင်း တကယ်ပြောတာနော်"

"ငါ မနောက်ဘူး သက်ဝေ"

"ဒါ ဆို အခုပဲ ငါ အဆောင်သွားလိုက်မယ်၊ မနေ့က ပြောတုန်းက ဒီနေ့ကုမ္ပဏီသွားမယ်တဲ့"

"အေးလေ. . . ခုအချိန်ထိမှ မရောက်သေးတာ"

"ကျေးဇူးပဲ ရဲမာန်. . ."

သက်ဝေ ဖုန်းပိတ်ကာ ကရောသောပါးနဲ့ အခန်းထဲက ပြန်ထွက်လာခဲ့တယ်။ အပြင်ရောက်တော့ ဖခင်ဖြစ်သူရှိမနေသဖြင့် အနည်းငယ် အသက်ရှုချောင်သွားတယ်။ ဒါပေမယ့် ရင်ထဲမှာတော့ ဝေခွဲမရတဲ့ စိုးရိမ် ပူပန်မှုနဲ့အတူ ချစ်သူရဲ့အဆောင်ကို အမြန်ရောက်ချင်နေတယ်။ ကားဂိုထောင်ဆီကို လျှောက်လာတဲ့ ခြေလှမ်းတွေတောင် စက်တက်ထားသလားလို့ ထင်ရတယ်၊ ကားတံခါးကို ဆွဲဖွင့်ပြီး စက်နှိုးလိုက်တဲ့အထိ စိတ်မတည်ငြိမ်သေးပါ၊ ကားကို တရကြမ်း မောင်းထွက်လာပေမယ့် ခန္ဓာကိုယ်နဲ့စိတ်က ကင်းလွတ်ချင်သလိုပဲ. . .

ဘာကြောင့် ချစ်သူ ကုမ္ပဏီ မသွားတာလဲ။

တစ်စုံတစ်ခု အခက်အခဲရှိရင်လည်း ကြိုပြီး ဖုန်းဆက်သင့်

တာပေါ့

နေမကောင်းတာလည်း မဖြစ်နိုင်လောက်ပါဘူး. . .

ထို့နောက် အတွေးတွေကို ခဏရပ်သိမ်းကာ စံရိပ်ငြိမ်ကို အနီးဆုံးလမ်းကနေ ရွေးပြီး မောင်းလာခဲ့တယ်။ ကံကောင်းတယ်လို့ ဆိုရမယ်။ မောင်းလာတဲ့ လမ်းက ကားအသွားအလာ ရှင်းနေတယ်။ ထို့ကြောင့် မကြာခင်မှာပဲ စံရိပ်ငြိမ်ကို ရောက်ခဲ့ပါတယ်။

ချစ်သူ အဆောင်မှာပဲ ရှိပါစေ။

သူ့ကို စိတ်ကောက်နေတယ်ဆိုရင်လည်း အနမ်းတွေနဲ့ ချော့ ချင်ပါတယ်။ ချစ်သူအဆောင်ရှေ့ရောက်တော့ ဘရိတ်ကို ဆောင့်နင်းပြီး ကားကို တုံ့ခနဲဖြစ်အောင် ရပ်လိုက်တယ်။

အရင်က သူလာရင် အပြုံးနဲ့ ဆီးကြိုတတ်တဲ့ချစ်သူ. . .

ခုတော့ အဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။ ထို့ကြောင့် ကားပေါ်ကဆင်းကာ ခဏရပ်ပြီး အခြေအနေကို အကဲခတ်လိုက်တယ်။ ဒီအချိန်က ဆိုင်ရာအသီးသီးကို သွားနေရတဲ့ အချိန်ဆိုတော့ လူအသွားအလာ ကင်းရှင်းနေပါတယ်။ ထိုအချိန်မှာပဲ အဆောင်သူ တစ်ယောက်ကို တွေ့လိုက်ရ လို့ဝမ်းသာအားရနဲ့ မေးမိတယ်။

"အစ်မ. . . ယမင်းညို ရှိလားဟင်"

သက်ဝေမေးခွန်းကြောင့် အဆောင်သူလေး နှာခေါင်းရှုံ့သွားတယ်။ ပြီးတော့ ဘုကြည့်ကြည့်ကာ. . .

"ဒီမှာ ဦးလေးကြီး. . . လူကို တစ်ခါထဲ ခေါင်းထဲပို့လိုက်ပါလား၊ ကိုယ့်အသက်အရွယ်မှ အားမနာ အစ်မတဲ့. . . ဟွန်း"

"ပြဿနာပဲ"

သက်ဝေ စိတ်တွေပိုညစ်သွားတယ်။ အရေးထဲ အသက်ချင်း ယှဉ်ပြီး စကားနာထိုးတဲ့လူနဲ့ တွေ့ရတယ်လို့၊ ဘယ်လိုခေါ်ခေါ်ပေါ့၊ ဘာဖြစ်လဲ လူဆိုတာ သေချိန်တန် သေမှာပဲ။ သူ အတွေးတွေနဲ့

မဲ့ရွဲ့လိုက်ချိန်မှာ အဆောင်သူလေးက နောက်ဆုံး မျက်စောင်း တစ်ချက်ထိုးကာ လမ်းမဘက်ကို ထွက်သွားတယ်။ ဒါကြောင့် မထူးတော့ပြီမို့ အော်ခေါ် လိုက်ပါတယ်။

"အိမ်ရှင်တို့"

"ဗျို့. . . အိမ်ရှင်တို့"

"ဘယ်သူလဲ"

အထဲမှ ပြန်မေးသံနဲ့အတူ အသက်ခပ်ကြီးကြီး အဒေါ်ကြီး တစ်ယောက် ထွက်လာတယ်။ သက်ဝေကို မြင်တော့ အဒေါ်ကြီးက စူးစမ်းသလိုတစ်ချက်ကြည့်တယ်။ နောက်မှာရပ်ထားတဲ့ ကားကို တွေ့လိုက်ရတော့ မျက်နှာက ပြုံးချိုသွားပါတယ်။

"ဘာကိစ္စလဲ သား"

"ကျွန်တော် ယမင်းညိုနဲ့ တွေ့ချင်လို့ပါ"

"မရှိဘူးသားရဲ့. . . မနက်ထဲက အပြင်သွားတယ်"

"ဗျာ. . . တကယ်လား အဒေါ်"

"တကယ်ပါကွယ်"

သူ့စိတ်တွေ ချက်ချင်းပဲ ရှုပ်ထွေးနောက်ကျိသွားတယ်။

ချစ်သူဟာ ဘယ်ကိုများ သွားတာလဲ။

အဝေးကြီးကို မသွားပါနဲ့ ချစ်သူ။

ကိုယ့်အိမ်မက်တွေကို ရှင်သန်ခွင့်ပေးပါ။

"ပြန်လာရင် ဘာပြောလိုက်ရမလဲ သား"

"ရတယ်အဒေါ်. . . ကျေးဇူးပဲ"

သူ ကားပေါ်ပြန်တတ်ပြီး အဆောင်ရှေ့ကနေ မောင်းထွက်လာခဲ့တယ်။

ကမ္ဘာကြီးကို ကျဉ်းတယ်ဆိုတဲ့ ဆရာသမားတို့ရေ. . .

အမှန်တကယ်သာ ကမ္ဘာကြီးကျဉ်းရင် ချစ်သူကို ရှာပေးကြပါ။

ရင်တစ်ခုလုံး စိုးရိမ်မှုကြောင့် တုန်ရီနေတယ်။ ဝမ်းနည်းမှုကြောင့်ငိုချင်လာတယ်။ အတတ်နိုင်ဆုံး စိတ်ကိုထိန်းထားပေးခဲ့ရင် ရင့်ကျင်မှု မရှိတဲ့အတွက် နှလုံးခုန်ချက်တွေ ရပ်ဆိုင်းသွားမလားလို့ ထင်ရတယ်။ နောက်ဆုံး ကားကို ဘယ်လိုမှ ဆက်မောင်းလို့ မရတော့လို့ လမ်းဘေး ထိုးရပ်ကာ အနားယူလိုက်တယ်။ ခဏကြာတော့ နည်းနည်း တည်ငြိမ်လာသဖြင့် ရဲမာန်ဆီ ဖုန်းဆက်လိုက်တယ်။

"ဟဲလို"

"ရဲမာန်"

"သက်ဝေ. . . သူငယ်ချင်း ပြော"

"အဆောင်မှာ ယမင်းညို့မရှိဘူး"

"မင်း. . . အဆောင်ရောက်ပြီးပြီလား"

"အေး. . . အခုပဲ ပြန်လာတာ"

"ဒါဆိုလည်း ဘာပဲဖြစ်ဖြစ် ညနေအထိ စောင့်ကြည့်သင့်တယ်"

"အင်းလေ. . . ခုတော့ မင်းပြောသလိုပဲ စောင့်ရတော့မှာပေါ့"

"ငါ့ဆီ လာဦးမလား"

"မလာတော့ဘူးကွာ. . . လိုက်ရှာလိုက်ဦးမယ်"

"ဒါဆို အလုပ်ရှိသေးလို့ ဖုန်းချလိုက်တော့မယ်"

"အင်း. . ."

ရဲမာန်ဖုန်းချသွားတော့ သက်ဝေလည်း စိတ်ပျက်ပျက်နဲ့ ဟန်းဖုန်းကို ဒက်စ်ဘုတ်ပေါ် ပစ်တင်လိုက်တယ်။

ချစ်သူ. . . မင်း ဘယ်လိုရောက်နေတာလဲ ဟင်. . .

ငါဟာ မင်းကလွဲပြီး ဘယ်သူ့ကိုမှ မချစ်တတ်သူပါ. . .



သက်ဝေ အင်းယားကန်ရေပြင်ကြီးကို အမိပွါယ်မဲ့စွာနဲ့ ငေးကြည့်နေမိတယ်။ ညနေစောင်းရဲ့ ခပ်လျော့လျော့ အပူရှိန်နဲ့ ကန်ရေပြင်ကို ရှပ်တိုက်ပြေးလာတဲ့ လေပြေ၊ လေညှင်းလေးတွေရဲ့ အရသာဟာ ချစ်သူနဲ့သာဆိုရင် အရမ်းတန်ဖိုးရှိမှာပါ၊ ခုတော့ ဘယ်သွားမှန်းမသိတဲ့ ချစ်သူကို တမ်းတရင်းအလွမ်းတွေနဲ့ ရင်ထဲမှာ ပြည့်ကြပ်နေတယ်။ ဖြစ်နိုင်မယ်ဆိုရင် ခံစားမှုဆိုတဲ့အရာကို ခဏ မေ့ထားချင်ပါတယ်။ ဘာကိုမှ မသိတဲ့ စက်ရုပ်လူသားတစ်ယောက်ကို လူ့လောကထဲမှာ နေပစ်လိုက်ချင်တယ်။

ထိုအချိန်မှာပဲ မြင်ကွင်းထဲကို စက္ကူနဲ့လုပ်ထားတဲ့ စွန် တစ်ကောင် ဝင်လာတယ်။ ကန်ဘောင်ပေါ်မှာ စွန်လွှတ်တဲ့လူတွေ ကများတော့ ဘယ်သူ့စွန်ဆိုတာ ခွဲခြားဖို့ခက်ပါတယ်။ ဒီ စွန်ဟာ စွန်တွေအားလုံးထဲမှာ အထူးဆန်းဆုံးပဲ၊ အခြားစွန်တွေလို ကောင်း ကင်ရဲ့ အမြင့်ဆုံးနေရာကို ထိုးတက်ဖို့မကြိုးစားဘဲ တဖြည်းဖြည်း အောက်ကို နိမ့်ဆင်းလာတယ်။ စိတ်အထင်မှာတော့ ကန်ရေ မျက်နှာပြင်နဲ့ထိဖို့ တစ်တောင်လောက်သာ လိုလိမ့်မယ်၊ ထို့ကြောင့် စိုးရိမ်တကြီးနဲ့ စွန်လွှတ်တဲ့ ပိုင်ရှင်ကို လိုက်ရှာမိတယ်။ သူသာ စွန်ပိုင်ရှင်ဖြစ်ရင် အဲဒီလောက်အထိ စွန့်စားဖို့ သတ္တိရှိမှာ မဟုတ်ဘူး။

"ညီလေး ဘာလိုက်ကြည့်နေတာလဲ"

သက်ဝေက နောက်ဘက်မှ ပေါ်လာတဲ့အသံကြောင့် လှည့်ကြည့် လိုက်တော့ စွန်လွှတ်နေတဲ့ အစ်ကိုကြီးတစ်ယောက်ကို

တွေ့ရတယ်။ ကိုင်ထားတဲ့ ရစ်ဘီးက သူများတွေထက် ပိုကြီးတယ်။

"ကျွန်တော် အနက်ရောင်စွန်လွှတ်တဲ့ ပိုင်ရှင်ကို လိုက်ရှာနေတာ အစ်ကို"

"အဲဒါ အစ်ကို့စွန်လေ ဘာဖြစ်လို့လဲ"

"ဟာ. . . ဒါဆို အစ်ကို အမြန်ဆွဲတင်တော့လေ၊ ရေကန်ထဲ ကျသွားရင် မကစားရဘဲ ဆုံးရှုံးသွားလိမ့်မယ်"

"ကိုယ့်ညီက အရမ်းစိုးရိမ်ကြီးတာပဲ၊ ရေကန်ထဲကျဖို့ လိုပါသေးတယ်"

စွန်လွှတ်တဲ့ အစ်ကိုကြီးက ပြောရင်း တစ်ချက်ရစ်လိုက်တယ်။ ထို့ကြောင့် စွန်လေးမှာ ကောင်းကင်ကို ဆတ်ခနဲ ပြန်မြီးတက်လာဘာယ်။ သက်ဝေ စွန်လွှတ်တဲ့ အစ်ကိုကြီးကို သေချာကြည့်လိုက်တယ်။ ၂န်လွှတ်တာ ကျွမ်းကျင်နေပုံရပြီး မျက်လုံးတွေက ဟာကွက်ချောင်းနေတဲ့ ကျားရဲတစ်ကောင်လိုပဲ. . .

"ကိုယ်က နည်းနည်းလောဘကြီးတယ်ကွ၊ စွန်ဖြတ်ရင် တစ်ကောင်ချင်းလိုက်ဖြတ်ရတာ အားမရဘူး"

ဒီတစ်ခါတော့ စွန်လွှတ်တဲ့ အစ်ကိုကြီးက ရေပြင်နဲ့ နီးကပ်နေ တဲ့ စွန်ကို ပြန်ဆွဲတင်လိုက်တယ်။ ထို့ကြောင့် စွန်လေးမှာ ရစ်ဘီးနဲ့ ကြိုးရဲ့ဆွဲအားကြောင့် ကောင်းကင်အမြင့်ဆီကို ထိုးတက်လာပြီး၊ အပေါ်မှာ ပျံဝဲနေတဲ့ အခြားစွန်များကို ဖြတ်ချလိုက်တော့တယ်။

"ဟင်. . . "

သက်ဝေ အရမ်းအံ့ဩသွားပါတယ်။ လတ်တလော ခံစားနေတဲ့ ဝေဒနာတွေတောင် မေ့သွားတဲ့အထိပါပဲ၊ စွန်ပိုင်ရှင် အစ်ကိုကြီးရဲ့ ပရိယာယ်ကြွယ်ဝမှုနဲ့ မထင်မှတ်တဲ့ တိုက်ကွက်ကြောင့် မာန်မာနအပြည့်ဖြင့် ကောင်းကင်မှာ ထောင်လွှားနေကြတဲ့ စွန်

လေးကောင်မှာ ကြိုးများပြတ်ပြီး လေထဲလွင့်စင်သွားကြတယ်။

"ဘယ်လိုလဲ ညီလေး၊ ကိုယ့်ရဲ့အိုင်ဒီယာ ကောင်းတယ် မဟုတ်လား"

"ကျွန်တော်သာဆိုရင် အဲဒီလို အလစ်အငိုက်ဖမ်းတဲ့ တိုက်ကွက်မျိုးကို သုံးမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ယောကျ်ားတွေလေ အရှုံးအနိုင်ကို ရဲဝံ့စွာ ရင်ဆိုင်ရဲရမှာပေါ့"

သက်ဝေပြောပြီး နေရာမှ ဆက်ခနဲ ထလာခဲ့တယ်။ စွန်ပိုင်ရှင် အစ်ကိုကြီး ဘယ်လိုကျန်ခဲ့မယ်ဆိုတာ သူ မသိချင်ပါ၊ အနက်ရောင် စွန်လေးကတော့ အောင်မြင်မှုအတွက် အောင်ပွဲခံနေမှာ သေချာပါတယ်။

ဒါပေမယ့် ထိုအောင်မြင်မှုကို ဂုဏ်ယူသင့်ပါသလား. . .



သက်ဝေကားမောင်းနေရတာ စိတ်လုံးဝမဖြောင့်ပေ၊ အတွေး တွေထဲက ချစ်သူဆီကိုပဲရောက်နေတယ်။

"ချစ်သူအဆောင်ပြန်ရောက်ပြီလား"

တွေ့ရင်တော့ တစ်နေကုန်ဘယ်သွားသလဲဆိုတာ တိတိ ကျကျ မေးရမယ်။

ဒီလိုနဲ့ဆောင်ရှေ့ရောက်တော့ ကားပေါ်ကဆင်းကာ မျှော် လင့်ချက်နဲ့ ချစ်သူအရိပ်အရောင်ကို ကြည့်လိုက်တယ်။ နောက် ဆုံးဘယ်[illegible] မှ မတွေ့ရလို့ပထမလိုအော်ခေါ်လိုက်ပါတယ်။

"အိမ်ရှင်တို့"

"ဗျို့၊ အိမ်ရှင်တို့"

"ဘယ်သူလဲ"

"ကျွန်တော်ပါ အဒေါ်"

"သြော် သားပါလား၊ ယမင်းညိုပြန်မလာ သေးဘူး ကွဲ့"

"ဟင်"

အဒေါ်ကြီးစကားကြောင့် ရင်ထဲကိုစိုးရိမ်မှုတွေအလုံး အရင်း ဝင်ဆောင့်လာတယ်။

"သူအဆောင်ကထွက်သွားတော့ ဘာတွေပါသွားသလဲ ဟင်"

"ဘာမှမပါ ပါဘူးကွယ်၊ အပြင်သွားတဲ့အဝတ်အစားနဲ့ပဲ သွားတာ"

"ဒါဆိုတစ်ခုခုဖြစ်ပြီထင်တယ်"

ချစ်သူသာ တစ်ခုခုဖြစ်ခဲ့ရင်. . .

ဘုရား ဘုရား ဘုရား

သူတွေးသလိုလုံးဝမဖြစ်ပါစေနဲ့. . .

"သိပ်ပြီးလည်း မစိုးရိမ်ပါနဲ့ကွယ်၊ အချိန်တန်တော့ ပြန်လာမှာပေါ့"

ထိုအချိန်မှာ သူတို့နှစ်ယောက်နားကို ကောင်မလေး တစ်ယောက် ရောက်လာတယ်။ သူမလည်း လှပါတယ်။ ဒါပေမယ့် မာနရောင်ကြောင့် နည်းနည်းတင်းနေတယ်၊ သူမကရောက်ရောက် ခြင်းပဲ အခြေအနေကို တစ်ချက်အကဲခပ်ကာ မိခင်ဖြစ်သူကို လှမ်းမေးလိုက်တယ်။

"ဘာဖြစ်တာလဲ မေမေ"

"ဒီမှာကွယ်၊ ယမင်းညိုနဲ့တွေ့ချင်လို့ဆိုပြီး လာမေးတာ၊ နှစ်ခေါက်ရှိသွားပြီ"

"ရှင်ကဘယ်သူလဲ"

"သက်ဝေပါ"

"သက်ဝေ ဟုတ်လား"

"ဟုတ်ပါတယ် ဘာဖြစ်လိုလဲ"

"ဒါဆိုရင် ဦးသက်ပိုင်ရဲ့သား၊ မယမင်းညိုရဲ့ ချစ်သူ ပေါ့"

ဒီလောက်အထိ သူမသိနေသဖြင့် သက်ဝေမျက်လုံးပြူးသွား တယ်။ ချစ်သူဟာ သူတို့နှစ်ယောက်ရဲ့အတွင်းရေးကို ဒီလိုပဲလျှောက် ပြောနေသလား၊ စိတ်ထဲမှာ ချစ်သူကို ပိုပြီး သတိရသွားတယ်။

"ရှင့်ကို. . . မယမင်းညိုက ဘာမှမပြောဘူးလား"

"မပြောဘူးခင်ဗျာ"

"ခက်ပါတယ်. . . မယမင်းညိုက လုပ်လိုက်ရင်

တခွတ်ထိုးချည်းပဲ ဒီမှာကိုသက်ဝေ မယမင်းညိုက သူ့အမေ နေမကောင်းလို့ ပြန်သွားတယ်"

"ဗျာ. . . ယမင်းညိုအမေက သေသွားပြီမဟုတ်လား"

"ဟုတ်ပါတယ်. . . မယမင်းညို မိဘတွေက ငယ်ငယ်လေး ကတည်းက ကားချင်းတိုက်ပြီး သေသွားကြတာ၊ အခုအမေက မွေးစားအမေလေ"

ဟင်. . . ဒီအကြောင်းအရာကို ချစ်သူ ဘာကြောင့် မပြောတာလဲ၊ ဒုတိယအကြိမ်ထပ်တွေ့တော့ ချစ်သူပြောတဲ့စကားတွေထဲမှာ ဦးလေးနဲ့အဆင်မပြေလို့ အဆောင်မှာနေတယ်ဆိုတာပဲပါတယ်။

ဒီအကြောင်းတွေကို ယမင်းညိုက တစ်ခါမှ မပြောဖူးဘူး. . .

"အင်းလေ ဒီကိစ္စကို မယမင်းညိုကိုယ်တိုင် လျှို့ဝှက်ထားခဲ့တာပဲ။ အဲဒီအတွက်လည်း သူကိုယ်တိုင်ပြန်ပြီးထိတ်လန့်နေတယ်။ ကိုသက်ဝေကံကောင်းပါတယ်။ မယမင်းညိုလို ယောကျ်ားတွေကို အထင်မကြီးတဲ့ လူတစ်ယောက်က ကိုသက်ဝေကို အရမ်းချစ်သွားတာ"

ခုအချိန်ထိ သူမပြောတဲ့စကားရဲ့လိုရင်းကို သူ နားမလည်သေးပါ။

သူလည်း ချစ်သူကို အရမ်းချစ်တာပဲ မဟုတ်လား. . .

သူ့ရဲ့အချစ်က ချစ်သူရဲ့အချစ်ထက် လျှော့မယ်မထင်ဘူး. . .

"ဒီမှာ. . ကျေးဇူးပြုပြီး ကျွန်တော်ကို ရှင်းရှင်းလင်းလင်း ပြောပြပါလားဟင်"

"ဒါဆို ကိုသက်ဝေ စိတ်မဆိုးနဲ့နော်၊ ကျွန်မက မယမင်း

ညို မပြောရဲတဲ့စကားကို ကြားထဲကကူညီတဲ့အနေနဲ့ ပြောပေးရမှာ"

"စိတ်ချပါ. . . ကျွန်တော် စိတ်မဆိုးပါဘူး"

"အင်း ဒါဆိုရင်ပြောရမှာပေါ့ ကိုသက်ဝေ ဒေါ်ခင်မေသော်ကို သိလား"

"မာတ်ကဲ့ သိပါတယ်"

"မယမင်းညိုဟာ ဒေါ်ခင်မေသော်ရဲ့ မွေးစားသမီးပေါ့"

"ဗျာ. ."

ချက်ချင်းပဲ ခန္ဓာကိုယ်တစ်ခုလုံး အမှောင်ထုအတွင်းကို ကျသွားသလို ခံစားလိုက်ရတယ်။ ထို့နောက် လျှို့ဝှက်ချက်တွေ ပြည့်နှက်နေတဲ့ ချစ်သူရဲ့လှုပ်ရှားမှုပုံရိပ်ကို တဖြည်းဖြည်း ပြန်မြင်ယောင်ကာ တစ်စုံတစ်ရာကို နားလည်လိုက်မိတယ်။

သူ့ဆီကို ချစ်သူရောက်လာပုံက သွေးရိုးသားရိုးမှ မဟုတ်တာ၊ ဒါ သေချာအကွက်ချထားတဲ့ ကျားကွက်တွေပဲ. . .

ဒါဆို သူ့ကိုချစ်တယ်ပြောတဲ့ ချစ်သူစကားကရော. . .

ရက်စက်လိုက်တာ ချစ်သူ. . .

ဘာကြောင့်များ အချစ်တွေကို လိမ်ညာယူခဲ့တာလဲ. . .

"ကဲ. . ကျွန်မကတော့ ကြားထဲက ကူညီပြီးပြီ၊ ကိုသက်ဝေ စိတ်မဆိုးတဲ့အတွက် ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ယမင်းညိုလာရင် ဒီအကြောင်းအရာကို ကျွန်တော်သိသွားတယ်ဆိုတာ ဆက်ဆက်ပြောပေးပါ. . ."

"ဟုတ်ကဲ့. . ကျွန်မပြောလိုက်ပါ့မယ်"

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

သူ လေးလံတဲ့ခြေလှမ်းတို့နဲ့ ကားပေါ်ပြန်တက်လိုက်ပေ

မယ့် နှလုံးသားတစ်ခုလုံး တဆစ်ဆစ်နဲ့ နာကျင်နေတယ်။

သူဟာ လောကမှာ ကံအဆိုးဆုံး လူသားတစ်ယောက်ပါ။

သူအချစ်ဆုံး မိန်းမတစ်ယောက်ဟာ သူအမုန်းဆုံး လူတစ်ယောက်ရဲ့ မွေးစားသမီးဖြစ်နေတာကိုက နှလုံးသားကို ကျိန်စာသင့်စေလိုက်တာပဲ။

ရက်စက်လွန်းတဲ့ ချစ်သူ...
မင်းရဲ့ မာယာတွေကြားမှာ
ငါဟာ တကယ်ကျဆုံးခဲ့ရပါပြီ။

သက်ဝေ အိမ်ပြန်ရောက်တော့ ညကိုးနာရီ. . .

ကြေကွဲနေတဲ့ နှလုံးသားနဲ့အတူ ကားကို ဂိုထောင်ထဲသွင်းလိုက်ချိန်မှာ ဖခင်ကားကို မတွေ့ရသဖြင့် အံ့ဩသွားမိတယ်။

"ဖေဖေ ပြန်မလာသေးပါလား"

ဘယ်လောက်ပဲ အရေးကြီးတဲ့ကိစ္စပဲဖြစ်ဖြစ် ဖေဖေဟာ ညဘက်ဆို လုံးဝအပြင်မထွက်တတ်ပေ၊ ဒါ သူ့အရွယ်ရောက်လာထဲက သိခဲ့ရတဲ့ ဖေဖေရဲ့အကျင့်၊ ကားသော့ပိတ်ပြီး အိမ်ထဲဝင်လိုက်တဲ့ အချိန်မှာ အန်တီနွဲ့တစ်ယောက်တည်း ဧည့်ခန်းထဲမှာ တီဗွီကြည့်နေတာ တွေ့ရတယ်။

"အန်တီနွဲ့ ဖေဖေဘယ်သွားလဲ"

သက်ဝေစကားကြောင့် အန်တီခန္ဓာကိုယ် ဆတ်ခနဲတုန်သွားတယ်။ သို့ပေမယ့် သက်ဝေမသိအောင် ဟန်ဆောင်ဖုံးကွယ်ပြီး စကားလမ်း ကြောင်းကို ပြောင်းလိုက်တယ်။

"တူလေး. . . ထမင်းစားတော့မလား၊ အန်တီနွဲ့ သွားပြင်လိုက်မယ်"

"ကျွန်တော်မေးတာကိုပဲ ဖြေပါ အန်တီနွဲ့၊ ဖေဖေ ဘယ်သွားလဲ"

"မသိပါဘူးကွယ်"

"အဟင်း. . . အန်တီနွဲ့တောင်မှ လိမ်တတ်နေပြီပဲ၊ အင်းလေ ဖေဖေရဲ့ အစ်မဆိုတော့ တကျိတ်ထဲ၊ တဉာဏ်ထဲ ရှိမှာပေါ့"

"ဟင်"

အန်တီနွဲ့တစ်ယောက် မျက်နှာကွက်ခနဲ ပျက်သွားတာကို သက်ဝေက မမြင်ချင်ယောင် ဆောင်နေလိုက်တယ်။ သူဟာ အလိမ်ခံရဖို့ များ လူဖြစ်လာသလား၊ သူနဲ့ပတ်သက်တဲ့ လူအချို့က သူ့ကို တနည်းနည်းနဲ့ လိမ်နေကြတယ်။

"တူလေး"

"အန်တီနွဲ့ ဘာလိမ်ဦးမလို့လဲ"

"တူလေး စိတ်ဆိုးမှာစိုးလို့ အန်တီနွဲ့ အမှန်အတိုင်း မပြောတာပါကွယ်"

"ဒီစကားဟာ လုံးဝအဓိပ္ပါယ်မရှိဘူး အန်တီနွဲ့. . .၊ ကျွန်တော်ဟာ အသိဉာဏ်ရှိတဲ့ လူတစ်ယောက်ပါ၊ မကြာခင်မှာ လုပ်ငန်းအားလုံးကို ဦးဆောင်ဖို့တောင် ဖေဖေက ပြောနေတယ်။ ဒီလိုလူမျိုးတစ်ယောက်က စကားလုံးတိုင်းကို စိတ်ဆိုးစရာလို့ သတ်မှတ်မလား၊ အန်တီနွဲ့ စဉ်းစားသင့်ပါတယ်"

"အန်တီနွဲ့ မှားသွားပါတယ်။ ခုဂိစ္စက ဒေါ်ခင်မေသော်နဲ့ ပတ်သက်နေလို့ စိုးရိမ်မိသွားတာပါ"

"ဟင်"

သက်ဝေ တုန်လှုပ်သွားပါတယ်။ ရင်တစ်ခုလုံးလည်း ဝုန်းဒိုင်း ကျဲသွားသလိုပဲ၊ ခင်မေသော်ဆိုတဲ့ မိန်းမကြီးက သူ့ဘဝကို ခြောက်လှန့် နေတဲ့ တစ္ဆေမကြီးနဲ့ တူနေတယ်။

ဖေဖေ

ချစ်သူ

အားလုံးဟာ ခင်မေသော်ဆိုတဲ့ တစ္ဆေမကြီးရဲ့ ကြိုးဆွဲရာကနေရတဲ့ ရုန်သေးရုပ်တွေများ ဖြစ်နေကြပြီလား. . .

"မောင်လေးက ခင်မေသော် နေမကောင်းလို့ သွားတယ်။ သူတို့အိမ်မှာ ယောကျ်ားသား မရှိတော့ ဒီည ပြန်လာချင်

ပြန်လာလိမ့်မယ်"

ဪ. . . ဒါကြောင့် ယမင်းညိုတစ်နေကုန် ပျောက်နေတာကိုး. . .

သက်ဝေ အဖြေတစ်ခုကို သိရှိလိုက်သဖြင့် စိတ်ထဲကျေနပ်သွားတယ်။ သူချစ်တဲ့ ချစ်သူဟာ သူ့မိခင်ကို အရမ်းချစ်တော့ လုပ်စရာရှိတာ လုပ်ရတော့မှာပေါ့. . .

"တူလေး. . . ထမင်းစားတော့မလား"

"မစားတော့ဘူး အန်တီနွဲ့၊ ကျွန်တော် ဖေဖေ့ကို စိတ်မချလို့ လိုက်သွားဦးမယ်"

"တူလေး"

"စိတ်ချပါ အန်တီနွဲ့. . . ကျွန်တော် ဘာပြဿနာမှ မရှာပါဘူး"

သက်ဝေ အိမ်ထဲမှ ပြန်ထွက်လာခဲ့တယ်။ ကားဆီရောက်တော့ သူ့ရင်အစုံက တုန်နေသလိုပဲ။ ထို့နောက် ကားပေါ်တက်ပြီး တရကြမ်းမောင်းထွက်လာခဲ့တယ်။

သူ့စိတ်တွေ လှုပ်ရှားနေပါတယ်။

မကြာခင်မှာ ချစ်သူနဲ့ ထိပ်တိုက်တွေ့ရတော့မယ်။

သူဟာ လူတစ်မျိုးပါ၊ ဘယ်လိုလူမျိုးလဲဆိုရင်တော့ အရာရာတိုင်းကို ခိုင်ခန့်ချင်တဲ့ လူမျိုးပေါ့၊ ပြဿနာတစ်ခုကို ဖြေရှင်းတဲ့ အခါမှာ တိကျခိုင်လုံချင်တယ်။ စိတ်ထဲရှိတိုင်း ဦးတည်ရာလျှောက်လုပ်တဲ့ အကျင့်သူ့မှာမရှိပေ၊ အခုလည်း ထွက်လာရတဲ့ ရည်ရွယ်ချက်က မထင်မှတ်ဘဲ အလစ်အငိုက်ဖမ်းချင်လို့ပါ၊ ဒါဆို သူမအနေနဲ့ ဘယ်လိုမှ ငြင်းနိုင်မှာ မဟုတ်ပေ။

ဒေါ်ခင်မေသော်တို့ အိမ်ရှေ့ရောက်တော့ ခြံဝန်းတံခါးကြီးက ပိတ်ထားသဖြင့် ဟွန်းတီးလိုက်တယ်။

"တီ. . . တီ. . . တီ"

ကားဟွန်းသံကြောင့် ခြံစောင့်တစ်ယောက်ထွက်လာပြီး လူကြည့်ပေါက်ကနေ လှမ်းမေးပါတယ်။

"ဘာကိစ္စလဲ"

"ကျွန်တော် ဦးသက်ပိုင်ရဲ့သားပါ၊ ဒေါ်ခင်မေသော် နေမကောင်းဘူးဆိုလို့ သတင်းလာမေးတာ"

"ဒါဆို ခဏ"

ခြံစောင့်က တံခါးကို သော့နဲ့ ဖွင့်လိုက်တယ်။ ခဏကြာတော့ တံခါး ပွင့်သွားသဖြင့် သက်ဝေလည်း ကားကို ဆင်ဝင်အောက်အထိ မောင်းဝင်လိုက်တယ်။

တစ်အိမ်လုံး မီးများလင်းထိန်နေတယ်။

ကားသံကြောင့် ကောင်မလေးတစ်ယောက် ထွက်လာတယ်။ သက်ဝေကိုမြင်တော့ မျက်လုံးအစုံက ဝိုင်းစက်ပြူးကျယ် သွားပါ တယ်။

"ဟင်. . . မောင်"

သက်ဝေတစ်ယောက် ယမင်းညိုဆီက အံ့ဩလွန်းလို့ လွှတ် ခနဲ ထွက်ပေါ်လာတဲ့အသံကြောင့် ကျေနပ်စွာ ပြုံးလိုက်တယ်။

သူမဟာ နေ့ညမရွေး လှရက်နိုင်သူပါ၊

သူ့ရဲ့ နှလုံးသားကို သူမအလှက အမြဲတစေ ဖမ်းစားနိုင်စွမ်း ရှိနေတယ်။

သူမသာ ဒေါ်ခင်မေသော်သမီး မဟုတ်ခဲ့ရင်. . .

ဒါမှမဟုတ် သူ့အချစ်ကို ညာမယူခဲ့ရင်. . .

ခုတော့ အချစ်ကြီး ချစ်မိခဲ့ပေမယ့် သူမရဲ့ ဟန်ဆောင်မှုကို သိလိုက်ရတော့ ရင်တစ်ခုလုံး နာကျင်နေတယ်။

"မောင်. . . ကျွန်မအကြောင်းကို သိသွားပြီနော်"

"သိပ်အံ့ဩသွားသလား ယမင်းညို၊ လောကမှာ

လျှို့ဝှက်ချက်ဆိုတာ ထာဝရမတည်မြဲတဲ့ အရာပါ။ ဒါပေမယ့် ငါ့နှလုံးသားကို ခုတုံးလုပ်ပြီး ထွက်ပေါက်ရှာတော့ ရက်စက်လွန်းပါတယ်"

"မဟုတ်ဘူး မောင်၊ အဲဒီလောက်အထိ ကျွန်မရည်ရွယ်ခဲ့တာ မဟုတ်ဘူး၊ မောင့်ကို ကျွန်မ အရမ်းချစ်သွားမိလို့ပါ"

သက်ဝေ မဲ့ပြုံးလေး ပြုံးလိုက်ပါတယ်။ သူက ဒီဇာတ်လမ်းကို ကြေကွဲစွာနဲ့ လှလှပပ ဇာတ်သိမ်းဖို့ ဆုံးဖြတ်ထားသူမို့ သွေးအေးအေးနဲ့ ရင်ဆိုင်နေတာပါ။ ဒါကို သူမသိရဲ့လား၊ ခုအချိန်ထိတော့ သူမရဲ့ ဟန်ဆောင်ခြင်း မာယာတွေဟာ ချစ်စရာကောင်းနေဆဲပဲ. . .

"ယမင်းညို. . . ငါဟာ မင်းကို အရမ်းချစ်ခဲ့တယ်"

"ကျွန်မ ယုံပါတယ်မောင်"

"ဒါနဲ့ ဘပ်ပြောခဲ့မယ်။ အဲဒီချစ်ခြင်းတွေက တစ်ဘဝမကဘူး၊ ဘဝဆက်တိုင်း ဆက်တိုင်းဆိုတာ မင်းယုံလိုက်ပါ ယမင်းညို၊ ဒါပေမယ့် ငါ့ကို ချစ်တယ်လို့ ပြောခဲ့တဲ့ မင်းရဲ့စကားတွေကိုတော့ ပြန်ရုပ်သိမ်း ပေးပါ၊ ငါ့ဘဝမှာ မင်းလို ဟန်ဆောင်ကောင်းတဲ့ မိန်းမတစ်ယောက်ရဲ့ ပါးစပ်ဖျားက အချစ်တွေနဲ့ အသက်မရှင်ချင်ဘူး"

"မောင်"

စက္ကူဖြူတစ်ချပ်လို ဖြူဖွေးသွားတဲ့ မျက်ဝန်းလေးနဲ့အတူ ထိတ်လန့်တုန်လှုပ်သွားတဲ့အသံကို သက်ဝေ ဥပေက္ခာပြုပြီး. . .

"ငါ တောင်းဆိုတာတွေဟာ မင်းအတွက် သိပ်အပန်းမကြီးဘူးလို့ ထင်ပါတယ်"

"ကျွန်မ. . ."

ယမင်းညိုတစ်ယောက် ဝမ်းနည်းမှုကြောင့် စကားကို ဆက်မပြောနိုင်တော့ပေ၊ သူမ မျက်ဝန်းထဲမှာတော့ မျက်ရည်တွေက

တသွင်သွင် စီးကျနေတယ်။

"မျက်ရည်တော့ ကျမပြပါနဲ့ ယမင်းညို၊ မင်းရဲ့ အသက်ဝင် လှတဲ့ သရုပ်ဆောင်ချက်တွေ တကယ်ကောင်းမှန်း သိနေပါတယ်။ ငါ ပြန်မယ်။ ငါလိုချင်တဲ့အဖြေကို မင်းက မပေးပေမယ့် ငါက ရရှိပြီးပြီလို့ သဘောထားလိုက်မယ်။ ဖေဖေ့ကို ပြောလိုက်ပါ ငါလာ သွားတယ်လို့. . "

"မောင်"

သက်ဝေ လုံးဝလှည့်မကြည့်တော့ဘဲ ကားမောင်းထွက်လာခဲ့တယ်။

သူမကို ဘယ်လိုနားလည်ရမလဲ. . .

ပွဲက ပြီးသွားတာတောင် ဟန်ဆောင်မှုက မရပ်တန့်သေးဘူး။

ဒီအတိုင်းဆို သူမက သူလိုချင်တဲ့အဖြေကို မပေးတဲ့အပြင် သူမရဲ့ ဟန်ဆောင်ခြင်း မာယာမြစ်ထဲ မျောပါလာအောင် ထပ်ပြီး ကြိုးစားနေတယ်။ သူဟာ တစ်ခါပဲ အလိမ်ခံချင်ပါတယ်။ နှစ်ခါဆို ရင်တော့ သူ့နှလုံးသားတွေ ဘယ်လိုမှ ခံနိုင်တော့မှာ မဟုတ်တော့ပေ။ ဒါပေမယ့် တစ်ဘဝလုံးအတွက် ရည်ရွယ်ပြီး ချစ်ခဲ့ရသူမို့ ခံစားချက်နဲ့အတူ လွမ်းဆွေးကြေကွဲခြင်းကတော့ အထပ်လိုက်ရှိနေပါတယ်။

ဒါပေမယ့် ဘာတတ်နိုင်မှာလဲ. . .

ကံကြမ္မာက သူ့ဘက်မှာမှ မရှိခဲ့တာပဲ. . .

ခုတော့ အားလုံးဟာ ဗလာဆန်စွာ ဖြစ်သွားပါပြီ။



"ဒါဆို. . . ငါတို့တွေ လှည့်စားခံလိုက်ရတာပေါ့"

"ဟုတ်တယ် ရဲမာန်၊ ယမင်းညိုဟာ ဒေါ်ခင်မေသော်ရဲ့ မွေးစားသမီးမှန်းမသိတာကိုက ငါ့အမှားပဲ၊ အဲဒီအတွက် ပေးဆပ်ရတဲ့ တန်ရာတန်ဖိုးက တစ်ဘဝလုံးစာဖြစ်သွားတယ်"

ရဲမာန် စိတ်မကောင်းသလို ခေါင်းကို ခါယမ်းလိုက်တယ်။ သက်ဝေဟာ ယမင်းညိုကို ဘယ်အတိုင်းအတာထိ ချစ်ခဲ့သလဲဆိုတာ သူအသိဆုံးပါ။ ခုတော့ သက်ဝေရဲ့အချစ်တွေက မာယာရဲ့ နှုတ်ခမ်းများမှာ ခြေမှုန်းခံခဲ့ရပြီ။ အဲဒီအတွက် သူဟာ ဘာများ လုပ်ပေးနိုင်မည်နည်း။

"ငါ နည်းနည်းညံ့သွားတယ် သက်ဝေ၊ မင်းနဲ့ ယမင်းညိုရဲ့ တွေ့ဆုံပုံကြီးက သိပ်ပြီး သဘာဝမကျဘူးလို့ စဉ်းစားမိဖို့ကောင်းတယ်"

"ငါကိုယ်တိုင်လည်း ညံ့တာပါပဲကွာ၊ ဘာမှ မသက်ဆိုင်ပဲနဲ့ ကားပေါ်အတင်းတက်လာတဲ့ မိန်းမတစ်ယောက်ကို သွားသနားမိတာကိုက မှားတာ၊ ခုတော့ ငါ့အချစ်တွေအကုန်လုံး ပါသွားခဲ့ပြီ"

"မင်း သူ့ကို မုန်းနေသလား သက်ဝေ"

ဒီစကားကို ပြန်ဖြေဖို့ သက်ဝေက ကိုယ့်ကိုကိုယ် ပြန်စမ်းစစ်လိုက်တယ်။

သူဟာ သူမကို မုန်းနေပြီလား. . .

သူရဲ့ ဖြူစင်မြင့်မြတ်တဲ့ အချစ်တွေကို လိမ်ညာယူပြီး မွေး

စားအမေအတွက် ထွက်ပေါက်ရှာတဲ့ မိန်းမတစ်ယောက်ကို တကယ်တော့ မုန်းသင့်ပါတယ်။ ဒါပေမယ့် အခုချိန်အထိ သူ့နှလုံးသားက သူမကို မမုန်းနိုင်သေးပါ။

"ငါ အရမ်းချစ်ခဲ့တယ် ရဲမာန်၊ ဘယ်လောက်အထိ ချစ်ခဲ့သလဲဆိုရင် ဘဝမှာ ထားစရာမရှိအောင် ချစ်ခဲ့တယ်။ သူနဲ့ ပတ်သက်ပြီး အရာအားလုံးကို စွန့်လွှတ်ဖို့အထိလည်း ဆုံးဖြတ်ထားခဲ့တယ်။ အိုကွာ နောက်ဆုံးပြောရရင် သူ့ကိုသာပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် ဖေဖေ့ကိုတောင် ဥပေက္ခာပြုရဲတယ်။ ငါဟာ အဲဒီလောက်အထိ မိုက်ရူးရဲဆန်စွာနဲ့ အရူးအမူးချစ်ခဲ့သူပါ"

"ဒါဆို. . . မင်းဘာဆက်လုပ်မလဲ"

"ဘာမှမလုပ်ချင်တော့ဘူး သူ့ကို ငါဘယ်လောက်ချစ်တဲ့အကြောင်းကို နောက်ဆုံးအနေနဲ့ ပြောခဲ့တယ်။ ဒီဇာတ်လမ်းကို ကြေကွဲစွာနဲ့ပဲ ငါကိုယ်တိုင် ဇာတ်သိမ်းခဲ့တယ်"

ရဲမာန် သက်ပြင်းချလိုက်မိတယ်။ သူငယ်ချင်းဖြစ်သူရဲ့ ခံစားမှုဝေဒနာတွေကို စာနာ နားလည်နိုင်စွမ်းလဲ သူ့မှာ ရှိနေပါတယ်။

"အေးကွာ. . မင်းရဲ့ ကံကြမ္မာက တော်တော်ဆိုးပါတယ်။ တစ်ခါမှ မချစ်ဘူးတဲ့ နှလုံးသားကိုမှ မာယာတွေနဲ့ အလှည့်စားခံလိုက်ရတာ ငါစိတ်မကောင်းပါဘူး"

"အဲဒါ ဒေါ်ခင်မေသော်ကြောင့်၊ သူမွေးတဲ့မီးကြောင့် ဒီလို လျှောက်လောင်နေတာ။ အဲဒီမိန်းမကြီးကို ငါအရမ်းမုန်းတာပဲ"

"ဒါဆို. . . ယမင်းညိုပါ မင်းမုန်းသင့်တယ် သက်ဝေ၊ သူလည်း ဒေါ်ခင်မေသော်အတွက် မင်းနှလုံးသားကို ခုတုံးလုပ်ခဲ့တာပဲ မဟုတ်လား။ တကယ်တော့ မင်းဘဝ၊ မင်းနှလုံးသားကို စော်ကားသွားတာဟာ ဒေါ်ခင်မေသော် မဟုတ်ဘူး၊ ဒါကို

သိနေရဲ့သားနဲ့ ဘာကြောင့် မင်းနှလုံးသားတွေဟာ ပျော့ညံ့နေတာပဲ၊ ဒီစကားကို မင်းဘက်က မခံနိုင်လို့ ငါပြောတာ၊ မင်းနေရာမှ ငါသာဆိုရင် ရက်ရက်စက်စက် ဂလဲ့စားချေမိမှာ အမှန်ပဲ"

သက်ဝေ နာကျင်နေတဲ့ နှလုံးသားနဲ့အတူ အံတင်းတင်းကြိတ်လိုက်တယ်။ ရဲမာန်က သူ့ဘက်မှ မခံနိုင်လို့ပြောမှန်း သိနေပေမယ့် နှလုံးသားက မမုန်းနိုင်တာ အံ့ဩစရာပါ။ သူမကို သူ ချစ်မိတဲ့ အချစ်က ထုထည်ကြီးနေတော့ တော်ရုံနဲ့ ပြိုပျက် ပျက်စီးမသွားတာဖြစ်လိမ့်မယ်။

"ငါ့ကို ခွင့်လွှတ်ပါ ရဲမာန်၊ ငါလေ သူ့ကို ဘယ်လိုမှ မုန်းလို့မရဘူး. . . သူ့ကို ငါချစ်တဲ့အချစ်တွေက သက်ဆုံးတိုင်အထိ ခိုင်မြဲ တဲ့အချစ်တွေနဲ့ပါ၊ ငါသေသွားရင်တောင် တမလွန်ကနေ ဆက်ချစ်နေမယ်"

"ဟာကွာ. . . နေရာချင်းတောင် လဲပစ်လိုက်ချင်တယ်"

"စိတ်ကူးမယဉ်ပါနဲ့ ရဲမာန်၊ ငါ့လို မင်းဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး၊ တကယ်လို့ ဖြစ်လာခဲ့ရင်တောင် ငါ့လောက် ချစ်တတ်မှာ မဟုတ်ဘူး၊ အဲဒါ သေချာတယ်၊ လောကမှာ အချစ်တတ်ဆုံး ယောက်ျားကို ပြပါဆိုရင် ငါကလွဲပြီး အခြားမရှိဘူး"

ရဲမာန် ငြိမ်သက်စွာ လက်ခံလိုက်မိတယ်။ လောကမှာ အချစ်တတ်ဆုံးယောက်ျားဟာ သက်ဝေဆိုရင် အချစ်ကြောင့် ကြေကွဲလေလွင့် မယ့်လူဟာလည်း သက်ဝေပဲ ဖြစ်လိမ့်မယ်ဆိုတာ အလိုလို သိနေတယ်။

"ငါပြန်မယ် ရဲမာန်"

"အိမ်ကိုလား"

"ဟုတ်တယ်"

"ငါ စိတ်ချမယ်နော်"

သက်ဝေ ခေါင်းညိမ့်လိုက်ပြီး ရဲမာန်ရှေ့ကနေ ထွက်လာခဲ့တယ်၊ အပြင်ရောက်တော့ ကောင်းကင်ကို မော့ကြည့်လိုက်ပါတယ်။

သူဟာ ကြယ်တွေ တဖြုတ်ဖြုတ်ကြွေတဲ့ ညတစ်ညက ဆုတောင်း ခဲ့ဖူးသူပါ။



အချစ်စစ်တို့ရဲ့
ခရီးလမ်းဟာ
သာယာဖြောင့်ဖြူးခြင်းမရှိတဲ့...
'တောက်'
ဘယ်သူများ
ဒီလမ်းကိုဖောက်ခဲ့တာလဲ...

## အခန်း(၁၀)

ယမင်းညိုတစ်ယောက် ကုမ္ပဏီထဲကို ဝင်လာတော့ ဝန်ထမ်းတွေက ပြူးကြောင်ကြောင်နဲ့ ကြည့်နေကြတယ်။

ရုတ်တရက်ကြီး ပျောက်သွားပြီးမှ ပြန်ပေါ်လာသူမို့ ထူးဆန်းတဲ့ အမြင်မျိုးလည်း ရှိနေကြပါတယ်။

ယမင်းညိုက ဘယ်သူကိုမှ ဂရုမစိုက်ဘဲ ရဲမာန်ရှိတဲ့အခန်းဆီကို လျှောက်သွားပြီး တံခါးလက်ကိုင်ဘုလေးကို အသာလှည့်ဖွင့်ကာ အထဲဝင်လိုက်တယ်။ သူမကိုမြင်တော့ ရဲမာန်တစ်ယောက် အံ့သြသွားတယ်။

"ဟင်. . . မင်း. . မင်း. . . "

"ကျွန်မကို ထိုင်ခွင့်ပြုပါ ကိုရဲမာန်"

ဒီစကားကို ယမင်းညို ချိုနှဲ့စွာနဲ့ ပြောလိုက်တာပါ။ မွေးစားမိခင်သတင်းကို ကြားကြားခြင်း ဘာကိုမှဂရုမစိုက်တော့ဘဲ အလောတကြီးသွားခဲ့တာကိုက သူမရဲ့အမှားပါ။

"မင်း. . . ဘာလာလုပ်တာလဲ ယမင်းညို၊ အမှန်ဆိုရင် ဒီကို လုံးဝလာစရာအကြောင်းမရှိဘူး၊ ဘာကြောင့်လဲအဖြေကို မင်းသိမှာပေါ့"

"သိပါတယ် ကိုရဲမာန်၊ ဒါပေမယ့်. . ကျွန်မဘက်ကလည်း ရှင်းပြခွင့်တော့ ရှိသင့်ပါတယ်"

"တော်ပါပြီကွာ. . . မင်းရဲ့လှည့်စားခြင်းကို နောက်တစ်ခါ မခံပါရစေနဲ့၊ ခုတောင် မင်းကြောင့် သက်ဝေ အရမ်းခံစားနေရတယ်။ နောက်တစ်ခါဆိုရင် မင်းကိုငါ သတ်မိလိမ့်မယ်၊ ဒါ အရိုး

သားဆုံး သတိပေးလိုက်တာပဲ”

ရဲမာန်ပြောပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ထားလိုက်ပါတယ်။

“ကိုရဲမာန်”

“မင်းပြန်သင့်ပြီ. . . ယမင်းညို”

“ကျွန်မမှာ ရှင်းပြခွင့်မရှိတော့ဘူးလား၊ ကျွန်မ မောင်နဲ့ တွေ့ချင်တယ်။ ကျွန်မကြောင့် မောင်ခံစားနေရသလို၊ ကျွန်မလည်း မောင်နဲ့ ထပ်တူခံစားနေရတယ်ဆိုတာ ယုံပါ”

“အားလုံးဟာ ပြီးဆုံးသွားပါပြီ ယမင်းညို၊ သက်ဝေ ကိုယ်တိုင်လည်း မင်းကို တွေ့ချင်တော့မှာ မဟုတ်ဘူး၊ အဲဒီတော့ မင်းရဲ့ မျှော်လင့်ချက်တွေအားလုံး မေ့ပစ်လိုက်ပါ”

“မောင့်ကို ကျွန်မ တကယ်ချစ်ခဲ့တာပါ”

“အဟင်း. . . တကယ့်ကိုမရယ်ရတဲ့ ပြက်လုံးတစ်ခုပဲ ယမင်းညို၊ ဒါပေမယ့် မင်းသိထားဖို့က ဒီစကားကို သက်ဝေရှေ့မှာ သွားပြောရင် တောင် ယုံမှာမဟုတ်ဘူး”

“ကျွန်မလည်း သိပါတယ် ကိုရဲမာန်၊ ဒါပေမဲ့ နောက်ဆုတ်ဖို့ လုံးဝမဖြစ်နိုင်ဘူး”

“ ဒါဆိုလည်း ငါက အပြတ်ပြောရတော့မှာပေါ့”

သူမ မျှော်လင့်ချက်နဲ့ နားထောင်လိုက်ပါတယ်။ မတ်တပ်ရပ်နေတာကြာနေပေမယ့် ညောင်းတယ်လို့ မထင်မိဘူး၊ မောင်နဲ့ ပတ်သတ်ပြီး ရင်ထဲမှာ နင့်နင့်သီးသီး ခံစားချက်တွေရှိနေတာ သူမ သာ အသိဆုံးပါ။

“ဒဏ်ရာဆိုတာ ကြာလာရင် အသားမာတတ်တယ် ယမင်းညို၊ သက်ဝေဟာလည်း ကြာလာရင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာပါ၊ သက်ဝေရဲ့ နှလုံးသားဒဏ်ရာကိုပျောက်ဖို့ ငါတို့ တွေ ဝိုင်းပြီးကြိုးစားနေကြတယ်။ ဒီလိုအချိန်မှာ မင်းက တွေ့ဖို့ကြိုး

စားမယ် ဆိုရင် သက်ဝေ လုံးပါးပါးသွားလိမ့်မယ်။ အဲဒီလိုအဖြစ်မျိုးကို မင်းက လက်ခံနိုင်ပေမယ့် ငါတို့က လုံးဝလက်မခံနိုင်ဘူး။ မင်း သိအောင် ရှင်းရှင်းလင်းလင်း ထပ်ပြောလိုက်မယ်။ နောက်ထပ် မင်းကြောင့် သက်ဝေ တစ်ခုခုထပ်ဖြစ်သွားရင် လောကမှာ ဆက်လက်အသက်ရှင် သန်ခွင့်ကို မမျှော်လင့်နဲ့တော့၊ မင်းလို မြွေ ပွေးထက်ပိုပြီး ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ကို ယောက်ျားထုကိုယ်စား ငါသတ်ရဲတယ်။ ကဲ. . . မင်း ငါ့ရှေ့က အမြန်ဆုံးထွက်သွားပါ၊ စိတ်မထိန်းနိုင်တဲ့ အခါကျရင် ဆွဲထုတ်ခိုင်းမိ လိမ့်မယ်”

ရဲမာန်က အပြတ်ပြောပြီး၊ ယမင်းညိုကို စက်ဆုပ်ရွံရှာစွာနဲ့ ကြည့်ပစ်လိုက်တယ်။

တော်တော်လည်တဲ့ မိန်းမ. . .

မျက်နှာလေးက ကြွေရုပ်ကလေးလို လှပသလောက် ကောက်ကျစ်စဉ်းလဲခြင်းတွေက တစ်ကိုယ်လုံး ပြည့်နှက်နေတယ်။ ခုလည်း ပေကပ်ကပ်ရပ်နေပုံက တော်တော် အမြင်ကပ်စရာ ကောင်းနေတယ်။

“မင်း မသွားသေးဘူးလား”

“ကိုရဲမာန် ကျွန်မကို တကယ်သတ်ရဲတယ်ပေါ့”

ယမင်းညိုမေးပုံက ပြတ်သားတယ်။ အချိန်မရွေး အသေခံ နိုင်တယ်ဆိုတဲ့ အမူအယာမျိုးတွေလဲ မျက်နှာပေါ်မှာပေါ်နေတယ်။

“လောကမှာ ငါမလုပ်ရဲတာ ဘာမှမရှိဘူး ယမင်း ညို”

“ကျွန်မကလည်း မောင့်အပေါ်မှာ အရမ်းချစ်တဲ့သူပါ၊ တကယ်လို့များ အသက်ပေးပြီး သက်သေပြခွင့်ရမယ်ဆိုရင် ကျွန်မ သေရဲပါတယ် ကိုရဲမာန်။ ဒါကြောင့် ဒီကိစ္စမှာ ကျွန်မကတော့ လုံးဝ နောက်မဆုတ်နိုင်ဘူး၊ တစ်နေ့ ကိုရဲမာန်နဲ့ကျွန်မ ပြန်ဆုံကြသေးတာ

ပေ့။ သေရဲတဲ့လူနဲ့ သတ်ရဲတဲ့လူ ဘယ်သူဟာ ရာဇဝင်ကို ကမ္ပည်း ထိုးနိုင်မလဲဆိုတာ စောင့်ကြည့်လိုက်ပါ"

ယမင်းညို အခန်းထဲက ချာခနဲ လှည့်ထွက်လာခဲ့တယ်။

အရာအားလုံးဟာ ဝေဝေဝါးဝါးနဲ့. . .

မောင်နဲ့မတွေ့ခင်အထိ အချစ်ဆိုတာ ဘာမှန်းမသိခဲ့သော၊ မာနကြီးသော၊ ယောကျ်ားတွေကို အထင်မကြီးသော၊ သူမဟာမောင့် ကြောင့် အချစ်ဆိုတာကို တကယ်ခံစားမိတာ မဟုတ်ပါလား. . .



“မင်းအတွက် ငါအရမ်းဝမ်းနည်းတာပဲ သက်ဝေ”

မင်းခန့်က တမင်လုပ်ထားတဲ့ အသံသြကြီးနဲ့ပြောပြီး၊ ဘီယာကို မော့သောက်လိုက်တယ်။ ထို့နောက် ကုန်သွားတဲ့ဘီယာခွက်ကို စားပွဲပေါ် ပြန်တင်ကာ နောက်ထပ်တစ်ခွက် ထပ်ငှဲ့လိုက်တယ်။

“ဒီရက်ပိုင်းမှာ မင်းတို့နဲ့ မတွေ့တာ ဝမ်းနည်းပါတယ်ကွာ၊ ငါသာရှိရင် ဒီလိုဖြစ်ချင်မှ ဖြစ်လာမှာ၊ အဲဒီအတွက် ဝမ်းနည်းတယ် သိလား. . . သက်ဝေ”

မင်းခန့် ဒုတိယမြောက် ဘီယာခွက်ကို မော့သောက်လိုက်တယ်။ ဘီယာက အေးလွန်းသဖြင့် တစ်ဝက်လောက်ပဲ သောက်နိုင်ပြီး ပြန်ချ ထားရတယ်။

“တကယ်စဉ်းစားကြည့်ရင် ဒီကိစ္စကို လုံးဝခွင့်မလွှတ်သင့်ဘူး သက်ဝေ၊ ဒါပေမယ့် မင်းက ခွင့်လွှတ်တယ်ဆိုတော့ ငါက ဝမ်းနည်းတာပေါ့”

မင်းခန့် လက်ကျန်ဘီယာကို ကုန်တဲ့အထိမော့သောက်လိုက်တယ်။ ဒီနေ့ကျမှ ဝမ်းနည်းလို့လားမသိဘူး၊ ဘီယာက သောက်လို့ကောင်းပါဘိ. .

“ယမင်းညိုက မမိုက်ဘူးကွာ၊ တကယ်ဆိုရင် ဒီလိုလုံးဝ ဖြစ် သင့်ဘူး၊ ခုတော့ မင်းရဲ့နှလုံးသားကို သက်သက်ကစားသလို ဖြစ်သွား... ပေါ့။ မိန်းမ၊ မိန်းမ တကယ်ကို ကြောက်စရာကောင်းပါလား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သံဝေဂ ရစရာနော်၊ အင်းလေ

ဒါကြောင့်လည်း လောကမှာ မရှိမကောင်း၊ ရှိမကောင်းဆိုတဲ့ စကား ပေါ်လာတာပေါ့”

မင်းခန့်ပြောပြီး တတိယမြောက် ဘီယာခွက်ကို ငှဲ့လိုက်တယ်။ ခုအချိန်ထိ သက်ဝေကတော့ ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငူငူကြီးထိုင် နေပါတယ်။ မျက်လုံးတွေက အချစ်ဒဏ်ကြောင့် အရောင်ဖျော့ဖျော့ပဲ ကျန်တော့တယ်။

“ဒီကိစ္စဟာ သေးနဲ့အပတ်ခံရတာထက် ပိုပြီးဆိုးမှန်း ငါသိပါတယ်ကွာ၊ ဒါပေမယ့် ဘာတတ်နိုင်မှာလည်း အားလုံးဟာ ဖြစ်ပြီးရင် ပျက်တတ်သလို ချစ်ပြီးရင်လည်း မုန်းတတ်ကြပါတယ်။ အဲဒီ အတွက် ဝမ်းနည်းပါတယ် သက်ဝေ”

မင်းခန့် ဘီယာကို မော့သောက်လိုက်ပြန်တယ်။ ဒါနဲ့ဆို သုံးခွက်ရှိပြီ၊ အမြည်းကလည်း စားနေရင်းနဲ့ နည်းနည်းပဲ ကျန်တော့ တယ်။ သက်ဝေကို ကြည့်လိုက်တော့ ငူငူကြီး ထိုင်နေတုန်းပဲ၊ ကြည့်စမ်း .. သူရဲ့စကားလုံးမြစ်ထဲမှာ သက်ဝေမျောနေတာ ဘီယာသောက်ဖို့တောင် မေ့နေတယ်။

“အချစ်ဆိုတာ အဲဒါပဲကွ၊ မိန်းမဆိုတဲ့မျိုးက အချစ်ကို တန်ဖိုးမထားတတ်သလို လိုချင်တဲ့အရာရှိရင်လည်း အချစ်ကို ခုတုံး လုပ်ဖို့ ဝန်မလေးတတ်ဘူး၊ ဒါကြောင့်လည်း မိန်းမဖြစ်နေတာ။ ဥပမာ ချိုနွယ်ကိုပဲကြည့်၊ ငါ့ကိုချစ်တယ်၊ ချစ်တယ်ပြောပြီး မုန့်ဖိုးများများပေး နိုင်တဲ့သူနဲ့လည်း တွေ့ရော ကောက်ကောက်ပါ အောင် လိုက်သွားတော့ တာပဲ၊ အခု ချိုနွယ် လင်ရသွားပြီသိလား၊ ဩော်. . . ပိုက်ဆံ. . . ပိုက်ဆံ အချစ်နဲ့ ဒွန်တွဲနေတာကိုက ဝမ်းနည်းဖို့ကောင်းပါတယ်။ ငါ အရမ်း ဝမ်းနည်းတာပဲ သိလား အဟင့်”

မင်းခန့် အမြည်းကို တူနဲ့ညှပ်ကာ စားလိုက်တယ်။ ... တာနဲ့ တစ်ဂျား၊ အမြည်းတစ်ပွဲ၊ ဝမ်းနည်းလို့ ...

ကုန်တော့မယ်။

“ရှေးက ပညာရှိကြီးတွေဟာ အချစ်နဲ့ပတ်သက်လို့ အမျိုးမျိုး တင်စားဖွဲ့နွဲ့ကြတယ်။ ဒါပေမယ့် အချစ်ဟာ ပူလောင်တယ် ဆိုတာ သူတို့မသိကြဘူး၊ အရမ်းဝမ်းနည်းဖို့ ကောင်းတာပဲ သက်ဝေ”

မင်းခန့်က ဝမ်းနည်းစရာမရှိ ဘီယာသောက်လို့ ကောင်း အောင် ကြံဖန်ဝမ်းနည်းနေပြတယ်။

ထိုအချိန်မှာပဲ ရဲမာန်ကို မင်းခန့်မြင်လိုက်ရလို့ ဝမ်းနည်း ခြင်းတွေ တခဏရပ်တန့်သွားတယ်။

- “ရဲမာန်လာပြီ သက်ဝေ”

သက်ဝေလည်း ရဲမာန်ကိုမြင်တော့မှ လှုပ်ရှားလာပါ တယ်။

“မင်းတို့ ရောက်နေတာ ကြာပြီလား”

“နာရီဝက်လောက် ရှိပြီထင်တယ်”

ရဲမာန်က သက်ဝေအဖြေကို နားထောင်ပြီး ဘီယာဝိုင်းမှာ ဝင်ထိုင်လိုက်တယ်။

“ငါလည်း အစောကြီးထဲက ထွက်လာမလို့ကွ၊ အလုပ် ကိစ္စတွေက ဆက်တိုက်ဝင်လာတော့ ဘယ်လိုမှ ထွက်လို့မရဘူး ဖြစ်သွားတယ်”

“ရပါတယ် ရဲမာန်ရယ်၊ မင်းမလာခင် ငါ သက်ဝေကို ဧည့်ခံ ထားပါတယ်”

“မင်းက ဘယ်လိုဧည့်ခံတာလဲ”

“စားပွဲပေါ်ကြည့်လိုက်လေ”

ဒီစကားကို သက်ဝေက ပြောလိုက်တာပါ။ ရဲမာန်အကြည့်က စားပွဲပေါ် ရောက်သွားတယ်။ တွေ့လိုက်ရတာကတော့ ကုန်ခါနီး ဘီယာဂျားနဲ့ အကပ်အသပ်သာကျန်တော့တဲ့ အမြည်းပန်းကန်။

"ဟင်. . . မင်းတို့ဟာ နာရီဝက်သာဆိုတယ် ဘာမှမရှိတော့ပါလား"

"ငါ ဘာမှမသောက်ရသေးဘူး ရဲမာန်"

သက်ဝေပြောတော့ ရဲမာန်က မင်းခန့်ကိုကြည့်လိုက်တယ်။ ဒါမျိုးတော့ မင်းခန့်က နပ်ပြီးသား၊ ရဲမာန်ကြည့်လိုက်တာနဲ့ ဘာဆိုတာ အဓိပ္ပါယ်ဖော်နိုင်တယ်။

"ငါ ဝမ်းနည်းလို့ပါကွာ"

"မင်းက ဘာဝမ်းနည်းတာလဲ"

"သက်ဝေနဲ့ယမင်းညိုကိစ္စ ဘယ်လောက်ဝမ်းနည်းဖို့ကောင်းသလဲ"

"အဲဒါပဲ မင်းက ဘီယာနင်းကန်သောက်တယ် ဆိုပါတော့ အနှ်ဖတ်ဆို့ပြီး သေသွားမှာမကြောက်ဘူးလား"

မင်းခန့်ငြိမ်ကျသွားတယ်။ အပြစ်ရှိမှန်းသိလို့ ထုချေလွှာတင်ကြည့်ပါ၊ မရလည်းနေပေ့ါ၊ ဂရုစိုက်လို့. . .

"ကျေးဇူးပဲ ရဲမာန်. . . ဒီကောင် ဘီယာမူးပြီး ဘာတွေပြောမှန်းမသိဘူး၊ ပလုံးပထွေးနဲ့ မင်းလာမှပဲရပ်သွားတော့တယ်"

"ဘာကွ ငါက မင်းအတွက် ဝမ်းနည်းနေတာကို အသိအမှတ်မပြုတဲ့အပြင် စော်ကားတာပေ့ါ၊ ဟုတ်လား. . "

"တော်စမ်းပါ မင်းခန့်ရယ်၊ မင်းရဲ့အပေါ်ယံ ဟန်ဆောင်ပြီး ဝမ်းနည်းပြနေတာကို ငါက ဘယ်ရင်ဘက်နဲ့ အသိအမှတ်ပြုပြီး ခံစားပေး ရမှာလဲ"

"ဩော်. . . ဒီလိုလား. . . လတ်စသတ်တော့ မင်းက ငါ့ကို ဝမ်းနည်းအောင် လုပ်တာပေ့ါ၊ ဝမ်းနည်းတယ်ကွာ"

မင်းခန့် ဘီယာကို မော့သောက်လိုက်တယ်။ အပြောခံရတဲ့အတူတူ မထူးပါဘူး မူးအောင်သောက်တာပဲ ကောင်းပါတယ်။ ဒီတစ်ခွက် ဝင်သွားမှ ခေါင်းထဲ ရီဝေဝေနဲ့ ဘီယာအရှိန်က တက်

လာတယ်။ ထိုအချိန်မှာ ရဲမာန်က စကားတစ်ခွန်း ပြောလိုက်တယ်။

"ငါ့ဆီ ယမင်းညိုလာသွားတယ် သက်ဝေ"

"ဘာ"

ဒီအသံက မင်းခန့် မူးကြောင်ကြောင်နဲ့ အော်လိုက်တာပါ။ ရုတ်တရက်ဆိုတော့ သက်ဝေနဲ့ ရဲမာန်တောင် လန့်ဖျန့်သွားကြတယ်။

"ဒီကောင်မ ဘာလာလုပ်တာလဲ ရဲမာန်၊ မင်း. . . ဆွဲထုတ် မပစ်လိုက်ဘူးလား"

ရဲမာန် စဉ်းစားလိုက်ပါတယ်။ မင်းခန့်ကို ဒီအတိုင်းလွှတ်ထားလို့ မရတော့ဘူး. . .

"မင်းခန့်"

"ဘာလဲ"

"မင်း. . . အေးအေးဆေးဆေး နေစမ်းကွာ၊ ဒီမှာ စကားကောင်း ပြောမလို့"

"ဝမ်းနည်းလို့ပါ ရဲမာန်ရယ်"

"အေး. . . ဝမ်းနည်းရင်လည်း သေးပေါက်ခန်းထဲသွားငို၊ ဒီမှာ လာပြီး ဝမ်းနည်းမနေနဲ့ မသာအိမ်မဟုတ်ဘူး"

မင်းခန့် ငြိမ်သက်သွားတယ်။ ဒါပေမယ့် စိတ်ထဲမှာတော့ သိပ် မကျေနပ်ပါ။ ရဲမာန်နဲ့ သက်ဝေတို့ဟာ သူ့ရဲ့ဝမ်းနည်းခြင်းကို ဘာကြောင့် အသိအမှတ် မပြုတာလဲ၊ လူတွေဟာ ဝမ်းသာခြင်းကို လက်ခံပြီး၊ ဝမ်းနည်းခြင်းကို ငြင်းပယ်တတ်ကြသလား၊ တွေးရင်း ဝမ်းနည်းချင်လာတယ်။

"သူ့ကို ငါ. . . အပြတ်ပြောလိုက်တယ် သက်ဝေ၊ ဒါပေမယ့် သူ့ဘက်က အလျှော့ပေးမယ့်ပုံ မပေါ်ဘူးကွ"

သက်ဝေတစ်ယောက် ချစ်သူ့ပုံရိပ်ကို မြင်ယောင်ကာ

ရင်ထဲမှာ စို့နစ်ကြေကွဲသွားတယ်။

တစ်ချိန်က. . .

ရှုးသွပ်စွာ. . .

စွဲလမ်းစွာ. . .

မြတ်နိုးစွာ. . .

ချစ်ခဲ့ဖူးတဲ့သူမို့ ရင်ထဲမှာ ဘယ်လိုမှ မေ့ဖျောက်လို့ မရခဲ့ပါ။

"မင်း. . . ဘာတွေပြောလိုက်လဲ ရဲမာန်"

"အင်း. . . ဒီထက် ရှေ့တိုးလာရင်တော့ အသက်ရှင်သန်ခွင့်ကို မမျှော်လင့်နဲ့တော့လို့ အပြတ်ပြောလိုက်တယ်"

"ဟင်. ."

ရဲမာန်က ပေါ့ပေါ့လေးပြောလိုက်ပေမယ့် သက်ဝေ တုန်လှုပ် သွားတယ်။ ရဲမာန်ဟာ ရဲရင့်သလောက် ပြတ်သားတဲ့ လူတစ်ယောက်ပါ၊ ပြဿနာတစ်ခုကို သည်းခံနိုင်တဲ့ အတိုင်းအတာ တစ်ခုထိပဲ လက်သင့် ခံတယ်။ ပြီးတော့ သူနဲ့ ပတ်သက်လာရင် ရဲမာန်ဟာ သည်းခံစိတ် လျော့ပါးသူ။

"ငါလည်း တင်းတယ်သက်ဝေ၊ ယမင်းညိုပုံစံက ငါတို့ကို လုံးဝဂရုမစိုက်သလိုဘဲ"

မင်းခန့်က ငြိမ်သက်နေရာမှ ဝင်ပြောတော့ သူ့ဆုံးဖြတ်ချက် တစ်ခု ချရပါတော့မယ်။

"အားလုံးကုံ ငါတောင်းပန်ပါတယ်ကွာ၊ ဒီပြဿနာဟာ ငါ့ရဲ့ညံ့ဖျင်းမှုကြောင့် ဖြစ်ပေါ်လာတဲ့အတွက် ငါပဲ ဖြေရှင်းပါ့မယ်။ ငါ့ကြောင့် ဘယ်သူမှ ဒုက္ခမရောက်စေချင်ဘူး"

ရဲမာန် ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်တယ်။ မျက်နှာမှာတော့ စိတ်မကောင်းတဲ့ အရိပ်တွေ ဖြာထွက်နေတယ်။

"မဟုတ်ဘူး သက်ဝေ၊ ငါတို့ဟာ သူငယ်ချင်းတွေလေ၊

ယမင်းညိုကြောင့် မင်းခံစားနေရတာကို ဒီအတိုင်း လက်ခံပေးရမှာလား၊ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုဆိုတာရှိတယ်။ ဒါဟာ တစ်ကမ္ဘာလုံး လက်ခံထားတဲ့ နိယာမတစ်ခုပဲ၊ အဲဒီတော့ ခုကိစ္စမှာလဲ မင်းက အရင်စခဲ့တာ မဟုတ်တဲ့အတွက် ယူသွားတဲ့ တန်ရာတန်ကြေးနဲ့ ညီမျှတဲ့ တန်ဖိုးကို ပြန်ယူရလိမ့်မယ်"

"ဟင်း. . ."

သက်ဝေ သက်ပြင်းချလိုက်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရဲမာန်ရဲ့စကားလုံးတွေဟာ ဓားသွားတစ်ချောင်းလိုရင်ထဲဝင်လာလို့ပါ။ သူ ဘာလုပ်ရမလဲ၊ ချစ်သူဟာ မာယာတွေသုံးပြီးသူ့ဘဝထဲကို ရောက်လာတာကိုက ဆိုးရွားလွန်းပါတယ်။ ဒီတော့ယုန်ကမတိုး၊ ပိုက်ကတိုးဆိုတဲ့ စကားမျိုး ဖြစ်ပေါ်လာခဲ့တာပေါ့။

"ရဲမာန်ပြောတာကို ငါ ထောက်ခံတယ် သက်ဝေ၊ ခုလိုမထေ့မဲ့မြင် အပြုအမူမျိုးကို ဘယ်လိုမှ လက်ခံနိုင်စရာအကြောင်းမရှိဘူး၊ ငါတို့ ယောကျ်ားတွေကို နွားတွေလို့ထင်နေတဲ့ ယမင်းညိုရဲ့အမြင်တွေကို ပြောင်းပစ်ရမယ်။ ဒါမှ နောက်ထပ် ဘယ်ယောကျ်ားကိုမှအထင်မသေးရဲတော့မှာ"

"တော်ကြပါတော့ကွာ မင်းတို့စကားတွေက ငါ့ဘက်ကမခံနိုင်လို့ ပြောမှန်းသိပေမယ့် ပြဿနာတစ်ခုကို ဖြေရှင်းနိုင်တဲ့အမှန် တရားမဟုတ်ဘူးလို့ ငါထင်တယ်။ အဓိက စဉ်းစားရမှာကဘာကြောင့် သူနောက်မဆုတ်သေးတာလဲ၊ ငါ့ဆီက ဘာထပ်လိုချင်သေးတာလဲ၊ ငါ့မှာလည်း ဘာပေးစရာရှိသေး လို့လဲ"

သက်ဝေ စကားကိုရပ်ပြီး ရဲမာန်နဲ့ မင်းခန့်တို့ကို ကြည့်လိုက်တယ်။ သူကတော့ သူရဲ့နှလုံးသားကို သူကိုယ်တိုင်ပြန်ပြီးစတေးထားတဲ့အတွက် သူမနဲ့ပတ်သက်ပြီး ဘာမှမလိုချင်တော့ပါ။

"ဒီမှာ သက်ဝေ. . . ယမင်းညိုလိုချင်တာ တစ်ခုထဲပါ။

ဒါပေမယ့် မင်းကပေးနိုင်မှာ မဟုတ်ဘူး"

"ဘာလဲ . . သူ ဘာလိုချင်တာလဲ"

"မင်းအဖေကို"

"ဟင်"

"ဟုတ်တယ် . . . သက်ဝေ၊ သူရဲ့ မွေးစားအမေအတွက် မင်းအဖေကို လိုချင်နေတယ်။ ဒါကြောင့်လည်း ဒီပြဿနာတွေ ဖြစ်ပေါ် လာတာပေါ့"

သက်ဝေတစ်ယောက် ရဲမာန်ရဲ့စကားအဆုံးမှာ နှလုံးသား တစ်ခုလုံး တစ်စစီ ဆုတ်ဖြဲလိုက်သလို ခံစားလိုက်ရတယ်။ သူမဟာ တစ်ပါးသူ မပေးချင်တဲ့အရာကို ဘာကြောင့်များ လိုချင်နေပါလိမ့်၊ သူမဟာ တကယ်ကို ရက်စက်လွန်းပါတယ်။

"ရဲမာန် သူ့အမေအတွက် ဖေဖေကိုရရင် ကျေနပ်မှာ လားဟင်"

"အဲဒါ သေချာတယ် သက်ဝေ၊ နဂိုထဲက မင်းကို စည်းရုံးပြီး လက်ခံသဘောတူလာအောင် ကြိုးစားနေတာ အသိသာ ကြီးကွာ"

"ဒါဆို ဖေဖေကို ရသွားပြီးရင် ငါနဲ့ပတ်သတ်စရာ မရှိတော့ဘူးပေါ့"

"သူက မင်းကို ချစ်ဟန်ဆောင်ခဲ့တာလေ"

"ငါဟာ ကံကြမ္မာရဲ့လွဲမှားခြင်းတွေနဲ့ အသက်ရှင်နေတဲ့ လူတစ်ယောက်ပါ၊ ငါကြောင့် ဘယ်သူမှ ဒုက္ခမရောက်စေချင်ဘူး၊ ဒါကြောင့် သူတို့လိုချင်တဲ့အရာကို သာသာကြည်ကြည်ပေးဖို့ ဆုံးဖြတ် လိုက်ပါပြီ"

"သက်ဝေ"

"မင်း . . . "

သက်ဝေ ဝေ့တက်လာတဲ့ မျက်ရည်ကို ကြိုးစားထိန်းသိမ်း

လိုက်ပြီး. . .

"ငါ ဆုံးဖြတ်ပြီးပြီ၊ အားလုံးအတွက် အကောင်းဆုံးလို့ပဲ ထင်ပါတယ်"

"ဟင်း"

ရဲမာန် သက်ပြင်းချသွားတယ်။

"ဟာကွာ"

မင်းခန့်က ဆို့နစ်နေတဲ့အသံနဲ့ အော်ဟစ်လိုက်တယ်။

ခုအချိန်မှာတော့ သူတို့ဝိုင်းလေးဟာ တိတ်ဆိတ်သွားတယ်။ အားလုံးဟာ ခံစားချက်ကိုယ်စီနဲ့ ရင်နင့်နေကြပါတယ်။ တော်တော်ကြာမှ ရဲမာန်က. . .

"အင်းလေ. . . မင်းရဲ့ဆုံးဖြတ်ချက်ဆိုတော့လည်း ငါတို့က ဘာပြောလို့ ရမှာလဲ၊ အနိုင်လိုချင်သူကို အရှုံးပေးနိုင်တဲ့ မင်းရဲ့စိတ်ဓာတ်ကို လေးစားပါတယ်ကွာ"

သက်ဝေ ကြေကွဲစွာ ပြုံးလိုက်တယ်။ ယို့နောက် ဆတ်ခနဲ မတ်တပ်ရပ်လိုက်ပြီး. . .

"ငါ သွားတော့မယ်"

"ဘယ်ကိုသွားမှာလဲ သက်ဝေ"

"မေမေဆီကိုပါ"

ရဲမာန် သဘောပေါက်သွားတယ်။

"ဒါဆိုလည်း သွားလေ"

"ကျေးဇူးပဲ"

သက်ဝေ သူငယ်ချင်းတွေကို နှုတ်ဆက်ပြီး ထထွက်လာခဲ့တယ်။

ညနေစောင်းရဲ့နေရောင်က သူ့ရင်ကို မအေးမြစေတာ အမှန်ပါပဲ။

သက်ဝေကားလေး ခြံဝင်းရှေ့ရောက်တော့ ခြံစောင့်ဦးလေးက အလိုက်တသိနဲ့ တံခါးဖွင့်ပေးလို့ အိမ်ရှေ့ အထိမောင်းဝင်လိုက်တယ်။

အရင်က ဒီနေရာကို ချစ်သူနဲ့ လာခဲ့ဖူးပါတယ်။ တစ်သက်လုံး ချစ်သူနဲ့ ဒီအိမ်လေးမှာ အတူနေရမယ်လို့ ယုံကြည်ခဲ့မိတယ်။ အချစ်ဆိုတာ မာယာများတဲ့ ထောင်ချောက်တစ်ခုဆိုတာ ဘာကြောင့် မေမေ မပြောခဲ့တာပါလိမ့်။ ခုတော့ လူးလိမ့်နေအောင် ခံစားနေရပါပြီ။

"ဆရာလေး တစ်ယောက်ထဲလား"

"တစ်ယောက်ထဲပါ ဦးလေး၊ တစ်သက်လုံးလည်း တစ်ယောက်ထဲပဲ နေတော့မှာပါ"

"ဟင်. . . ဆရာလေး ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ဘူး. . . အိမ်တံခါးတွေသာ အားလုံးဖွင့်ထား လိုက်ပါ"

"ဟုတ်ကဲ့ ဆရာလေး"

ခြံစောင့်ဦးလေး အနားကထွက်သွားပြီး အိမ်တံခါးတွေကို ဖွင့်လိုက်တယ်။

"ဆရာလေး အားလုံးဖွင့်ပြီးပါပြီ"

သူခေါင်းညိမ့်ကာ ကားပေါ်ကဆင်းပြီး အိမ်ထဲ ဝင်လာခဲ့တယ်။ အထဲရောက်တော့ နွေးထွေးတဲ့ မေမေရဲ့ အငွေ့အသက်ကို စတင်ခံစားလိုက်မိတယ်။

"မေမေ"

သိပ်ချစ်တဲ့မေမေရဲ့ ဆန္ဒတွေကို မဖြည့်ဆည်းနိုင်တော့ပါလား၊ မေမေရှိတဲ့ အခန်းတံခါးကို ဖွင့်နေချိန်မှာတော့ သော့ကိုင်ထားတဲ့ လက်က တုန်ရီနေတယ်။ ထို့ကြောင့် တော်တော် သတိထားပြီး ဖွင့်လိုက်ရပါတယ်။

အခန်းထဲရောက်သွားတော့ အမြဲတမ်းအပြုံးတွေနဲ့ ရွှန်လန်းနေတဲ့ မေမေကို တွေ့လိုက်ရတယ်။ ထို့နောက် မေမေရှေ့မှာ ဒူးထောက် ပြီး အပြစ်တွေကို တောင်းပန်လိုက်ပါတယ်။

"မေမေ. . . သားကို ခွင့်လွှတ်ပါ၊ ဒေါ်ခင်မေသော်ကို မေမေ့ နေရာမှာ အစားထိုးဖို့ ဆုံးဖြတ်ခဲ့တာဟာ မေမေ့ကို မချစ်လို့ မဟုတ် ပါဘူး၊ သားဘဝမှာ မေမေကိုသာ အချစ်ဆုံးဆိုတာ ယုံပါ၊ ယမင်းညိုကို မေမေသိတယ် မဟုတ်လားဟင်၊ သူဟာ မာယာတွေနဲ့ သားရဲ့ဘဝထဲကို ဝင်လာခဲ့တာပါ၊ အခုလည်း သူ့ကြောင့် သားရဲ့ဆုံးဖြတ်ချက်တွေ ပြောင်းရတာပါ၊ ရဲမာန်နဲ့ မင်းခန့်တို့က ယမင်းညိုကို အရမ်းမုန်းနေ ကြတယ် မေမေ၊ နောက်ဆုံး သတ်ပစ်ဖို့အထိ ပြောနေကြပြီ၊ သား ဘာလုပ်ရမလဲ၊ သားနေရာက မေမေစဉ်းစားကြည့်ပါ၊ သားကြောင့် သူတို့တွေ ထောင်ထဲရောက်မယ့်အဖြစ်မျိုး၊ သားကြောင့် ယမင်းညို သေဆုံးသွားမှာကို လက်မခံနိုင်ဘူးမေမေ၊ ပြီးတော့ ဒီလိုသာ ဖြစ်ခဲ့ရင် အားလုံးကြေကွဲရလိမ့်မယ်။ ဒါကြောင့် သားဆုံးဖြတ်ချက်တွေ ပြင်ခဲ့ရတာပါ၊ ခုလို ဆုံးဖြတ်တာလည်း အကောင်းဆုံးပဲ ထင်ပါတယ်။ မေမေ မြင်ချင်တဲ့မိသားစုဘဝလေးကို မဖန်တီး၊ မတည်ဆောက်နိုင်တာ ခွင့်လွှတ်ပါ၊ သားပြောတဲ့ စကားတွေကို တမလွန်က မေမေကြားနိုင်လိမ့်မယ် ထင်ပါတယ်။ သားကို ခွင့်လွှတ်ပါနော်"

သူ့ခံစားချက်အကုန်လုံးကို ဖွင့်ပြီးနောက်၊ မတ်တပ်ရပ်ကာ ပြုံးနေတဲ့ မေမေ့မျက်နှာလေးကို ပွတ်သပ်ကိုင်တွယ်လိုက်တယ်။

သူဟာ မေမေ့ကိုချစ်တဲ့သားပါ၊ ခုတော့ မေမေ့နဲ့သူ ခွဲရတော့မယ်။ နောက်ဘဝမှာ ပြန်လည်ဆုံစည်းခွင့်ရရင် မေမေရဲ့သားအဖြစ်နဲ့ ပြန်လည် ဆုံစည်းချင်ပါတယ်။ထို့နောက် မေမေမျက်နှာကို မျက်တောင်မခပ်ငေးကြည့်ပြီး အခန်းထဲက ပြန်ထွက်လာခဲ့တယ်။ သူ့အတွက်တော့ မေမေဟာ ဘယ် တော့မှ မသေတဲ့ အမေပါ။

အခန်းပြင်ရောက်တော့ တံမြက်စည်းလှဲနေတဲ့ ဦးလေးကို တွေ့လိုက်လို့ အနားကို လှမ်းခေါ်လိုက်တယ်။

"ဦးလေး ခဏ"


"ဘာခိုင်းစရာရှိလို့လဲ ဆရာလေး"

"ကျွန်တော် ဒီအိမ်နဲ့ ဒီခြံကို ဦးလေးလက်ထဲ အပ်ခဲ့မယ်၊ ဦးလေးအနေနဲ့ မေမေ့ကို ကျွန်တော်စောင့်ရှောက်သလို စောင့်ရှောက်ပေးပါ"

"ဟင် ဆရာလေး ဘာတွေပြောနေတာလဲ၊ ကျုပ် ဘာမှနားမလည်ဘူး"

"တစ်နေ့နေ့တော့ နားလည်လာမှာပါဦးလေး ကျွန်တော်သွားတော့မယ်"

ခြံစောင့်ဦးလေးရှေ့ကနေ သူထွက်လာခဲ့တယ်။ မကြာခင်မှာ ပြဿနာတွေအားလုံး ချုပ်ငြိမ်းသွားလိမ့်မယ်လို့ ထင်ပါတယ်။



## အခန်း(၁၁)

ကောင်းကင်သည် မာယာတွေနဲ့ လွှမ်းခြုံထားသော မိန်းမ တစ်ယောက်နဲ့ တူပါတယ်။

သီချင်းမဆိုတတ်ဘဲ အဆိုတော်ဖြစ်ချင်တဲ့ လူတစ် ယောက် ကို တွေ့ဖူးကြပါသလား. . .

ဟာသမမြောက်တဲ့ ပြတ်လုံးတစ်ခုကို ခပ်တည်တည်နဲ့ ရယ် စရာ လုပ်နေသော လူရွှင်တော်တစ်ယောက်ရဲ့ အမူအယာမျိုး လူ သားတိုင်းမှာ ရှိကြပါတယ်။

တကယ်တော့ လူ့ဘဝဆိုတာ ဘာမှမဟုတ်ပါ. . .

ဒါပေမဲ့ လူသားတိုင်းဟာ အသက်ရှင်စဉ် ကာလပတ်လုံး အကောင်းဆုံးဆိုတဲ့ ဘဝတစ်ခုကို မျှော်လင့်တမ်းတကြပါတယ်။ တကယ်တမ်း မျှော်လင့်တောင်းတသည့်အတိုင်း ဖြစ်မလာသော အခါမှာတော့ စိတ်ပျက်အားငယ်မှုနဲ့အတူ လောကကြီးမှာ ကိုယ့် လောက် ကံဆိုးတဲ့သူ မရှိဘူးလို့ ထင်မှတ်ကြတယ်။

ထိုအခါ ထွက်ပေါက်တစ်ခုကို အသည်းအသန် ရှာဖွေကြပါ ရော။

အချို့က မှားယွင်းတဲ့လမ်းကြောင်းပေါ် မတ်တပ်ရပ်မိကြ သလို၊ အချို့ကလည်း မှန်ကန်တဲ့ လမ်းကြောင်းကို ရှာဖွေတွေ့ရှိကြ တယ်။

ထိုသို့ ကွဲပြားခြားနားခြင်းက အသိဉာဏ်၊ ဗဟုသုတ၊ ကျင်လည်ရာ ပတ်ဝန်းကျင်နှင့် အများဆုံး သက်ဆိုင်ပေတယ်။

လူတစ်ယောက်သည် လူဖြစ်လာပြီးနောက်၊ ဘဝမှာ

မှန်ကန် တဲ့ ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲဝံ့ဝံ့ချရဲဖို့ လိုအပ်တယ်။

အမှန်နဲ့အမှား

အရှုံးနဲ့အနိုင်

ပေးဆပ်ခြင်းနဲ့ စွန့်လွှတ်ခြင်း

အားလုံးဟာ ဒွန်တွဲနေကြသဖြင့် ရွေးချယ်တတ်ဖို့တော့ လိုပါတယ်။

ယခု သက်ဝေသည် ဘဝအတွက် အကောင်းဆုံးအရာကို ရွေးချယ်ပါတော့မယ်။

သူ မည်သည့်အရာကို ရွေးချယ်မည်နည်း ရွေးချယ်ခွင့်တော့ ရှိမည်ထင်ပါသလား. . .



အခန်း(၁၂)

ဒီနေ့ သက်ဝေ အိပ်ယာမှအစောကြီးနိုးထလာပါတယ်။

ညထဲက အပြန်ပြန်အလှန်လှန် စဉ်းစားပြီး ဆုံးဖြတ်ချက်ချထားသူမို့ ရင်ထဲမှာ ပေါ့ပါးလန်းဆန်းနေတယ်။

ကိုယ်လက်သန့်စင်ပြီး ထမင်းစားခန်းထဲ ဝင်လိုက်ချိန်မှာ ကော်ဖီသောက်နေတဲ့ ဖခင်ဖြစ်သူကို တွေ့လိုက်ရတယ်။

ဒီရက်ပိုင်းမှာ ဖေဖေနည်းနည်း ပိန်သွားသလိုပဲ။ ဒေါ်ခင်မေသော် နေမကောင်းတဲ့အတွက် ဖေဖေဟာ သူ့အနားယူရမယ့်အချိန်တွေကို ပေးဆပ်လိုက်ရတာလဲ ပါလိမ့်မယ်။ ဒီနေ့ ဘာပဲဖြစ်ဖြစ် ဖေဖေ စိတ်ချမ်းသာတော့မှာပါ။

"ဩော်. . . သား အိပ်ယာနိုးပြီလား၊ တစ်ခါတည်း ဖေဖေနဲ့ အတူကော်ဖီသောက်နော်"

သက်ဝေကိုမြင်တော့ ဦးသက်ပိုင်က လှိုက်လှဲစွာနဲ့ ပြောလိုက်တာပါ၊ သက်ဝေခေါင်းညိမ့်ပြီး ဖခင်ဖြစ်သူနဲ့ မျက်နှာချင်းဆိုင်ထိုင်လိုက်တယ်။

"မမ. . . သားအတွက် ကော်ဖီတစ်ခွက်"

"အဆင်သင့်ပါပဲ တော်"

ခဏအတွင်းမှာပဲ သက်ဝေရှေ့ကို အန်တီနွဲ့က ကော်ဖီပန်းကန်လာချပေးတယ်။ သက်ဝေက ကော်ဖီကို တစ်ငုံမော့သောက်ပြီး ဖခင်ဖြစ်သူအံ့ဩစေမယ့် စကားတစ်ခွန်းကို မေးလိုက်တယ်။

"ဒေါ်ခင်မေသော် နေကောင်းသွားပြီလား ဖေဖေ"

"ဟေ"

ထင်တဲ့အတိုင်းပါပဲ။ ဦးသက်ပိုင် အံ့ဩတကြီးနဲ့ မျက်လုံးပြူးသွားတယ်။ သက်ဝေက ဒီအဖြစ်အပျက်ကို မသိချင်ယောင်ဆောင်ပြီး ထပ်ပြောလိုက်ပါတယ်။

"သားက ဒေါ်ခင်မေသော် နေကောင်းလားလို့ မေးတာပါ ဖေဖေ"

"အံ့ဩစရာပါလား၊ ဒီမေးခွန်းကို သားက ဘယ်လိုသဘောမျိုးနဲ့ မေးတာလဲ"

သက်ဝေ လွမ်းဆွေးရီဝေစွာနဲ့

"အဲဒီညက သားလာသေးတယ် ဖေဖေ"

"ဖေဖေ သိတယ်သား၊ သမီးလေး ယမင်းညို ပြန်ပြောပါတယ်"

သ. ဝေ ချစ်သူမျက်နှာကို ဖျက်ခနဲ မြင်ယောင်လိုက်မိတယ်။ အ. ရာအားလုံးထက် ကြီးမြတ်တဲ့ချစ်ခြင်းတွေနဲ့အတူ ချစ်သူကို သူချစ်ခဲ့ပြီးပြီ၊ အဲဒီအတွက် ရရှိလာတဲ့ဒဏ်ရာဒဏ်ချက်တွေက လွမ်းဆွတ်ခြင်းတဲ့လား၊ ခုတော့ ဒီဒဏ်ရာတွေကို ကုစားရတော့မယ်။ ထို့ကြောင့် အသက်ကို ခပ်ပြင်းပြင်း ရှူရှိုက်လိုက်မိတယ်။

"သား. . ဘာကိစ္စနဲ့ လာတာလဲဆိုတာ ဖေဖေသိလား"

"ဟင်း"

ဦးသက်ပိုင်ရဲ့ သက်ပြင်းချသံပေါ်လာပြီး၊ မျက်နှာပေါ်မှာ စိတ်မကောင်းတဲ့ အရိပ်တွေ အရစ်လိုက်ဖုံးလွှမ်းသွားတယ်။ ထို့ကြောင့် ဘာကြောင့်လည်း ဆိုတဲ့အဖြေကို သက်ဝေအသည်းအသန်ရှာဖွေမိချိန်မှာပဲ စကားသံပေါ်လာတယ်။

"ဖေဖေကို ခွင့်လွှတ်ပါ သား၊ ဒီလိုဖြစ်ပေါ်လာလိမ့်မယ်လို့ အစောကြီးထဲကသိရှိခဲ့ရင် ဒီဇာတ်လမ်းကိုကဖို့ ဖေဖေ

သဘောတူမှာ မဟုတ်ပါဘူး၊ ခုတော့ ဖေဖေတို့ရဲ့လူကြီးတွေကြောင့် လူငယ်တွေရဲ့နှလုံးသားမှာ ဒဏ်ရာတွေရကုန်ကြပြီ၊ သားအတွက် ဖေဖေ၊ စိတ်မကောင်းပါဘူး"

"ဟာ"

ဦးသက်ပိုင်စကားကို နားထောင်ပြီး သက်ဝေရင်ထဲအရမ်းကို ဝမ်းနည်းကြေကွဲသွားတယ်၊ မထင်ခဲ့ပါ။ ခုတော့ ဘဝမှာ မထင်မှတ်တာတွေ ဆက်တိုက်ဖြစ်ပေါ်လာပါလား၊ ထို့ကြောင့် တဖြည်းဖြည်းနဲ့ သူ့ကိုယ်သူ အထီးကျန်သလို တမြေ့မြေ့နဲ့ ခံစားလိုက်ရတယ်။

"သွား"

"ပြောပါ. . . ဖေဖေ"

ဦးသက်ပိုင်ရဲ့ တိတ်တခိုးရှိုက်တဲ့ သက်ပြင်းသံ တိုးတိုးလေးပေါ်လာပြီး၊

"ဒီဇာတ်လမ်းမှာ တကယ်တော့ သမီးလေး ယမင်းညို မှာ အပြစ်မရှိပါဘူး၊ ဖေဖေသိသလောက်ဆိုရင် သမီးလေးဟာ သားကို တကယ်ချစ်ခဲ့တာပါ"

"ဟင်း. . . ဟင်း. . . ဟင်း"

ဒီစကားကို သက်ဝေ ခပ်ဖြည်းဖြည်းလှောင်ပြောင် ရယ်မောလိုက်တယ်။ ဒီနေရာသာ အိမ်မဟုတ်ပဲ လွတ်လပ်တဲ့ ကွင်းပြင်ကြီးသာ ဆိုရင် အသံကျယ်ကြီးနဲ့ ရယ်မောမိမှာပါ။

"သားက. . . ဖေဖေ့စကားကို မယုံဘူးလား"

"ဖေဖေ ယုံစေချင်ရင် သားယုံပေးပါ့မယ်"

သက်ဝေစကားကြောင့် ဦးသက်ပိုင်စိတ်မကောင်းသလို ခေါင်းခါယမ်း လိုက်ပြီး. . .

"မဟုတ်ဘူး သား၊ သမီးလေးဟာ သားဆီကို ဘယ်လိုအကြံ အစည်နဲ့ပဲ ရောက်လာပါစေ၊ အချစ်နဲ့ပတ်သက်လာရင် လုံးဝ လိမ်ညာလှည့်ဖျားနေတာ မဟုတ်ဘူး၊ ဘာကြောင့် ဒီလိုပြော

နိုင်သလဲဆိုရင် သမီးလေးကိုယ်တိုင် ဖွင့်ဟဝန်ခံခဲ့လို့ပဲ သား"

"ယုံနိုင်စရာမရှိတဲ့ အကြောင်းအရာတွေကို မပြောပါနဲ့ ဖေဖေ၊ ဒီဇာတ်လမ်းမှာ ဖေဖေကိုယ်တိုင် ပါဝင်ခဲ့တာတော့ သား ဝမ်းနည်းမိတယ်။ သားဟာ ဖေဖေတို့အတွက် အမျိုးကိုစိစစ်၊ ဒါမှမဟုတ် လွဲမှားတဲ့ စိတ်ခါတ်ပိုင်ရှင်လို့ စောစောစီးစီးကသိခဲ့ရင် အဝေးကို ထွက်သွားမှာပါ။ တကယ်တော့ ဖေဖေတို့ဟာကိုယ့်ဆန္ဒပြည့်ဝဖို့အတွက် သားတစ်ယောက်ရဲ့ နှလုံးသားကို ငါးစာလုပ်ပြီး မျှားခဲ့တယ်။ ဒီမှာ ဖေဖေ၊ သား. . . မေမေကို ချစ်ခဲ့တာ အပြစ်တစ်ခုလား၊ မေမေ့နေရာမှာဘယ်သူ့ကိုမှ အစားမထိုးနိုင်တာ သားရဲ့ အတ္တတွေလား၊ ထားလိုက်ပါတော့ ဖေဖေ၊ သား အားလုံးကို နားလည်သွားပါပြီ၊ မကြာခင်မှာလည်း ပြဿနာတွေအားလုံးဟာ ငြိမ်ငြိမ်သက်သက်လေးနဲ့ ပြီးဆုံးသွားတော့ မှာပါ၊ အခုလည်း ဖေဖေ့ကို ဝမ်းသာစရာ ပြောမလို့ အိပ်ယာက အစောကြီး ထလာတာ၊ သား သေချာစဉ်းစားဆုံးဖြတ်ပြီးမှ ပြောတယ် ဆိုတာယုံပေးပါ။ သား ဖေဖေနဲ့ဒေါ်ခင်မေသော်ကို သဘောတူလိုက်ပြီ"

"ဟင်"

"ချုလွှမ်း"

ဦးသက်ပိုင်ဆီမှ အာမေဋိတ်သံနဲ့အတူ ပန်းကန်ဆေးရင်းနားထောင်နေတဲ့ အန်တီနွဲ့လက်ထဲက ပန်းကန်တစ်ချပ် လွတ်ကျသံထွက်ပေါ်လာတယ်။ ထို့နောက် ထမင်းစားခန်းလေးဟာ သက်မဲ့ကျောက်ဖြစ်ရုပ်ကြွင်း တစ်ခုလို တိတ်ဆိတ်သွားတယ်။ တော်တော်ကြာမှ ဦးသက်ပိုင်ဆီမှ စကားသံ ထွက်ပေါ်လာပါတယ်။

"အရာအားလုံးဟာ နောက်ကျသွားပြီသား၊ ဖေဖေနဲ့ ခင်မေသော်တို့နှစ်ယောက် ရာသက်ပန်ယောဂီအဖြစ်နဲ့ ရိပ်သာဝင်ဖို့ ဆုံးဖြတ်ထားကြတယ်"

"ဟာ"

ဒီတစ်ခါတော့ သက်ဝေ ဖခင်ဖြစ်သူကို အံ့ဩတကြီးနဲ့ ငေးကြည့်မိသွားတယ်။

"အရာအားလုံးဟာ ကံတရားကြောင့်ပဲလို့ ဖေဖေ မပြောချင်ဘူး သား၊ အမေကို ချစ်တတ်တဲ့ သားရဲ့စိတ်ကို ထပ်ပြီးလည်း ဒုက္ခရာမရစေချင်တော့ဘူး။ ခင်မေသော်မှာလည်း ဖေဖေ့လိုစိတ်မျိုးရှိနေတယ်။ ဒါကြောင့် ရှိသမျှ စည်းစိမ်ဥစ္စာတွေ အားလုံး အားကိုလွှဲဖို့ ရှေ့နေတွေနဲ့ တိုင်ပင်ပြီးပြီ ၊တကယ်တော့ အေးချမ်းမှုဆိုတာ ဘုရားရိပ်၊ တရားရိပ်ထက် အခြားမရှိဘူးဆိုတာ ဖေဖေသိသွားပါပြီ၊ စီးပွားရေး လောကမှာ ဘယ်လောက်ပဲ အောင်မြင်ပါစေ၊ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာ အပူမီးတွေနဲ့သာ တောက်လောင်နေရကယ်။ ဒါကြောင့် အသက်ကြီးပြီဖြစ်တဲ့ ဖေဖေဟာ ညစ်နွမ်းနေတဲ့ နှလုံးသားကို တရားနဲ့ဆေးကြောရတော့မယ်။ သံသရာမှာ ခေါင်းမော့ရင်ကော့နိုင်ဖို့အတွက် အထုပ်ပြင်ရတော့မယ်။ ဒီတော့ သားအနေနဲ့ ဖေဖေရဲ့ ဆုံးဖြတ်ချက်တွေကို နားလည် လက်ခံပေးပါလို့ ပြောချင်တယ်"

ဦးသက်ပိုင်စကားကို ခဏရပ်လိုက်တယ်။ ဦးသက်ပိုင်ရဲ့ ဆုံးဖြတ်ချက်တွေဟာ သက်ဝေအဖို့ လုံးဝတားဆီးရ ခက်ခဲနေ ပါတယ်။

"သား"

သက်ဝေဖခင်မျက်နှာကို သေချာစိုက်ကြည့်လိုက်တယ်။ အဲဒီမှာ ထူးဆန်းတာက ခါတိုင်းနဲ့မတူဘဲ မျက်နှာတစ်ခုလုံး အေးမြကြည်လင်နေတယ်။ ဒါဟာ တရားရဲ့တန်ခိုးကြောင့်လား၊ ခုအချိန်မှာ ဖေဖေနဲ့ ပတ်သက်ပြီး သူ စာနာနားလည်နိုင်ပါပြီ။

"သားရယ် ဖေဖေဟာ ချစ်သောသူနဲ့ကွေကွင်းခဲ့ရတဲ့ ဒုက္ခရာ၊ ဒုက္ခချက်တွေကို ခံခဲ့ရသူပါ၊ သားကို အဲဒီလို အဖြစ်မျိုးနဲ့ မကြုံစေချင်ဘူး၊ ဒါကြောင့် သူမီးလေး ယမင်းညိုအပေါ် နားလည်

ပေးစေချင်တယ်၊ တကယ်လို့သာ သားတို့နှစ်ယောက် ချစ်လျက်နဲ့ ဝေးကွာခဲ့ရမယ်ဆိုရင် ဖေဖေနဲ့ခင်မေသော်တို့ဟာ တစ်သက်လုံး စိတ်ကောင်းမှာ မဟုတ်ဘူး"

သက်ဝေ စကားကို ငြိမ်သက်စွာနဲ့ နားထောင်ရင်း ချစ်သူကို ပြင်းပြင်းထန်ထန် သတိရမိတယ်၊ ဒါပေမယ့် ချစ်သူဟာ သူ့အပေါ် လိမ်ညာခဲ့တာကိုတော့ လုံးဝမမေ့နိုင်။

"သား. . . ဖေဖေ့စကားကို နားထောင်ပါ၊ သမီးလေး ယမင်းညိုဟာ သားကို တကယ်ချစ်ခဲ့တာပါ၊ ခုလည်း ချစ်ခြင်းတရားတွေနဲ့အတူ သားရဲ့အထင်လွဲခြင်းတွေကြောင့် သူ့ခမျာ အပြင်းအထန်ခံစားနေရရှာတယ်"

"တော်ပါတော့ဖေဖေ သူနဲ့ပတ်သက်ပြီး သား ဘာမှ မကြားချင်ဘူး"

သက်ဝေထမင်းစားခန်းထဲမှ ချိနဲ့စွာနဲ့ ထွက်လာခဲ့ပါတယ်။

သေချာတာတစ်ခုကတော့ ဒေါ်ခင်မေသော်ဟာ ဖေဖေ့ကို မယူတော့ဘူးဆိုတာ နားလည်သွားပါပြီ။



"ဒါဆို မင်းဘာဆက်လုပ်မလဲ သက်ဝေ"

ရဲမာန့်မေးခွန်းကြောင့် သက်ဝေ တွေဝေစွာနဲ့ ငေးမောသွားပါတယ်။ သူဘာဆက်လုပ်မလဲ၊ ဒီမေးခွန်းရဲ့အဖြေကို သူကိုယ်တိုင်လည်း မစဉ်းစားမိသေးပါ။ ဒါပေမယ့် ရင်ထဲမှာတော့ ချစ်သူကို အရမ်းတွေ့ချင် နေပါတယ်။

ချစ်သူ
သူ့ အိပ်မက်တွေကို ဖန်ဆင်းခဲ့သူ
ပြီးတော့
အနက်ရောင်ဆေးတွေနဲ့ ခြယ်သခဲ့သူ
ချစ်သူဟာ သူ့ကို တကယ်ချစ်ခဲ့တယ်ဆိုတာ အမှန်များလား. . .

"ပွင့်ပွင့်လင်းလင်း ပြောရရင် ငါလည်း မင်းကိုနှလုံးသားဒဏ်ရာအနာတရတွေနဲ့ မရှင်သန်စေချင်ဘူး၊ ယမင်းညိုနဲ့ပတ်သက်ပြီး ငါ့ရဲ့စိတ်သဘောထားတွေ တင်းမာခက်ထန်ခဲ့တာကလည်း မင်းကို ခင်လွန်းလို့ပါ။ တတ်နိုင်ရင် အားလုံးကို ပြေလည်စေချင်တယ်ကွာ"

သက်ဝေ တိတ်တိတ်လေး သက်ပြင်းခိုးချလိုက်ပါတယ်။ သူကိုယ်တိုင် ချစ်သူရဲ့ လှည့်စားခြင်းကို ခံခဲ့ရပေမယ့် ချစ်သူကို မုန်းဖို့ အင်အားတွေ မရှိခဲ့သူပါ၊ ခုတောင်မှ နှလုံးသားတစ်ခုလုံး ကွဲကြေမတတ်ခံစားနေရတာ၊ တကယ်လို့သာ ချစ်သူကို အပြီးအပိုင် စွန့်လွှတ်ရပါက ရူးသွပ်သွားနိုင်ပါတယ်။

"ငါ သူ့ကိုအရမ်းချစ်တယ် ရဲမာန်၊ ဒါပေမယ့် ငါ့ကို သူချစ်ပါတယ်ဆိုတာ ဘယ်လိုမှ အကြွင်းမဲ့ယုံလို့မရသေးဘူး၊ ဘာကြောင့်လဲဆိုတော့ အစထဲက ငါ့ဘဝထဲကို ဝင်ရောက်လာတာ ဟာ မာယာတွေနဲ့လေ၊ ဒီတော့ ငါ့ဆီက တစ်ခုခုလိုချင်လို့ဆိုတဲ့ အတွေးကြီးက အိပ်မက်တစ်ခုလို ခြောက်လှန့်နေတယ်"

"ဒါဆို ငါတစ်ခုမေးမယ် သက်ဝေ"

"ဘာလဲ"

"မင်း ယမင်းညိုကို အရမ်းချစ်တယ်နော်"

"မေးနေစရာလိုသေးလားကွာ"

ရဲမာန် ဟက်ခနဲတစ်ချက် ရယ်မောလိုက်ပြီး. . .

"ဒါဆိုထပ်မေးမယ်. . . ဘာကြောင့် ချစ်တာလဲ"

"ဟာကွာ. . . အဲဒါကတော့ နှလုံးသား အလိုအရလေ"

"အေးဒီလိုဆိုရင် နှလုံးသားအလိုအရပဲ မင်း ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားတော့သက်ဝေ၊ ဘာကြောင့်လဲဆိုတော့ မင်းမပေးချင်တဲ့လူကို မပေးရသလို၊ လိုချင်တဲ့လူကလည်းမယူတော့ဘူး၊ ဒီတော့ မင်းတို့နှစ်ယောက်ကြားမှာ ဘာပြဿနာမှ မရှိတော့ဘူး၊ ငါပြောတာ ရှင်းလား၊ ယမင်းညိုနဲ့ ပတ်သက်ပြီး၊ မင်းဘက်က လွန်လွန်ကျူးကျူး ခါးသီးနေလို့သာ ငါပြတ်ပြတ်သားသားတုံ့ပြန်ရတာ၊ တကယ်သေွးအေးအေးနဲ့စဉ်းစားကြည့်ရင် ယမင်းညိုဟာလည်း မင်းလိုပဲ မိခင်ကိုချစ်တတ်တဲ့လူတစ်ယောက်ပါ၊ ဒီတော့ မင်းကိုယ်ချင်းစာပြီး နားလည်ပေးသင့်တယ်"

"ငါ့ကို သူ ညာခဲ့တာတော့ မင်းထည့်မပြောတော့ဘူးလား"

"ဒီလိုဆိုရင် ငါပြန်မေးမယ်။ အဲဒီလို ညာခဲ့လို့လည်း မင်းတို့နှစ်ယောက် တွေ့ဆုံခဲ့တာ မဟုတ်လား"

"ဒါလည်း ဟုတ်တာပဲ"

သက်ဝေ တိုးတိုးလေး ဝန်ခံလိုက်မိတယ်။ ဒါပေမယ့် စိတ်ထဲမှာတော့ လိမ်ညာခဲ့တာပဲဆိုတဲ့ အစွဲတစ်ခုကတော့ မကျွတ်သေးပေ။

"သက်ဝေ. . . ယမင်းညှိုဟာ မင်းကို တကယ်ချစ်တယ်ဆိုတာ ငါယုံတယ်။ ဘာကြောင့်လည်းဆိုတော့ ညက ငါတစ်ညလုံးပြန်စဉ်းစားမိတယ်။ မင်းနဲ့ပတ်သက်ပြီး ငါသတ်ရင်တောင် သေရဲပါတယ်ဆိုတဲ့ ယမင်းညှို့ရဲ့စကားဟာ နှလုံးသားထဲက ဖော်ကျူးလိုက်တဲ့ အချစ်သံစဉ်တွေမှန်း ခံစားနေရလို့ပဲ"

"ဟူး"

သက်ဝေ လေပူတစ်ချို့ကို မှုတ်ထုတ်လိုက်မိတယ်။ ခုအချိန်ထိ သူ့ရဲ့စိတ်တွေဟာ ရှုပ်ထွေးနောက်ကျိနေတုန်းပါပဲ၊ ဖြစ်နိုင်မယ်ဆိုရင် အရာအားလုံးကို မေ့ပျောက်ပြီး ချစ်သူကို ယုယုယယနဲ့ထွေးပိုက်ချင်ပါတယ်။

"စဉ်းစားပေါ့ကွာ. . . ပြဿနာတစ်ခုကို သွေးပူနေတဲ့အချိန်မှာ စဉ်းစားလို့ အဖြေမှန်မထွက်ပေမယ့်။ သွေးအေးတဲ့အချိန်မှာတစ်ခုခြင်း၊ တစ်လွှာခြင်း ခွဲခြားစိတ်ဖြာပြီး စဉ်းစားရင်တော့အဖြေမှန် တစ်ခုတော့ထွက်လာမှာပဲ၊ ငါကတော့အတတ်နိုင်ဆုံး မင်းကို မမှားစေချင်ဘူး၊ ခုအချိန်မှာ ငါ့ရဲ့စကားတွေဟာ ယမင်းညှိုဘက်က ကာကွယ်ပြီး ရှေ့နေလိုက်တယ်လို့ မင်းထင်ချင်ထင်လိမ့်မယ်။ ဒါဆိုရင်တော့ မှားတယ်လို့ငါပြောချင်တယ်။ အရင်က ယမင်းညှိုနဲ့ ပတ်သက်ပြီး သွေးပူနေတုန်းအချိန် ငါလည်းပြောမှား၊ ဆိုမှား၊ ဆုံးဖြတ်ချက်မှားတွေရှိခဲ့တာပဲ။ ဒါပေမယ့် သေချာစဉ်းစားတဲ့အခါမှာတော့ ဘယ်သူ့ကိုမှအပြစ်ပြောလို့မရတဲ့ ကိစ္စဖြစ်နေတယ်။ အားလုံးဟာ ကိုယ်ရပ်တည်နေတဲ့ဘက်က အမှန်တွေချည်းပဲ၊ ဒီတော့ ငါက အားလုံးအဆင်ပြေစေချင်တယ်"

ရဲမာန် စကားကို အဆုံးသတ်ကာ သက်ဝေကို ကြည့်လိုက်ပါတယ်။ သူပြောတာကို ငြိမ်ငြိမ်လေး နားထောင်ပြီး တွေဝေသွားပုံက ပျော့ပျောင်းမှုကို အတိအလင်း ဖော်ပြနေသလိုပါပဲ၊ သူဟာ သူငယ်ချင်း အပေါ် ချစ်တတ်သူပါ။ ထို့ကြောင့် သူချစ်တဲ့ သူငယ်ချင်းရဲ့ဘဝ နောင်တတွေနဲ့ အသက်မရှင်စေချင်ပါ။

"ခုအချိန်ထိ ငါတွေဝေနေတုန်းပဲ ရဲမာန် သူ့ကိုလည်း ဘယ်လိုနည်းနဲ့မှ ယုံကြည်လို့ မရသေးဘူး၊ ဘာကြောင့်လည်းဆိုတော့ သူဟာ ငါ့ဘဝထဲကို စဝင်လာထဲက မာယာတွေနဲ့မို့လို့ပါ"

"အဲဒါ မင်းရဲ့အထင်ကွ၊ တကယ်တော့ ယမင်းညိုမှာ ဘာမာယာမှ မရှိဘူး၊ အေး. . . အမေကို ချစ်တတ်တဲ့စိတ်တော့ ရှိတယ်။ အဲဒါကို မင်းက မာယာလို့ထင်နေတာ"

"ဘာပဲဖြစ်ဖြစ် သူဟာ ငါ့ကိုလိမ်ခဲ့တာပဲလေ"

"အားလုံးကို ရောမချနဲ့သက်ဝေ၊ လိမ်တယ်ဆိုတာ သူလိုချင်တဲ့ ပစ်မှတ်အပေါ်မှာပဲ သီးသီးသန့်သန့်ရှိတာပါ၊ မင်းကို ချစ်တာကတော့ လုံးဝလိမ်နေတာ မဟုတ်ဘူး၊ ဒါကို ငါသေချာ ယုံကြည်တယ်"

"မင်း ဘာကြောင့် ဒီလောက်ယုံကြည်နေတာလဲ"

ရဲမာန်က လျှို့ဝှက်စွာ ပြုံးပြီး . . .

"မင်းကို သိပ်ချစ်တယ်ဆိုတာ သိနေလို့ပါ"

"ဟင်. . . ငါတောင် မသိဘူး"

သက်ဝေရဲ့ စိတ်ရှုပ်တဲ့လေသံကြောင့် ရဲမာန်သဘောကျစွာနဲ့ ရယ်မောလိုက်တယ်။ ထိုရယ်သံထဲမှာ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း တွေနဲ့အတူ သူငယ်ချင်းအပေါ် ထားတဲ့ သံယောဇဉ်တွေလည်း ပါနေတယ်။

"ငါ ပြန်တော့မယ်. . . ရဲမာန်"

"အေး. . . ငါပြောသလို မင်းအေးအေးဆေးဆေး

စဉ်းစားပေါ့"

သက်ဝေ ကြေကွဲစွာပြုံးပြီး ပြန်သွားတာကို ရဲမာန် ငေး ကြည့်လိုက်ပါတယ်။ မြင်ကွင်းထဲက ပျောက်သွားတော့မှ ဟန်းဖုန်းကို ထုတ်ကာ တစ်စုံတစ်ယောက်ရဲ့ နံပါတ်ကို နှိပ်လိုက်ပါတယ်။ ခဏ ကြာတော့ လိုင်းဝင်သွားတဲ့ အသံနဲ့အတူ တစ်ဖက်မှ ထူးသံပေါ်ထွက် လာပါတယ်။

"ဟဲလို မောင်ရဲမာန်ပြော ဦးနားထောင်နေတယ်"

"ဟုတ်ကဲ့ဦး. . . သက်ဝေတော့ နည်းနည်းပျော့ပြောင်း လာပြီ"

"ဟုတ်လား ဒါဆို ဝမ်းသာစရာပေါ့"

"ကျွန်တော်လည်း အတတ်နိုင်ဆုံး ဖြောင့်ဖျလိုက်ပါတယ်"

"မောင်ရဲမာန်ကို ဦး ကျေးဇူးတင်ပါတယ်"

"ရပါတယ် ဦးရယ်၊ အစက ကျွန်တော်လည်း ယမင်းညို ကို အထင်လွဲခဲ့တာပဲ၊ သက်ဝေ မရောက်ခင် ဦးဖုန်းဆက်ပြီး ရှင်းပြ တော့မှ သေချာနားလည်ခဲ့တာ"

"ဟုတ်တယ် မောင်ရဲမာန်၊ သမီးလေး ယမင်းညိုဟာ သားကို တကယ်နင့်နင့်သီးသီးနဲ့ ချစ်ခဲ့တာ။ ဒါကို ဦးအသိဆုံးပါ ကွာ"

"ကျွန်တော်လည်း သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦးကို မကွဲ စေချင်ပါဘူး"

"အခု သား ဘယ်သွားလဲ"

"ပြန်မယ်လို့ ပြောတာပဲ"

"ဒါဆို ဦးဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့ ဦး"

ဦးသက်ပိုင် ဖုန်းချသွားတော့မှ ရဲမာန်လည်း ဟန်းဖုန်းကို ပိတ်ပြီး လွန့်လွန့်လေး ပြုံးလိုက်ပါတယ်။

မကြာခင်မှာ သူ့ရဲ့သူငယ်ချင်း သက်ဝေရဲ့အနာဂါတ်ဟာ လှပနေတော့မှာပါ။



## အခန်း(၁၃)

"မောင်သက်ဝေကို သမီးသွားတွေ့ရမယ်"

"ရှင်"

ဒေါ်ခင်မေသော်က အပြင်ကပြန်ရောက် ရောက်ခြင်း အမောတကောလေသံနဲ့ ပြောလိုက်တဲ့စကားကြောင့် ကုတင်ပေါ်မှာ လှဲနေတဲ့ ယမင်းညိုရဲ့ ခန္ဓာကိုယ်လေး သိသိသာသာ တုန်သွားတယ်။ သူမဟာချစ်သူကို အစဉ်အမြဲ သတိရတမ်းတနေသူပါ၊ ချစ်သူနဲ့ တွေ့ခွင့်ကို စက္ကန့်မလပ် မျှော်လင့်မိပါတယ်။ ခုလို တမ်းတမျှော်လင့် ချိန်မှာ ဖြုန်းစားကြီး ပေါ်ပေါက်လာတဲ့အခါမှာတော့ ဟန်ဆောင်ခြင်း တွေ ကင်းမဲ့သွားစေခဲ့တယ်။ ထို့ကြောင့် အိပ်ယာက လူးလဲထပြီး ကယောသောပါး ပြန်မေးမိတယ်။

"မေမေ တကယ်ပြောတာလားဟင်၊ မောင်က သမီးကို တွေ့မယ်တဲ့လား"

ဒေါ်ခင်မေသော်က ရင်နဲ့လွယ် မမွေးရပေမယ့် ငယ်ငယ် လေးထဲက ယုယပိုက်ထွေးပြီး ပြုစုခဲ့ရတဲ့ ယမင်းညိုမျက်နှာလေးကို ဂရုဏာသက်စွာနဲ့ ကြည့်ကာ. . . .

"မေမေ တကယ်ပြောတာပါ သမီး၊ အခုလေးပဲ ကိုပိုင် နဲ့ တွေ့လာခဲ့တာ၊ သူ့ရဲ့သူငယ်ချင်းတွေအားလုံးကလည်း ဝိုင်းပြီး နားချပေးကြတယ်"

"ဒါဆို မောင်က သမီးကို ခွင့်လွှတ်တယ်ပေ့ါ ဟုတ်လား မေမေ"

"အဲဒီလိုလည်း မဟုတ်သေးဘူး သမီး၊ အခုလောလော


ဆယ်တော့ မောင်သက်ဝေဟာ သမီးအပေါ် တင်းမာနေတုန်းပဲ”

“ဟင်. . . ဒါဆို. . ,”

ဒေါ်ခင်မေသော်က ညှိုးကျသွားတဲ့ သမီးဖြစ်သူရဲ့ ဆံပင်လေးကို ပွတ်သတ်ကိုင်တွယ်လိုက်ပြီး. . .

“သိပ်လည်း စိတ်ဓာတ်ကျမသွားနဲ့ သမီးရယ်၊ မတွေ့ ရတာထက်စာရင် တွေ့ခွင့်ရတာဟာ မျှော်လင့်ချင်တစ်ခု မဟုတ်လား၊ ပြီးတော့ ကိုပိုင်ကပြောတယ် မောင်သက်ဝေဟာ သမီးဆီက တောင်းပန် စကားနဲ့အတူ တကယ်ချစ်တာပါဆိုတဲ့ အဖြေကို မြင်ချင်နေတယ်တဲ့”

မိခင်စကားကြောင့် ယမင်းညိုရဲ့နှလုံးခုန်စက်တွေ ငုပ်ဆိုင်းသွား မလ ားထင်ရပါတယ်။ ဘဝတစ်ခုရဲ့ ရေစက်ကြောင့် မောင်ဆိုတဲ့ ချစ်သူတစ်ယောက်ကို သူမအရမ်းချစ်မိသွားခဲ့တယ်။ တစ်ချိန်ချိန် မှာလည်း ချစ်သူက သူမအပေါ် နားလည်လာလိမ့်မယ်လို့လည်း ယုံကြည်ထားပါတယ်။ ခုတော့ သူမရဲ့ ယုံကြည်ချက်တွေဟာ အာရုံဦးအလင်းရောင်လို ပေါ်ထွက်စပြုလာပါပြီ၊ သူမအမှားတွေအတွက် ချစ်သူရဲ့ခြေအစုံမှာ ဝပ်ဆင်းပြီး ချစ်သူကို တောင်းပန်ရမယ်။ အဲဒီအတွက် ကံကောင်းစွာနဲ့ ချစ်သူခွင့်လွှတ်နားလည်နိုင်ပါစေ။



## အခန်း(၁၄)

သူမရဲ့စိတ်တွေ ဆောက်တည်ရာမရ လှုပ်ရှားနေ ပါတယ်။ သူမကို အန်ကယ်သက်ပိုင်က မောင်ရှိတဲ့နေရာကို တိတိကျကျ သတင်းပေးထားသဖြင့် မကြာခင်မှာ မောင်နဲ့ တွေ့ရတော့မယ်။ ချစ်မြတ်နိုးတဲ့စိတ်ကြောင့် ခုန်နေတဲ့ရွှေရင်အစုံဟာ ကပိုကရဲနိုင် လှပါတယ်။ တကယ်ဆို မောင်ဟာ သူ့ရဲ့မိခင်ကို ချစ်မြတ်နိုးခဲ့သလို သူမကလည်း အသက်သခင်ကျေးဇူးရှင် မွေးစားမေမေကို ချစ်မြတ်နိုးခဲ့ပါတယ်။ ဒီလို မောင်နဲ့သူမ ဝေးကွာခဲ့ရတာဟာ မိခင်အပေါ် ချစ်မြတ်နိုးတဲ့ နှလုံးသားတွေကြောင့်ပါ. . . ။ ဒါကို မောင်သိရဲ့လား. . .

ချစ်သောမောင်
ကျွန်မကို ခြေရင်းခွင့်ပြုပါ
အို. . . ဘုရားသခင်
သမီးတော်ရဲ့ ချစ်ခြင်းအား သက်သေပြခွင့်ပြုပါ. . .

သူမ အတွေးတွေနဲ့ ကားမောင်းလာရင်း မောင့်ကို အမြန်ဆုံး တွေ့ချင်လာတယ်။ အရင်လိုပဲ မောင်ဟာ ချောမွေ့နေမှာပဲလေ။

သူမအတွေးတွေနဲ့အတူ မောင်ရှိတဲ့နေရာ ရောက်လာပါပြီ။ ထို့နောက် ဖွင့်ထားတဲ့ တံခါးကတဆင့် ခြံထဲကို ကားကွေ့ဝင်လိုက် ပါတယ်။

ဒီနေရာကို ပထမတစ်ခါက မောင်နဲ့အတူတူ ရောက်ဖူးခဲ့ပါတယ်။ မောင်ရဲ့စကားလုံးတွေကြားမှာ ပျော်ပါရင်း၊ မောင့်ရဲ့


အနမ်းတွေအောက်မှာ နစ်မြုပ်ခဲ့ဖူးတယ်။ အဲဒီတုန်းက သူမကို မောင်ဟာ လမ်းပေါ်က မိန်းကလေးတစ်ယောက်လို့ပဲ သတ်မှတ်ထားခဲ့တယ်။ ကြိုတင်ကြံစည်မှု တွေနဲ့အတူ မောင့်ရင်ခွင်ထဲကို ဝင်ရောက်လာသူမို့လို့ သူမရဲ့ဟန်ဆောင် ခြင်းက ပိရိလှပါတယ်။

တကယ်ချစ်သူတွေ ဖြစ်ကြတော့လည်း မောင်ဟာ သူမချစ်သလောက်ကို ပြန်ချစ်ခဲ့တယ်။ ပြီးတော့ တဖြည်းဖြည်းနဲ့ မိခင်အပေါ်မှာ ချစ်တတ်လွန်းအားကြီးတဲ့ မောင့်ရဲ့အတ္တတွေကိုလည်း တွေ့ခဲ့ရတယ်။

"မောင်"

မောင့်ကို သူမ မတွေ့သေးပေမယ့် ရင်ထဲကနေ တိုးတိုးလေး ခေါ်လိုက်ပါတယ်။ ခုအချိန်မှာသူမခေါ်တဲ့ မောင်ဟာ သူ့ရဲ့မိခင်ရှေ့မှာ ရှိနေလိမ့်မယ်။ သူမ ကားတံခါးဖွင့်ပြီး ဆင်းလာခဲ့ပါပြီ၊ ပြီးတော့ အိမ်ထဲကို ညင်သာ တိုးတိတ်စွာနဲ့ လှမ်းဝင်လိုက်ပါတယ်။ ခုအချိန်မှာ တစ်အိမ်လုံး ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ခြင်းနဲ့အတူ ခြံစောင့်ဦးလေးကြီးလည်း ပျောက်ဆုံးနေပါတယ်။

သူမအတွက် မောင်သာလျှင် ဘဝ၊ မောင်သာလျှင် အသက်ပါ။ မောင်သာ မရှိခဲ့လျှင် သူမဘဝ ဆက်လက်ရပ်တည်နိုင်စွမ်းလည်း ရှိနိုင်မှာ မဟုတ်ပေ။



"မောင်"
"ဟင်"
အခန်းထဲကို ဝင်လာပြီး ခေါ်လိုက်တဲ့အသံကြောင့် သက်ဝေမိခင်မျက်နှာကို ကိုင်တွယ်ပြီး ပါးစပ်ကနေ တတွတ်တွတ် ရေရွတ်နေရာမှ အလန့်တကြားလှည့်ကြည့်လိုက်တယ်။ သူမကို တွေ့တော့ ဆားနဲ့တို့တဲ့တီကောင်လို ခန္ဓာကိုယ်ဟာ ဆတ်ခနဲ တွန့်သွားပါတယ်။
ဒီနောက် သူမတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်ငြိမ် သက်သွားပါတယ်။ သက်ဝေဟာ အရင်လိုချောမွေ့ဆဲပါ၊ မျက်လုံး တွေဟာ ဝမ်းနည်း ကြေကွဲခြင်းကြောင့် လွမ်းဆွတ်ရီဝေနေပါတယ်။ မတွေ့ရတဲ့ရက်တွေမှာ သူတို့နှစ်ယောက်ဟာ တူညီတဲ့ခံစားချက် ကိုယ်စီနဲ့ပေါ့။
"မောင်"
ယမင်းညို ဒုတိယအကြိမ်ခေါ်ပြီး အခန်းထဲကို လှမ်းဝင် လိုက်ပါတယ်။ ထို့နောက် မတ်တပ်ရပ်နေတဲ့ သက်ဝေရဲ့ရှေ့မှာ ဖြည်းညင်း စွာနဲ့ ဒူးထောက်လိုက်ပါတယ်။ ပထမတော့ သက်ဝေဟာ အံ့သြသွားသလို သူမကို ကြည့်တယ်။ ပြီးတော့ မျက်နှာလွှဲသွားတယ်။ ဘာပဲဖြစ်ဖြစ် သူမဟာ ချစ်သူကို ချစ်တတ်လွန်းအားကြီးတဲ့ စံပြ အချစ်သူရဲကောင်းမလေး ဖြစ်နေပါပြီ။
"မောင်. . . ကျွန်မကို ခွင့်လွှတ်ပါမောင်၊ ကျွန်မဟာ မောင့်ရဲ့ ဘဝထဲကို ဟန်ဆောင်ခြင်းနဲ့ ရောက်လာခဲ့ပေမယ့် မောင့်ကို တကယ် ချစ်ခဲ့တာပါ။ လောကမှာ ချစ်တိုင်းမညား၊

ညားတိုင်းမချစ်ဆိုတဲ့ စကားရှိတယ် မောင်၊ အဲဒီအထဲမှာ ကျွန်မရဲ့ ချစ်ခြင်းတွေကို မြေမြှုပ်မပစ်လိုက်ပါနဲ့နော်၊ တကယ်လို့သာဥပေက္ခာ တရားတွေနဲ့အတူ မောင့်ဘက်က စိမ်းကားရက်စက်ဦး မယ်ဆိုရင် ကျွန်မဘယ်လိုနည်းနဲ့မှ အသက်ရှင်ရပ်တည်နိုင်မှာ မဟုတ်တော့ ပါဘူး။

ဒါကို မောင်သိရဲ့လား၊ ပြီးတော့ အချစ်စစ်၊ အချစ်မှန်ဆိုတာကိုဘယ်လိုစံတွေနဲ့ မောင်သတ်မှတ်ကိုင်းတာ ထားသလဲ၊ မိန်းမတစ်ယောက်ဟာ သူသိပ်ချစ်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်ရဲ့ရှေ့မှာ ဝပ်ဆင်းနေ တာကို ဟန်ဆောင်ခြင်း မာယာလို့ပဲ မောင်ထင်ဦးမှာလား၊ ခွင့်လွှတ်ပေးပါမောင်၊ ရန်သူတောင်မှ ဒူးထောက်အရှုံးပေးရင်ခွင့်လွှတ်ကျေအေးရပါ သေး ပါတယ်။ ကျွန်မဘဝမှာ မောင်တစ်ယောက်ထဲကိုပဲ အထင်ကြီး လေးစားခွင့် ရချင်တယ်။ မောင့်ရဲ့သဘောထားကြီးမြတ်မှုတွေရဲ့ အောက်မှာ တစ်သက်လုံး ခိုလှုံခွင့်ရချင်တယ်။ မောင်သာလျှင် ကျွန်မဘဝရဲ့ ကိုးကွယ်ရာဖြစ် ချင်တယ်။ ကျွန်မ ဟန်ဆောင်နေတာ မဟုတ်ပါဘူး မောင်၊ ပြီးတော့ ကျွန်မပြောတဲ့ စကားတွေဟာ မာယာတွေ ကင်းစင်ပါတယ်”

ယမင်းညို စကားကိုခဏရပ်ကာ သက်ဝေ့ရဲ့မျက်နှာလေးကို သေချာစိုက်ကြည့်လိုက်တယ်။ လျှို့ဝှက်စွာနဲ့ ငေးမောပြီး နားထောင်နေတဲ့ အမူအယာလေးက မြတ်နိုးနှစ်ခြိုက်စရာ ကောင်း လွန်းပါတယ်။ သူမဟာ ချစ်သူကိုစချစ်ထဲက အချစ်ရူးလေးရူး နေရသူပါ။

“မောင်”

ဒီတစ်ခါတော့ သက်ဝေဟာ ယမင်းညိုကို ၁ သာငဲ့ကြည့် တယ်။ သူ့ရဲ့ အကြည့်အောက်မှာ သူမနှလုံးသားတွေ တခဏငြိမ်သက် သွားပါတယ်။

"မောင်မပေးချင်တဲ့ 'အန်ကယ်သက်ပိုင်ကို မေမေအတွက် ကျွန်မ မတောင်းဆိုတော့ပါဘူး မောင်၊ နောက်နောင် မောင် စိတ်ဆင်းရဲစေမယ့် အပြုအမူအပြောအဆိုတွေကိုလည်း ရှောင်ရှား ပါ့မယ်လို့ ကျွန်မ ကတိပေးပါတယ်။ မောင်သိလားဟင်။ ခုဆို အန်ကယ် သက်ပိုင်နဲ့မေမေတို့ဟာ ရာသက်ပန်ယောဂီအဖြစ်နဲ့ တရားစခန်းဝင်ဖို့ ပြင်ဆင် နေကြပြီ၊ ငယ်ငယ်လေးထဲက မိဘမဲ့စွာ ကြီးပြင်းလာရတဲ့ ကျွန်မဘဝမှာ အားကိုးရာက မောင်တစ်ယောက်ပဲ ရှိတော့ပါတယ်။ ကျွန်မ မောင့်ကို သိပ်ချစ်တယ်"

ယမင်းညိုရဲ့ နောက်ဆုံးစကားက သက်ဝေရဲ့နှလုံးသားကို ထိသွားလို့ လှုပ်လှုပ်ရှားရှားဖြစ်လာပါတယ်။ အမှတ်တမဲ့ ကြည့်ရင် သက်ဝေရဲ့ လှုပ်ရှားမှုက စက်ရုပ်နဲ့တူနေပါတယ်။

"မောင် . . . ကျွန်မရဲ့ချစ်ခြင်းတရားနဲ့အတူ အားကိုးယုံကြည်မှုတွေကို မောင်လက်ခံပေးပါ၊ ကျွန်မဘဝမှာ ချစ်သူခြေရင်း ဝပ်ဆင်းခွင့်ရတဲ့ကောင်မလေးတစ်ယောက် ဖြစ်ချင်ပါတယ်"

"ယမင်းညို"

သက်ဝေခေါ်လိုက်တဲ့အသံဟာ နူးညံ့ပျော့ပြောင်းပေမယ့် အတ္တတစ်ချို့ပါနေတယ်။

"မောင် ဘာပြောချင်လဲ ဟင်၊ ကျွန်မ မောင့်ရဲ့စကားတွေကို နာခံနေပါတယ်"

"ငါ . . . ဒီမှာရှိမှန်း မင်းဘယ်လိုလုပ်သိသလဲ ယမင်းညို"

"ကျွန်မ မလိမ်ပါဘူး မောင်၊ အန်ကယ်သက်ပိုင်ပြောလို့ ကျွန်မသိခဲ့တာပါ"

"ဩော် . . . မင်းတို့အားလုံး ဒုတိယအကြိမ် ပူးပေါင်းပြီး ငါ့ကို လှည့်စားမလို့ပေါ့ ဟုတ်လား၊ ဒီမှာ ယမင်းညို မင်းအမေ

ဒေါ်ခင်မေသော်နဲ့ ဖေဖေကို ငါသဘောတူပြီးပြီ၊ ဒီတော့ ငါ့ဆီက မင်းလို ချင်တာ ဘာမှ မရှိတော့ဘူး”

ဟင်. . . မောင် ရက်စက်လှချည်လား၊ သူမရဲ့ ချစ်ခြင်း တရားတွေကို မောင်ဥပေက္ခာပြုဖို့ ကြိုးစားနေပြန်ပြီ။

“မဟုတ်တော့ဘူး မောင်၊ ကျွန်မ မောင့်ကို တကယ်ချစ်ခဲ့ လို့၊ မောင်ရဲ့အချစ်ကို လိုချင်ခဲ့လို့၊ မောင့်ဆီကို ကျွန်မလာခဲ့တာပါ။ ကျွန်မကို နားလည်ပါမောင်၊ ချစ်ခြင်းရဲ့နှိပ်စက်ခြင်းကို ခံနေရတဲ့ မိန်းကလေးတစ်ယောက်အတွက် အယူခံလေးတော့ ရှိသင့်ပါ တယ်”

“အဟင်း. . . မင်းရဲ့မာယာ ကကွက်က လှပါတယ်။ ပြောတဲ့ စကားလုံးတွေကလည်း လွမ်းစရာကောင်းပါတယ်။ ဒါပေ မယ့် ငါဟာ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခြင်းခံရသူပါ၊ ငါ့ရဲ့အချစ် ကိုလည်း အသုံးချ ပစ္စည်းတစ်ခုလို မင်းက သဘောထားခဲ့တယ်။ အားလုံးကို ငါ မမေ့သေးဘူး ယမင်းညို ယောကျ်ားတိုင်းဟာ သူတို့ရဲ့ ချစ်သူကို ချစ်တတ်ကြတယ်။ သူတို့ ချစ်သူနဲ့သာလျှင် ဘဝတစ်ခုကို ထူထောင်ချင်ကြတယ်။ ငါ မင်းကိုချစ်ခဲ့တာဟာ အားကိုးရာမဲ့နေတဲ့ လမ်းပေါ်က မိန်းကလေးတစ်ယောက်အဖြစ်နဲ့ပါ၊ ကြိတ်ကြိတ်တတ် ကြွယ်ဝချမ်းသာတဲ့ ဒေါ်ခင်မေသော်ရဲ့ မွေးစား သမီးကို မဟုတ်ဘူး၊ ဒါကို မင်းသိရဲ့လား၊ ကဲ. . မင်းပြန်တော့၊ နောက်နောင် ငါနဲ့ပတ်သက်ဖို့ ဘယ်တော့မှ မကြိုးစားပါနဲ့”

“ဟင် မောင်. . . ကျွန်မစကားကို နားမထောင်ဘူးလား ဟင်၊ ဒီအတိုင်းပဲ ကျွန်မကို ထားခဲ့တော့မှာလား၊ မောင်သာမရှိရင် ကျွန်မဘယ်လိုလုပ် အသက်ရှင်ရပ်တည်နိုင်မလဲ၊ ဒါကို မောင်သေ ချာစဉ်းစားပါ”

“ငါ စကားကို နှစ်ခွန်းမပြောချင်ဘူး. . . ယမင်းညို၊ အရာအားလုံးဟာ တိတ်တိတ်လေးပြီးဆုံးသွားတဲ့နောက် ကိုယ့်

လမ်း ကိုယ်လျှောက်ကြတာ အကောင်းဆုံးပဲလို့ ငါထင်တယ်"

"ဒါ မောင့်ရဲ့တစ်ဖက်သတ် ဆုံးဖြတ်ချက်လား"

"ဟုတ်တယ် မင်းထင်ချင်သလို ထင်လို့ရတယ်"

ယမင်းညို မျက်ဝန်းထဲက မျက်ရည် ကြည်ဥတွေ လိမ့်ဆင်းလာပါတယ်။ ရင်ထဲမှာတော့ ဝမ်းနည်းကြေကွဲခြင်းထက် အဆပေါင်းများစွာ ပိုတဲ့ခံစားချက်တွေ ရှိနေပါတယ်။ ထို့နောက် တည်ငြိမ်အေးစက်သွားတဲ့ ချစ်သူမျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး လွယ်ထားတဲ့ စလင်းဘက်အိတ်ထဲမှ အသစ်စက်စက် စတီးဓားလေး တစ်ချောင်းကို ထုတ်လိုက်တယ်။ ဒါဟာ သူမရဲ့ နောက်ဆုံး သက်သေပါ၊ ချစ်သူသာလျှင် သူမရဲ့အသက်လို့ ခံယူထားသူမို့ အချစ်မရှိတဲ့ဘဝမှာ သူမ အသက်လည်း မရှင်ချင်တော့ပေ။

"မောင်. . . ကျွန်မ နောက်ဆုံးအနေနဲ့ မောင့်ကို မေးမယ်။ တကယ်ပဲ ကျွန်မကို စွန့်လွှတ်တော့မှာလား"

သက်ဝေဟာ သူမလက်ထဲက ပြောင်လတ်နေတဲ့ စတီးဓားလေးကို ကြည့်ပြီး မဲ့ပြုံးပြုံးလိုက်လို့ ရင်ထဲမှာ နာကျင်သွားပါတယ်။

"မောင်. . . ကျွန်မမေးတာကို ဖြေပါ"

"မင်းက ဓားကိုင်ပြီး ငါ့ကိုခြိမ်းခြောက်နေတာလား ယမင်းညို"

"ကျွန်မ သေရဲပါတယ် မောင်"

ယမင်းညိုပြောပြီး ဓားကို နှလုံးသားတည့်တည့် ချိန်ရွယ်လိုက်ပါတယ်၊ အဲဒီအထိ သက်ဝေဟာ သူမကို မမှိတ်မသုန် စိုက်ကြည့်နေတုန်းပဲ။

"မောင်. . . ကျွန်မမေးတာ ဖြေပါ"

ဒီတစ်ကြိမ်တော့ သက်ဝေလှုပ်ရှားလာပါပြီ။ ဘာကြောင့် လည်းဆိုတော့ သူမရဲ့နှလုံးသားနဲ့ ဓားသွား နီးကပ်နေလွန်းလို့ပါ။

သူမဟာ သူ့ကိုတကယ်ချစ်တယ်ဆိုတာ အမှန်ပဲလား။ အဲဒီအချိန်မှာပဲ ရဲမာန်စကားကို ပြန်ကြားယောင်လိုက်တယ်။

"ယမင်းညိုဟာ မင်းကိုတကယ်ချစ်တယ်ဆိုတာ ငါယုံတယ်သက်ဝေ၊ ဘာကြောင့်လဲဆိုတော့ မင်းနဲ့ပတ်သက်ပြီး ငါသတ်ရင်တောင် သေရဲပါတယ်ဆိုတဲ့ ယမင်းညိုစကားတွေဟာ နှလုံးသားထဲက ဖော်ကြူးလိုက်တဲ့ အချစ်သံစဉ်တွေမှန်း ခံစားလိုက်ရလို့ပဲ"

သက်ဝေခေါင်းကို ခါယမ်းလိုက်ပြီး သူမကိုထပ်ကြည့်လိုက်တော့ အချစ်ကြောင့်ဖြစ်ပေါ်လာတဲ့ မာနရောင်တွေက တလက်လက်တောက်ပလို့ အရာအားလုံးထက်ကြီးကျယ်မြင့်မြတ်တဲ့ အချစ်တွေကို ယူပေးပြီးပြီ။ အဲဒီအတွက် သူ. . ရ. . . ရှိ. . . လိုက်. . . တာ. . . က. . . တော့. . . .

"ချလွမ်း"

သူမကိုင်ထားတဲ့ စတီးဓားလေးလွတ်ကျသွားတဲ့အသံပါ၊ ထို့နောက် တစ်ခဏအတွင်းမှာပဲ ယမင်းညိုဟာ သက်ဝေ ရဲ့ရင်ခွင်ထဲကို ရောက်ရှိ သွားပါတယ်။

"ကျွန်မ မောင့်ကို သိပ်ချစ်တယ်ဆိုတာ ယုံပြီပေါ့နော်"

သူမသက်ဝေ့ကိုတင်းတင်းဖက်ကာ တိုးတိုးလေး မေးလိုက်ပါတယ်။ ဒါပေမယ့် သက်ဝေဟာ သူမမေးခွန်းကို ပါးစပ်ကနေ ပြန်မဖြေဘဲ အနမ်းပွင့်လေးတွေနဲ့ သက်သေပြလိုက်တယ်။

ခုတော့ သူမဟာ ချစ်သူရဲ့အနမ်းပွင့်လေးတွေအောက်မှာ မိန်းမောရင်း. . .

အို ချစ်လိုက်တာမောင်ရယ်။

ဒီအဖြစ်အပျက်လေးရဲ့
နောက်ပိုင်းမှာတော့.......

## အခန်း(၁၅)

တရားရုံးလေးတစ်ခုမှာပါ။

သူတို့အားလုံးရဲ့မျက်နှာမှာ အပြုံးတွေနဲ့ လန်းဆန်းနေကြပါတယ်။ မကြာခင်မှာလည်း သူတို့စောင့်မျှောင်နေတဲ့ လူနှစ်ယောက် ရောက်လာကြပါတော့မယ်။

ဟိုအချိန်မှာပဲ အငှားကားလေးတစ်စီးက တရားရုံးထဲ ဝင်လာပါတယ်။ ထို့နောက် ကားတံခါးဘက်ဆီပွင့်သွားပြီး ကားပေါ်မှ လူနှစ်ယောက် ဆင်းလာပါတယ်။

ပြီးတော့ တည်ငြိမ်တဲ့ခြေလှမ်းတို့နဲ့ စောင့်မျှော်နေသူတွေဆီကို လျှောက်လာခဲ့ပါတယ်။

သူတို့ကိုမြင်တော့ အားလုံးပဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါတယ်။ တရားသူကြီးက လူစုံသွားပြီဖြစ်တဲ့အတွက် လက်ထပ်စာချုပ်နှစ်ခုကို ချစ်သူနှစ်ယောက်ရှေ့ ချပေးပြီး လက်မှတ်ထိုးခိုင်းလိုက်ပါတယ်။ ပြီးတော့ အသစ်စက်စက် ဇနီးမောင်နှံနှစ်ယောက်ကို ကြည့်ပြီး ဆုံးမဩဝါဒ ပြောပါတယ်။

အားလုံးပြီးဆုံးသွားတဲ့အခါမှာတော့ သူတို့အားလုံး တရားရုံးမှ ပြန်ထွက်လာခဲ့ကြပါတယ်။

ခုတော့ ဦးသက်ပိုင်နဲ့ ဒေါ်ခင်မေသော်တို့မှာ ဖြစ်စေချင်တဲ့ဆန္ဒပြီးမြောက်သွားတဲ့အတွက် ရင်တစ်ခုလုံး အေးမြကြည်လင်သွားပါတယ်။

ထို့အတူပါပဲ. . .

ရဲမာန်နဲ့ မင်းခန့်တို့ကလည်း ချစ်သူနဲ့ ပြန်လည်ဆုံစည်းခွင့်

ရတဲ့ သူငယ်ချင်းဖြစ်သူအတွက် ဝမ်းသာနေကြပါတယ်။

တရားရုံးအပြင်ဘက်ရောက်တဲ့အခါမှာတော့ သက်ဝေနဲ့ ယမင်းညိုတို့က အေးချမ်းတည်ငြိမ်ပြီး အနှောင်အဖွဲ့မှ လွတ်ကင်းသွားတဲ့ မိဘနှစ်ပါးကို ကန်တော့လိုက်ကြပါတယ်။

ပြီးတော့ အငှားကားနဲ့ရိပ်သာစခန်းဆီကို ပြန်ထွက်သွားတဲ့ မိဘနှစ်ပါးကိုကြည့်ကာ တစ်ယောက်လက် တစ်ယောက် ဆုတ်ကိုင် လိုက်ကြပါတယ်။

ခုတော့ သူတို့အားလုံး ပျော်ရွှင်နေကြပါပြီ။

ရိုးသားစွာ

ကြိုးစားလျက်

**နေခ**